www.burmeseclassic.com


BURMESE CLASSIC

လိုင်စာပေ

မြပုလဲခင်

လုံးချင်းဝတ္ထုသစ်

# ညှို့ငင်တတ်သော



Concept & Creation: Myat Thu Ya

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၀၃/၂၀၀၄ (၃)
အဖုံးခွင့်ပြုချက်အမှတ် - ၄၂၆/၂၀၀၄ (၄)
မျက်နှာဖုံးပန်းချီ - ကိုခြတ်သူရ
ကွန်ပျူတာစာစီ - Asia Glory
ပထမအကြိမ်
ဩဂုတ်လ -
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၃၀ ကျပ်



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံထော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း(၁)





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

အခုတလော ဦးအောင်နိုင်ရင်ထဲ ခိုးလိုးခုလုနှင့်ဘဝင်မကျနိုင်အောင်ဖြစ်နေမိလေသည်။

အလုပ်ထဲ စိတ်မဝင်စားဘဲ အပေါင်းအသင်းများနှင့်သာ အချိန်ကုန်၊ ငွေကို ရေလိုသုံးနေသော သားအတွက် ရတက်မအေးနိုင်အောင် ဖြစ်နေမိသည်။

ဒီကြားထဲ 'ကုမ္ပဏီရုံးခန်းကို လိုက်မလာပါနဲ့ မင်း ပုံပျက်ပန်းပျက်ကြီးက ဖေဖေ့ရဲ့ဂုဏ်သိက္ခာတွေကို အစိပ်စိပ် အမွှာမွှာ ကျိုးပဲ့စေလွန်းလို့ပါ'ဟု သူ အတန်တန်တားမြည့်ကြားက ရောက်လာသည်။

ခုလောလောဆယ်ပဲ သူ့မိုဘိုင်းဖုန်းက တစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ့ သား အောက်ထပ်ရောက်နေပြီ အသပြာသုံးစွဲရင်း ပြတ်တောက်သွားလို့ ဘဏ်မှာလာထုတ်ပြီး အချိန်ကုန်သက်သာသွားအောင် ဖေဖေ အသင့်ပြင်ဆင်ထားပေးပါ မဖေဖေ'

'ဘယ်လောက်လဲ'

အစည်းအဝေးခန်းက ထွက်လာသဖြင့် တော်သေးသည်။ ဒီကောင့်အကျင့်က လူရှေ့သူရှေ့မရှောင် ဖွတ်လှူဆိုးလုပ်တတ်သည်။

'ငါးခုထဲပါ'

'ငါးသောင်းလား'

သိသိနှင့် တမင် ကျီစယ်ကာ မေးလိုက်သည်။ သားအပေါ် ဘဝင်မကျနိုင်သော်လည်း ငယ်စဉ်ကတည်းက မိတဆိုးဖြစ်၍ အချစ်ပိုကာ အလိုလိုက်ထားသည်။ သားမျက်နှာအညိုမခံ။ သားမျက်နှာညိုလျှင် သူ မနေတတ်။ ဒါကြောင့်လည်း သားက သူ့အပေါ် ဆိုးနွဲ့ကာ အနိုင်ယူနေခြင်းဖြစ်မည်။

'ဟာ ဖေဖေကလည်း သိရဲ့သားနဲ့. ဒါပဲနော် သားအခု ဖေဖေရုံးခန်းလာဖို့ ဓာတ်လှေကားထဲ ရောက်နေပြီ'

သားတော်မောင်က ဖုန်းခလုတ်ကို ဦးအောင် ပိတ်





လိုက်သည်။ သူက ဖုန်းမှInter Con:ဖြင့် တူတော်မောင် ထင်ရှားကို လှမ်းခေါ်လိုက်သည်။

'ထင်ရှား'

'ဗျာ လေးလေး'

'မင်းညီတော်မောင်အတွက် ငွေငါးသိန်း ထုတ်ပေးလိုက်စမ်းပါကွာ'

'မနက်ကပဲ ယူသွားသေးတယ်'

'ပေးလိုက်စမ်းပါကွာ ထုတ်ခဲ့လိုက်။ သူအသုံးလိုလို့ဖြစ်မှာပေါ့'

'ဪ လေးလေး. . ဦးတိုက်နဲ့ ဦးမိုးယံ နှစ်ယောက်စလုံးက အကယ်ဒမီတွေ မွေးထုတ်နေလို့ အပြိုင်အဆိုင်ပဲဝေခွဲရခက်နေရင် ဖိုးသားကို မေးကြည့်လိုက်ပါလား။ သူကလိုင်းစုံတယ်'

သူ ဘဝင်မကျနိုင်သောလုပ်ငန်းတစ်ခု ခေါင်းထဲသို့ပြန်ရောက်လာသည်။

'ဖေဖေ'

တံခါးမခေါက်ဘဲ အသံမပြုဘဲ ဝင်လာသည်။ ဝတ်ထားသည်က ကိုးရိုးကားယား၊ ဆံပင်က နီကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



အလယ်ခွဲဘုတ်သိုက်။ အင်္ကျီကလည်း ကြောင်ကြောင်ကျား ကျား။ ဘောင်းဘီကလည်း ပွလိုက်သည်မှ နောက်တစ်ထည် ထပ်ချုပ်၍ ရသေးသည်။

အမေ၏ချောမောသောရုပ်အဆင်းရူပကာနှင့် ဖခင် ၏ခန့်ညားသောအသွင် မြင့်မားသောအရပ်ကို ပိုင်ဆိုင်ထား ရှိမှုမက ဖြူဝင်းသောအသားအရည်က သား၏အလှကိုပို၍ တောက်ပစေသည်။ သို့သော် ထိုလှပခန့်ညားသော သူ့ရုပ် အင်္ဂါအဆင်းတို့သည် သူ၏ သရုပ်ပျက် ဝတ်စားဆင်ယင်မှု အောက်ဝယ် မှေးမှိန် ပျောက်ကွယ်သွားသယောင် ဖြစ်နေ သည်။ ဦးအောင်နိုင် သက်ပြင်းချလိုက်ပြီး

'ဝင်မယ်ဆိုရင် တံခါးလေး ဘာလေးခေါက် အသံ လေး ဘာလေးပြုဦးမှပေါ့ ဖိုးသားရယ်'

'ဟာ . . ကိုယ့်အဖေအခန်း ကိုယ်လာတာပဲ ဒါတွေ ဟာ အပိုအလုပ်တွေပါ။ ဘယ်မှာလဲ ဖေဖေ သားမှာထားတဲ့ အသပြာ'

အဖေဘေးနားကပ် လက်ဝါးဖြန့်ခံသည်မှာ ငယ်ငယ် ကတည်းကမပြောင်းလဲသောအကျင့်ပင်။ ဒါတောင် အသက် အစိတ်ရှိလာပြီး ကွန်ပျူတာနှင့်ကျောင်းပြီးသွား၍ အဖေပေါင်





ပေါ် တက်မထိုင်တော့ခြင်းဖြစ်သည်။ အသက် ၂၀လောက် အထိ အဖေပေါင်ပေါ် တက်ထိုင်တတ်တုန်း ဖြစ်သည်။

ယခုထက်ထိတော့ အဖေ၏နှစ်ယောက်အိပ်ကုတင် ကြီးပေါ်၌ စိတ်လိုလျှင် လိုသလို လာအိပ်တတ်သေးသည်။

ဒီအရွယ်အထိ မရင့်ကျက်နိုင်သေးသဖြင့် သူ့ စိတ် မောနေရခြင်းဖြစ်သည်။

'ဘယ်လိုလဲ ပါပါ ဒယ်ဒီ ဖေဖေ လက်ညှောင်းလှပြီ။ လက်ညှောင်းခဲ အသပြာ ပိုတိုးတောင်းလိုက်မှာနော်'

'ထင်ရှား ယူလာပါလိမ့်မယ်ကွာ။ ထိုင်စမ်းပါဦး ဖိုး သားရယ်'

'ထိုင်ရမှာ ညှောင်းတယ် ဖေဖေရာ ကိုကို့ဆီ လိုက် သွားရမလား'

'မလိုက်နဲ့ သူ့ရုံးခန်းမှာဆိုရင် လူတွေများတယ်။ မင်း ပုံစံကြီးနဲ့လား'

ထိုစဉ် ထင်ရှားထံမှ ဖုန်းခေါ်သံထွက်လာသည်။

'လေးလေး ဦးတိုက် ရောက်လာပါပြီ၊ ခေါ်ခဲ့ရမလား'

'ခေါ်ခဲ့လေ . . မင်းညီတော်မောင်အတွက်ပါ တစ်ခါ တည်းယူခဲ့နော်။ ဒီမှာ တောက်တဲ့ကပ် ကပ်နေပြီ။ အသပြာ



www.burmeseclassic.com

www.burmeseclassic.com



မိုးမရွာမချင်း ခွာမယ့်ကောင်မဟုတ်ဘူး'

'ဟုတ်ကဲ့ ယူလာခဲ့ပါ့မယ်'

ဦးအောင်နိုင်က ထင်ရှားနှင့် ပြောအပြီးတွင် သားတော်မောင်ကို လှမ်းကြည့်လိုက်သည်။ သားက သူ့ရုံးခန်းကို လှည့်ပတ်ကြည့်နေရာက

'ဖေဖေ ဒါ ဘယ်မှာဆောက်မလို့လဲ'

လုံးချင်းဟိုတယ်ပုံစံကို ကြည့်ကာ မေးလိုက်သည်။ သူ့မျက်ဝန်းဝယ် ထူးဆန်းနေသယောင်ယောင်ရှိသည်။

'အင်းလေးမှာလေ သား ဒါကြောင့် ရေပေါ်ဟိုတယ်ဆိုတော့ ပေါ့ပေါ့ပါးပါးပုံစံတွေ ချထားတာ'

'ဩော် နိုင်ငံခြားပစ္စည်းတွေ မသုံးဘဲ မြန်မာ့သဘာဝ အရင်းအမြစ်တွေချည်းပဲ သုံးပါလား ဖေဖေ'

သူ သားကို အံ့အားသင့်သွားသည်။ သားကိုယ်ပေါ်မှာ ပြည်တွင်းဖြစ်ဆိုလို့ မိမွေးတိုင်းဖမွေးတိုင်း ခန္ဓာကိုယ်ကလွဲ၍ကျန်တာမရှိချေ။ ထိုသူ့ပါးစပ်မှထွက်လာသောစကားမှ ဟုတ်ပါလေစဟု။ ထိုအခိုက်အတန့်၌ပင် တံခါးမှထင်ရှားက အသံပြုကာ ဧည့်သည်နှစ်ဦးနှင့်အတူ ဝင်လာလေသည်။

'ဟား လေးစားပါတယ်။ အကယ်ဒမီ နှစ်ထပ်ကွမ်း





ဒါရိုက်တာကြီး ဦးတိုက်ပါလား။ လေးစားပါတယ်'

သားတော်မောင်က လက်နောက်ပစ်ပြီး ဦးညွတ်ကာ နှုတ်ဆက်စကား ဆိုလိုက်သဖြင့် ဦးအောင်နိုင်မှ ဒါရိုက်တာ ဦးတိုက်ကို မျက်နှာပူမိလေသည်။ သား၏ အပြုအမူသည် ပေါ့ပျက်ပျက် ရွှတ်နောက်နောက်စတိုင်လ်ဟု သူယူဆသောကြောင့် ဖြစ်သည်။

'ဟဲ့ ဖိုးသား လူကြီးကို'

'လူကြီးမို့လို့ သားက လေးလေးစားစားဦးညွတ်ဂုဏ်ပြုတာပဲ ဖေဖေ ဘာဖြစ်လို့လဲ'

ပီတိ ကလေးတစ်ဦးလို သူ ဘာမှ မသိနားမလည်သောမျက်နှာပေးဖြင့် အဖေကိုကြည့်ကာ မေးလိုက်ပုံကြောင့် ဦးအောင်နိုင်ပြုံးကာ

'ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဘာမှ မဖြစ်ပါဘူး။ ဆရာ ထိုင်ပါ'

ဦးအောင်နိုင် ဆိုဖာဆက်တီ၌ဦးတိုက်ကိုဧည့်ခံလိုက်သည်။ ဦးတိုက် မျက်လုံးက တစ်နေရာသို့ ရောက်နေသည်။

'ကိစ္စက ဒီလိုဗျ'

သူ စကားစလို့ မရသေး။ ဦးတိုက်က သူ့ကို ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့နောက်ကျောဘက်သို့အာရုံစုစည်းစူးစိုက်ကာ ကြည့်နေလေသည်။ သူ နောက်သို့ ငဲ့စောင်းကြည့်လိုက်သည်။ သူ့သားတော်မောင်နှင့် ထင်ရှား။

သားတော်မောင်က ထင်ရှားလက်ထဲမှငွေစက္ကူအုပ်လိုက်တွေကိုနှိုက်ယူကာ တစ်အုပ်ချင်းကို သူဝတ်ဆင်ထားသော အင်မတန်ကြီးမားသည့်ဘောင်းဘီမှများပြားလှသော အိတ်ကပ်များသို့ တစ်အုပ်ချင်းစီထည့်ရင်း အလုပ်များနေသည်။ နှုတ်ကလည်း ဆီမန်းမန်းသလို

'ကိုကို. . သားမှာ ရှိသမျှ အိတ်ကပ်တွေ ဆန့်သလောက်ပေးရမှာဗျ လိုရင် နောက်တစ်ခါ ထပ်လာလို့ ကိုကိုတို့ပဲ အလုပ်ရှုပ်ရမှာ'

'ဟ ကိုကို ငါးခုပဲ ယူလာတာ'

'မရဘူးဗျာ လိုရင် အိမ်မှာပြန်ယူ ကိုကိုက သော့ကိုင်ပဲ'

ရှိသမျှအိတ်ကပ်က၇ခု။ ဘုရားရေ။ သွားပြန်ပြီခုနစ်သိန်းဟု ဦးအောင်နိုင်ဘုရားတ,ရင်း သား၏အပြုအမူများကိုချစ်စနိုး ငေးကြည့်နေသည်။ ဒီကောင်က ချစ်စရာကောင်းသည်။ ချစ်မွေးပါသည်။ သူ ဘယ်လောက်ဆိုးဆိုးတေတေ





တစ်အိမ်သားလုံးက ဝိုင်းချစ်ကြသည်။ အလိုလိုက်ကြသည်။

ဒါကြောင့်လည်း ဒီကောင်ဆိုးနေခြင်းဖြစ်သည်။

သူလိုချင်တာလည်း ရရော အစ်ကိုဖြစ်သူ ပါးကိုဆွဲလိန်ပြီးပြေးထွက်သွားလေသည်။ အဖေနှင့်ညှိသည်ကို နှုတ်ဆက်ရကောင်းမှန်းမသိတော့။ထင်ရှားက မျက်နှာရဲပြီးကျန်ရစ်ခဲ့လေသည်။ ဦးတိုက်က သူ့ရုံးခန်းအတွင်းမှ သားတော်မောင်ပျောက်ကွယ်သွားမှ အသံစတင်ထွက်လာသည်။

'သူ သူက ဘယ်သူလဲဗျ'

'ကျွန်တော့်သားလေ'

သားအတွက် ဂုဏ်ယူဝံ့ကြွားစွာဖြင့် မပြောရဲသော်လည်း ဖခင်တစ်ယောက်၏ မေတ္တာဖြင့် ရဲဝံ့စွာ ဝန်ခံလိုက်သည်။

'မိတဆိုးတစ်ဦးတည်းသောသားမို့လို့ဗျာ နည်းနည်းတော့ဆိုးချင်တယ်ဗျ ဒါပေမယ့် ရမ်းရမ်းကားကားမရှိပါဘူး'

'ကျွန်တော်တော့ သဘောကျသွားပြီ ဦးအောင်နိုင်'

'ဗျာ'

သူ နားမလည်ဟန်ဖြင့် ဒါရိုက်တာဦးတိုက်ကိုကြည့်လိုက်သည်။ ဦးတိုက်က



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရဲ့ အင်းလေးက ရေပေါ်ဟိုတယ်လုပ်ငန်း အတွက်အခြေခံပြီးရိုက်ချင်တဲ့ကား ဗီဒီယိုဒီဗီဒီရုပ်ရှင်ကားကြီး အတွက် မင်းသားအခက်အခဲရှိနေတယ် မဟုတ်လား'

'ဟုတ်တယ် မြန်မာပြည်မှာ မင်းသားရှားခေတ်မဟုတ်လားဗျာ။ ဒါပေမယ့် မင်းသမီးလည်း ရှားတာပဲဗျ'

'မင်းသမီးကိုတော့ ဘော့စ်က ဘယ်သူ့ကိုလျာထားလို့လဲ'

'ထင်ရှားလေ. . သူသဘောကျတဲ့ မင်းသမီး သွန်းနံ့သာခင်ကို လျာထားတယ်'

'သွန်းနံ့သာခင်. . အင်း. . ကျွန်တော်လည်း သူ့ကိုသဘောကျတယ်။ ရုပ်ချောတယ်။ အရုပ်မြင့်တယ်။ သူနဲ့တွဲဘက်ညီတဲ့ အရုပ်မြင့်မြင့်မင်းသားတွေက ရှားတယ်။ ရှိတာတွေက အသက်ကြီးကုန်တော့ အစ်ကိုခန်းအဖေခန်းရောက်ကုန်ပြီ။ ခင်ဗျားသား အရုပ်အမောင်းနဲ့ဆိုရင် သူနဲ့လိုက်ဖက်ညီတယ်။ အကယ်ဒမီမင်းသမီးဆိုတော့ ခင်ဗျားသားကိုလက်တွဲခေါ်နိုင်တယ်'

'ခင်ဗျားတို့က ကျိန်းသေတွက်နေတာကိုး ဒါရိုက်တာကြီးရယ်။ ကျွန်တော့်သားက ဂျစ်ပစီဗျ ရွက်ကျပင်ပေါက်လို့





ကျတဲ့နေရာမှာ အပင်ပေါက်ချင်တဲ့ ကောင်မျိုး။ အလုပ်အံကိုင်လည်း မယ်မယ်ရရမလုပ်။ ခုထက်ထိ ကလေးလိုပဲ အနှောင်အဖွဲ့နဲ့နေနိုင်မှာမဟုတ်ဘူး မဖြစ်ပါဘူးဗျာ'

'ဘော့စ်ရဲ့သားကို မေးကြည့်ပါဦးလား။ သူ သီချင်းတွေ ဘာတွေ ကာရာအိုကေတို့ ဘာတို့ မဆိုဘူးလား'

'ဆိုပါတယ်။ သူငယ်ချင်းတွေနဲ့တော့ ဆိုနေတာပဲ မဖြစ်ပါဘူးဗျာ။ အခြားမင်းသားကိုသာ စဉ်းစားပါ'

'အေးဗျာ ကျွန်တော်ကလည်း ဒါရိုက်တာပီပီ မြင်မြင်သမျှ သရုပ်ဆောင်နေရာ အစားထိုး ကြည့်ကြည့်နေမိပြီထင်ပါရဲ့ဗျာ။ ဒါပေမယ့် ခင်ဗျားသားက ဓာတ်ပုံစားမယ့်ရုပ်ဗျ။ လူချောချော ဆွဲဆောင်မှုတော်တော်ရှိတဲ့ ရုပ်မျိုးဗျ'

'ဒါတော့ ဟုတ်တယ်ဗျာ လူကသာ ဘာမှ မဟုတ်သေးတဲ့ကောင်ကို လာလိုက်တဲ့ဖုန်းတွေက တဂွမ်ဂွမ် မိန်းကလေးတွေ အများဆုံးပါပဲ'

'ရုပ်က ဖြောင့်တာကိုးဗျ'

'သူနဲ့ ကျွန်တော်တို့ ထပ်တွေ့ချင်သေးတယ်ဗျာ'

ဦးတိုက်၏ဧည့်သည် ကိုမောင်မောင်ဆွေက ဝင်ပြောလိုက်ရာ ဦးအောင်နိုင် အတော်လေး ခေါင်းစားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သား၌ ဝါသနာပါနေသော ဗီဇအမြုတေ မျိုးစေ့က တော့ ရှိကိုရှိရမည်။

သူ့သား ဘာဝါသနာပါလဲ။ သူ ပင့်သက်ရှိုက်လိုက်မိသည်။ သားသည် ဂေါ်ဖ် ကစားမည်ဆိုတုန်းက ဂေါ်ဖ်အိတ်တွေဝယ်၊ ဂေါ်ဖ်ကွင်းမျိုးစုံ၌ကစား၊ ကုန်လိုက်သည့်ပိုက်ဆံက သောက်သောက်လဲ။ နောက်တော့ ဘောလုံး၊ နောက်. . ကြက်တောင်၊ ရေကူး၊ မြင်းစီး စုံလို့. . ။

တစ်ခါမှတော့ ဖခင်အလုပ်ကို စိတ်မဝင်စား။ စာတော့ ဖတ်သည်။ ဂျာနယ် မဂ္ဂဇင်း ဆိုလျှင် ပြည်တွင်းပြည်ပ အလွတ်မပေးတတ်။ အခွေလည်း ကြည့်သည်။ ကာရာအိုကေဆိုသည်။ ဂီတာတီးသည်။ အဲဒီအလုပ်ကတော့မပြောင်းလွဲ။

'ဘယ်လိုလဲ ဘော့စ် ကျွန်တော်တို့နဲ့ ပေးတွေ့နိုင်မလား'

ဦးတိုက်ကပါ ပြောလာပြန်သဖြင့် သူက

'ကျွန်တော် သားနဲ့ ဒီည အရင်ဆွေးနွေးကြည့်ပါဦးမယ် ပြီးမှ စကားပြန်မယ်'

'ဒီလိုဆို မင်းသားစရိတ် လျှော့သွားနိုင်တယ်'





'သူ့ကို သုံးရင် ကျွန်တော့်အတွက်တော့. . မှန်းထားတာထက် အဆတစ်ရာ ပိုကုန်သွားမှာ ကျိန်းသေတယ်'

'ဒါကတော့ဗျာ ဘော့စ် ရှာသမျှ ပိုက်ဆံဟာ သူ့အတွက်ပဲ မဟုတ်လား'

'ဒါတော့ ဒါပေါ့ဗျာ။ ဒါပေမယ့် သူ့ဘဝကို ရည်မှန်းချက်တစ်ခုတော့ ထားစေချင်ပြီဗျာ။ စွဲမြဲတဲ့ အလုပ်တစ်ခုကို လုပ်စေချင်ပြီ'

'ဖြစ်လာရမှာပါ ကျွန်တော်တော့ သူ့အရည်အသွေးကို မြင်နေတယ်။ ဟိုမှာကြည့်ပါဦး ခင်ဗျားသားဓာတ်ပုံ မျက်လုံးက ညို့ဓာတ်ပါတယ်။ နှုတ်ခမ်းက ပိရိပြီး လုပ်မယ်ဆို ပီပြင်အောင်လုပ်မယ့် ရုပ်မျိုး။ မျက်နှာမှာ အကြည်ဓာတ် အလင်းဓာတ်ရှိတယ်ဗျ။ ကျွန်တော်တို့ ရုပ်ရှင်အနုပညာမျက်လုံးနဲ့ကြည့်ရင် မာန်ပါတဲ့ရုပ် ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ရုပ်မျိုး သူဌေးသားရုပ်မျိုး'

'အင်း. . ဒါကြောင့် မီးရောင်စုံ အပူဒဏ် လေဒဏ် မိုးဒဏ်တွေကို ခံနိုင်ပါ့မလားလို့လဲ စိုးရိမ်သေးတယ်'

'ဇာတ်လမ်းက ဒရမ်မာပဲ ခင်ဗျားရဲ့ရေပေါ်ဟိုတယ်ကို တိုးရစ်ဇင်တွေလှိမ့်ဝင်လာဖို့ အဓိကဆွဲဆောင်မှာဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ ခင်ဗျားသားက အလှသက်သက်နဲ့ အချစ်ဇာတ်လမ်းနဲ့ ရောကျိုပေးမှာ အောင်မြင်မှာပါဗျာ . . မင်းသမီးကလည်း အလှဆုံး လူကြိုက်အများဆုံး အကယ်ဒမီမင်းသမီးကို သုံးထားတာ ပေါ့သေးသေးမှ မဟုတ်တာ'

နဂိုကတည်းကမှ ဘဝင်မကျနိုင်သေးသောအလုပ်၌သားပါ ထည့်သုံးရမည့်အရေးဆိုတော့ ဦးအောင်နိုင် ပို၍ဦးနှောက်စားရလေပြီ။

အလုပ်တစ်ခုကိုလုပ်လျှင် အောင်မြင်မှု။ အောင်မြင်ရုံသက်သက်ထက် ထိပ်ဆုံးရောက်မှ ကျေနပ်တတ်သော သူ့အတွက်တော့ . .

'ကောင်းပြီ ဦးတိုက် ကျွန်တော့် သားနဲ့ ဒီည ဆွေးနွေးမယ်။ မနက်ဖြန် ဒီအချိန်မှာ ခင်ဗျားကို အကြောင်းပြန်မယ်။ သားနဲ့ဖြစ်ရင် ဈေးတစ်မျိုး မဖြစ်ဘူးဆိုရင်တော့ ဈေးတစ်မျိုး ဖြစ်မယ်ထင်တယ်။ မနက်ဖြန်မှ စာချုပ်ချုပ်မယ်ဗျာ။ အဲ အမြန်လိုချင်တယ်။ ပွင့်လင်းရာသီအမှီ လိုချင်တယ်'

'မြန်ကောင်းလေးပေါ့။ နားလည်ပါတယ်။ မင်းသမီးကလည်း သူ့စိတ်ကြိုက်ကားမှရွေးလက်ခံတယ် တစ်ဘရိတ်ထဲ အချိန်ပေးမယ်လို့ ပြောထားတယ်'





ထိုနေ့ ထိုကိစ္စကို ဆက်ရန်ရှိသေးသည်နှင့် အဆုံးသတ်လိုက်ရလေသည်။

ည သားတော်မောင်ကိုပြောဖို့အရေး ကျားမြီးသာဆွဲလိုက်ချင်သည်။ ဘာတွေများ အခွင့်အရေးတွေ တောင်းဆိုဦးမည်မသိနိုင်။ ဦးအောင်နိုင်သက်ပြင်းချလိုက်လေသည်။ 'အောင်ဆောက်လုပ်ရေးနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကုမ္ပဏီပိုင်ရှင်သူဌေးဦးအောင်နိုင်'အတွက် တကယ့်ကို ကျားမြီးဆွဲရမည့်ပြဿနာနှင့် ကြုံလေပြီထင့်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

ဦးတိုက်ကို အံ့အားသင့်စွာဖြင့် သွန်းနဲ့သာခင်ကြည့်လိုက်သည်။

အညာသားပီပီ အသားညိုညိုတုတ်တုတ် ရုပ်ရည်က ခပ်ကြမ်းကြမ်း။ သို့သော် အနုပညာမြို့တော် ဖြစ်သော မန္တလေးသားပီပီ အနုပညာမျက်စိကတော့ အင်မတန် ထူးခြားစွာပြောင်မြောက်သူဖြစ်သည်။

ဆရာရင်းက ဦးမိုးယံ။

သို့သော် ဦးမိုးယံနှင့်ပတ်သက်သောစွဲချက်က သွန်းနဲ့သာခင်၏ဘဝမြောင်းထဲရောက်ဖို့အထိပြင်းထန်လှသည်။

သစ္စာနှင့်အမှန်တရားကို နဂိုကတည်းက ကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com



ကာအစစအရာရာသတိုကြီးစွာထားခဲ့သောကြောင့်သာလျှင်ယနေ့အထိ သွန်းနုံ့သာခင် နာမည်ရှိနေသေးခြင်းဖြစ်သည်။

ထို့ကြောင့် ဒါရိုက်တာဦးမိုးယံနှင့်ကားဆိုလျှင် သွန်းနုံ့သာခင် လက်မခံတော့ချေ။

အောင်ကုမ္ပဏီက ထုတ်လုပ်မည့်ကားအတွက် ပထမ ဦးမိုးယံနှင့်ဟု ကြားလိုက်သေးသည်။

'အောင်မန်နေဂျာက' သွန်းနုံ့သာခင်နှင့်မှ ရိုက်ချင်သည်ဟုဆိုပြန်သောအခါ ဦးမိုးယံက သွန်းနုံ့သာခင် လက်ခံမခံ မေးကြည့်ပါ။ လက်မခံဘူးဆိုလျှင် နှစ်ဦးအနက် တစ်ဦးကိုသာ ရွေးချယ်ဖို့ ပြောခဲ့သည်။

နောက်ဆုံး အောင်မန်နေဂျာက သွန်းနုံ့သာခင်ကို ရွေးချယ်လိုက်ပုံရသည်။

ဦးတိုက် မိမိထံရောက်လာသည်။

မင်းသားကိစ္စ ပြောပြသောအခါ အံ့အားသင့်ကာ ဦးတိုက်ကို ငေးကြည့်မိလျက်သားဖြစ်သွားသည်။

'ဘာဖြစ်လို့လဲ မင်းသမီး'

'ဩော် အင်းလေးကန် ရေပေါ်ဟိုတယ်ရှင်းကို ဦးစားပေးသက်သက်နဲ့ စီးပွားရေးကြော်ငြာဆန်ဆန် ရိုက်မယ့်





အပြင် ကုမ္ပဏီဘော့စ်ရဲ့သားကိုပါမင်းသားတင်တယ်ဆိုတော့ ကျွန်မတော့ စိတ်ပျက်ချင်လာပြီ'

ဦးတိုက်က သူ၏ ဇာတ်ညွှန်းဆရာကို လှည့်ကြည့်လိုက်ပြီး. . .

'ဆရာ့ဇာတ်က မင်းသမီးဇာတ်လား မင်းသားဇာတ်လား'

'မင်းသမီးဇာတ်ပါ ဒါပေမယ့် မင်းသားရဲ့လုပ်ခွင့်ကလည်း တော်တော်များတာပဲ'

သွန်းနုံ့သာခင် စိတ်မဝင်စားချင်တော့။

ဒါရိုက်တာဦးတိုက်ကိုလေးစားလွန်းသဖြင့် ငြင်းပယ်ရန် ခက်နေသည်။

'အခြားဇာတ်ပို့တွေကော ပါသေးလား'

'ပါပါတယ် မြိုင်မြိုင်ဆိုင်ဆိုင်ပါ။ မင်းသမီးအတွက် ဇာတ်လမ်းအကျဉ်းယူလာပါတယ်ဗျာ။ စိတ်မပျက်ပါနဲ့ လုပ်ခွင့်တွေ အများကြီးရမယ့်ကားပါ ပေါက်သွားနိုင်တယ်'

သွန်းနုံ့သာခင် စိတ်ထဲကတော့ 'မထင် မထင်'ဟု အော်မိလေသည်။ ပိုက်ဆံရှိရုံနှင့် ကင်မရာရှေ့ ရောက်လာမည့်သူသည် မင်းသားတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



'ကန်တော့ပွဲ ဘယ်တော့လဲ'

'လျှို့ဝှက်ထားတယ်'

'ရှင်'

'မင်းသမီးကိုတော့ ပြောပါ့မယ်။ အင်းလေးဘက် ရှုတင်က များတယ်။ အဲဒီကိုအရင်သွားပြီး အဲဒီမှာပဲ ကန်တော့ပွဲပေး စရိုက်မယ့်အစီအစဉ်ဗျ'

သွန်းနုံ့သာခင် စိတ်ဝင်စားသွားသည်။

ရေမကူးတတ်သော သူ့အတွက် ရေပေါ်ဟိုတယ်သည် အထူးအဆန်းဖြစ်နေသည်။

'နောက် ဇာတ်လမ်းကလည်း တောင်ကြီး ကလောပင်းတယ အဲဒီက ဟိုတယ်တွေ ပြုပြင်ဖို့အတွက်နဲ့ နယ်သစ်ရှာတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးလည်းဖြစ် ဆောက်လုပ်ရေးအင်ဂျင်နီယာလည်းဖြစ်တဲ့ မင်းသားနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ ကုမ္ပဏီက ဗိသုကာပညာရှင် အင်ဂျင်နီယာမလေး မင်းသမီးရဲ့အချစ်ဇာတ်လမ်းသက်သက်ပဲ။ လှပတဲ့ ဒရမ်မာဇာတ်လေးဗျ။ မင်းသမီးနဲ့ လိုက်တယ်။ ဖတ်ကြည့်လိုက်ပါ။ စိတ်ဝင်စားသွားမှာပါ။ ရုပ်နဲ့ရှုခင်းအလှတွေနဲ့ ဆွဲဆောင်မှုက တစ်ဝက်ပါနေပြီ'





သွန်းနုံ့သာခင်ရင်ထဲ ဘဝင်မကျနိုင်သေး။ စီးပွားရေးသမားများအတွက်တော့ အကျိုးအမြတ်မရှိဘဲ ဘာအလုပ်မှလုပ်မည်မဟုတ်ချေ။ မင်းသားဈေးကောင်းနေသဖြင့် မင်းသားစရိတ် သက်သာစေရန် သားကို မင်းသားတင်ရိုက်ခြင်းဖြစ်မည်။ သူဌေးသားလူပေါ်ကျော့တစ်ဦးကို တွဲဘက်သွားရမည်။ အပေးအယူ အပို့အပင့်တွေမှ နားလည်ပါ့မလား။ အင်း သွန်းနုံ့သာခင်အတွက်တော့ ပင်ပန်းဖို့ဖြစ်လာဦးမည်။

'အခုမှ ကင်မရာရှေ့ရောက်မယ့်သူကို လက်တွဲခေါ်ရမယ်ဆိုတော့ သွန်းနုံ့သာခင်တို့တော့ မောပေဦးပေါ့ ဟုတ်လား ဆရာ'

'အံ့မယ် ညည်းက ကောင်လေးကို မမြင်ဖူးသေးလို့ပါ။ မြင်ရင်သဘောကျသွားမှာပါ။ အဖြူသက်သက်လေးဆိုတော့ ကိုယ်လိုချင်တဲ့အရောင်ဆိုးလို့ ရတာပေ့ါ။ ကျုပ်ကိုညည်း မယုံဘူးလား'

ဦးတိုက်က အညာလေသံနှင့် ပြောလိုက်သည်။

ဦးတိုက်၏မျက်နှာ၌ပေါ်လွင်နေသော အားနေးကျနပ်မှုက မျှော်လင့်ချက်သန်းနေသည်။

'အင်းလေ ဆရာက ဒီလောက်တောင် အာမခံနေမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မ ငြင်းလည်း အပိုပဲဖြစ်မှာပေါ့'

'ညည်းက ငြင်းချင်သေးလို့လား ညည်း ဇာတ်လမ်း ဖတ်ကြည့်ပါဦး။ ပြီးမှ ကျုပ်ကို ကျေးဇူးတင်သွားမှာ နောက်ပြီး သူဌေးတူက ညည်းကို (Request) လုပ်ထားတာ ကိုင်း ဒီမှာ ညည်းအနုပညာကြေး၊ ရက်က ရှေ့အပတ်နော်။ ညည်းကိုဦးစားပေးရိုက်ရမှာ မင်းသားကို ရက်ပေးစရာ မလိုတော့ဘူး။ လုပ်ပိုင်ခွင့် အပြည့်အဝ ရထားတာ အသုံးချပေတော့ မင်းသမီး'

သွန်းနုံ့သာခင်၏ သရုပ်ဆောင်ခအနုပညာကြေးငွေများကို စားပွဲပေါ်၌ပုံတင်လိုက်သည်။ ပူစူးက ဘဏ်ထုပ်များဖြစ်သဖြင့် အုပ်အရေအတွက်ကိုသာ စစ်ယူလိုက်သည်။

သွန်းနုံ့သာခင်က စာချုပ်ဖတ်လိုက်ပြီး လက်မှတ်ထိုးပေးလိုက်လေသည်။ ကိစ္စအားလုံး ပြီးစီး၍ ဦးတိုက် ပြန်သွားလေသည်။ သွန်းနုံ့သာခင်စိတ်ထဲ၌ မအီမလည်ကြီးဖြစ်ကျန်ရစ်ခဲ့လေသည်။

ယခုမှ ကင်မရာရှေ့ရောက်မည့်သူဆိုတော့ ကလေးတစ်ယောက်အပေါ် တာဝန်ကြီးမှုမျိုးကို ထမ်းဆောင်ပေးရမည့် သဘောပင်။





အင်းလေ ဘာတတ်နိုင်ပါ့မလဲ။ မိမိကိုယ်တိုင် နှစ်သက်မြတ်နိုးခဲ့မိစွာဖြင့် ရွေးချယ်ထားသောလမ်းပေပဲ။ ကျရာကဏ္ဍကို ကျရာလူနှင့်တွဲဘက်ကာ အနုပညာမှော်ဝင်စားလို့ သရုပ်ဆောင်ရပေဦးမည်ပေါ့။

သွန်းနုံ့သာခင် စိတ်ကို ဖုံးဖုံးချဆုံးဖြတ်ချက်ချလိုက်သောအခါ၌ စိတ်သက်သာရာရသွားပြီး ဇာတ်လမ်းကိုစဖွင့်လိုက်လေသည်။

ဇာတ်ညွှန်းခေါင်းစဉ်ကို စဖတ်လိုက်သည်နှင့် လှပသောမျက်ဝန်းလေးသည် တောက်ပလာသည်။

ခေါင်းစဉ်ကတောင် မိမိအားဆွဲဆောင်သွားလေပြီ။

ဦးတိုက်၏ 'ဖတ်ကြည့်ပါ စိတ်ဝင်စားသွားမှာပါ'ဟူသော စကားက ခေါင်းစဉ်နဲ့တင် မှန်နေလေပြီ။

'အိပ်မက်နန်းတော်'တဲ့။

အင်း မင်းသမီးဇာတ်ပဲ ဖြစ်မှာပါဟု ကျေနပ်စွာတွေးလိုက်မိလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃)

စာစောင်များ ရုပ်ရှင် ဗီဒီယိုထဲတွင်သာ မြင်ဖူးသော မင်းသမီးကို ယခုလို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသော အခါ အံ့ဘွယ်အောင် အံ့အားသင့်သွားသည်။

ဘာရောင်စုံမှလိမ်းကျံထားခြင်းမရှိသော မျက်နှာဖူးဖူးမွှတ်မွှတ်လေးမှာ ပင်ကိုယ်အသားအရေအလှ၊ မျက်လုံးအကြည်ဓာတ်၊ ဖြောင့်စင်းသောနှာတံ၊ နီထွေးသော နှုတ်ခမ်း၊ ကော့မျက်တောင်နက်များနှင့် ဇင်ယော်တောင်မျက်ခုံး၊ တစ်ခုချင်း ဖြုတ်ကြည့် တစ်ခုချင်းလှသည်။ ရှိရှိသမျှအလှဆုံးများကို စုပေါင်းပိုင်ဆိုင်ထားသော မင်းသမီးကို တအံ့တသြငေးကြည့်မိသည်။ မင်းသမီးက ဝိုင်းဝိုင်းစည်နေ



www.burmeseclassic.com

www.burmeseclassic.com



သောပရိုသတ်ကို လက်မှတ်ထိုးပေးရာမှရုန်းထွက်ပြီး သူတို့ ပြည်တွင်းခရီးစဥ် ဧည့်ဝင်ပေါက်သို့ ဝင်လာသည်။

ရှိုးရိုးလေးနှင့်ယဥ်ကာ မဟာဆန်သောမင်းသမီးကို အံ့ဘွယ်အောင် မျက်တောင်မခတ်တမ်းငေးကြည့်နေမိသည်။

လှလိုက်တာ။ သူမြင်ဖူးသမျှမိန်းမချောတွေထဲမှာ အလှဆုံးအချောဆုံးဟု သူ အသိအမှတ်ပြုလိုက်သည်။

'ဒါရိုက်တာကြီး လေယာဥ်ပေါ်တက်လို့ရရင် သွားမယ်လေ'

'မင်းသမီးကို စောင့်နေတာပဲ'

'ရောက်ပြီပဲ သွားစို့'

'နေဦး ဒီမှာ မင်းသား'

ဦးတိုက်က မိတ်ဆက်ပေးသောအခါ သူ အလိုလိုရှက်ကာ မျက်နှာတစ်ပြင်လုံး ထူပူသွားလေသည်။

သွန်းနုံ့သာခင် အံ့အားသင့်စွာဖြင့် ဦးတိုက် မိတ်ဆက်ပေးသောသူကို ကြည့်လိုက်သည်။

ရင်ထဲ၌ ဟယ် ချစ်စရာလေး. .။ ချောလိုက်တာ။ ယောက်ျားတန်မယ့် ချောလွန်းတယ်ဟုရေရွတ်ကာ ကောက်ချက်ချလိုက်ပြီး





'အလိုတော် မျက်နှာကြီးက ရဲလို့ မင်းသားလုပ်မယ့်သူက ရှက်နေလို့ဖြစ်မလား။ လား. . လာ. . အတော်ပဲ ခြေခေါက်ထားလို့ နည်းနည်းမျက်နေတာနဲ့။ မင်း တို့ရဲ့တောင်ဝေ့လုပ်ကွာ'

ဇာတ်လမ်းအရ တရင်းတနှီးရှိရမည့် အနေအထားကိုသိနေသော သွန်းနုံ့သာခင်အနေနှင့် ကူညီသည့်အနေဖြင့် မင်းသားအား ရဲဆေးတင်ပေးခြင်းဖြစ်သည်။

မင်းသားလက်မောင်းကိုလှမ်းကိုင်လိုက်ကာ တွဲခေါ်ရန် ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

သို့သော် မင်းသားက

'ဟာဗျာ ကျွန်တော် မိန်းမတွေနဲ့ အဲဒီလိုမသွားတတ်ဘူး။ ခင်ဗျား တစ်ယောက်ယောက်ကို တွဲဗျာ'ဟုဆိုကာ သူ့လက်မောင်းကိုဆုပ်ကိုင်ထားသော မင်းသမီးလက်ချောင်းများကိုဖယ်ကာ ကမူးရှူးထိုးနှင့်ထွက်သွားလေသည်။ သွန်းနုံ့သာခင် အသံထွက်အောင် ရယ်မိလိုက်သည်။

ပီဘိ ကလေးဆိုးတစ်ယောက်လိုပါလား။

'ဦးတိုက် ဆရာတင်တဲ့မင်းသားကိုကြည့်ဦး ကလေးဆိုးကြီးလိုပဲ ဖြစ်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ရမယ်လေ။ ဇာတ်လမ်းအရ မိန်းမဆို အမေက လွဲပြီး အခြားသူတွေနဲ့ တရင်းတနှီးမရှိဘူးတဲ့ ဇာတ်ဆောင် နေရာဆိုတော့ အတော်ပဲပေါ့။ ရုပ်ကတော့ ကျေနပ်လောက် တယ် မဟုတ်လား'

'ဟုတ်ပါတယ်ရှင် တကယ်လူရွေးတော်တဲ့ ဒါရိုက် တာကြီးပါပဲ။ မင်းသားနဲ့ ရုပ်ပြစားဦးမယ်ပေါ့'

'ဩော် မင်းသမီး ခြေ တကယ်နာတာလား'

'နိုး မင်းသားကို စမ်းတာလေ' >

'ဒီတော့ အဖြေတွေ့လား'

'တွေ့တယ် တကယ့် အဖြူရောင်လေး သက်သက်ပဲ။ ကောင်းပါတယ်။ တစ်ခါတည်း အနုပညာအရောင်ကို တန်း ဆိုးပေးလိုက်ရုံပဲပေါ့'

သွန်းနုံ့သာခင် ပြောပြီး လေယာဉ်ဆီသို့ လှမ်းခဲ့လေ သည်။ သူ့နောက်မှ ပူစူးက ထပ်ချပ်မကွာ လိုက်ပါလာလေ သည်။

သွန်းနုံ့သာခင်သည် လေယာဉ်ထိုင်ခုံများဆီကိုကြည့် လိုက်သည်နှင့် မင်းသားကို တန်းတွေ့သည်။

သူတကာထက်ထူးခြားသော ရုပ်ရည်ပိုင်ရှင်ပေပဲ။ သို့





သော် သူ့နားခွဲ ယောက်ျားလေးသူငယ်ချင်း နှစ်ယောက်က ပါနေသည်။ မင်းသားဘေး ထိုင်စရာ နေရာလပ် မရှိတော့ သဖြင့် မင်းသားရှေ့ခုံ၌ ဝင်ထိုင်လိုက်သည်။

'ကောင်လေး စိတ်ကျဉ်းကျပ်ပေတော့'ဟု တမင်ကျီ စယ်လိုက်ခြင်းဖြစ်သည်။

အံ့ဘွယ်အောင် စိတ်ရှုပ်သွားသည်။ သွန်းနုံ့သာခင် ဟူသောမင်းသမီးကို ဖန်သားပြင်၌ ကြော်ငြာပေါ်လာသည့် အခါတိုင်း'သွန်းလေး ကိုယ့်သွန်းလေးလာပြီ'ဟု သူငယ်ချင်း များနှင့် အလုအယက်အပြိုင်အဆိုင်အော်နေကြဖြစ်သည်။

ယခု မျက်ဝါးထင်ထင် တွေ့မြင်ရပြီး တွဲဘက်ကာ သရုပ်ဆောင်ရမည်ဟုသိလိုက်ရကတည်းက ရင်ခုန်ကာပျော် ရွှင်ခဲ့သည်။ ရင်ထဲဝယ် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။

သို့သော် တကယ်တမ်းနဖူးတွေ့ဒူးတွေ့လည်း ကြုံ ရော သူ ကြောက်ဒူးတုန်လာသည်။ အရှက်ပိုးတို့က မျက်နှာ တစ်ပြင်လုံး မီးလောင်တိုက်သွင်းနေသည်။

ဒုက္ခပါပဲ။

ဒီအတိုင်းသာဆို မင်းသားလုပ်လို့မှဖြစ်ပါ့မလား။

ဖေဖေနှင့်ကလည်း လောင်းကြေးနှင့် စိမ်ခေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ လောင်းကြေးက မနည်း။ ပြန်စဉ်းစားကြည့်တော့ အိပ်မက်လိုဖြစ်နေသည်။

'ဖိုးသား မင်း ရုပ်ရှင်မင်းသားလုပ်မလား'

လွန်ခဲ့သော ၁၀ရက်ခန့်က ညစာထမင်းစားရင်း ဖေဖေက သူ့အား အဆက်အစပ်မရှိမေးခွန်းထုတ်လိုက်သော အခါ

'လူရွှေ့ မျက်နှာပြောင်တိုက်ရမယ့်အလုပ်ကြီး မလုပ်ချင်ပါဘူး'

'ထင်သားပဲ ဒါရိုက်တာဦးတိုက်က မင်း မျက်နှာနဲ့ လှုပ်ရှားမှုကို အရမ်းသဘောကျသွားတာ။ ဓာတ်ပုံစားတယ်တဲ့။ ရုပ်ကလည်း ဆွဲဆောင်မှုအားကောင်းတဲ့ ရုပ်တဲ့။ ဖေဖေက စိတ်ထဲ ကြိတ်ရယ်နေတာ။ ဒီကောင်ကိုများ မျှောက်ဖိုးစိန်ကမှလူကြည့်ဦးမယ်လို့ အင်း စိတ်ထဲကပဲ ပြောခဲ့တာ'

ဖေဖေ၏စကားက. . သူ၏မဟာမာနကို ထိပါးစေသည်။

ဖိုးသား၌ မလုပ်နိုင်သောအလုပ် လုပ်မရဘူးဆိုသော အလုပ်မရှိစေရ။

သူတစ်ပါးကို မထိခိုက်စေနိုင်သောအလုပ်မျိုး ဆို





ဖိုးသား မလုပ်ရဲတာမရှိစေရဟူသော မဟာမာနကို ထိခိုက်စေသည်။

'ဦးတိုက် နေ့လည်က တွေ့ခဲ့တဲ့ ပုဂ္ဂိုလ်နဲ့လား ဖေဖေက ရုပ်ရှင်ကုမ္ပဏီကိုပါ ထောင်တော့မလို့လား'

'မဟုတ်ပါဘူး။ ဒါပေမယ့် ဖေဖေ ဟိုတယ်လုပ်ငန်းအတွက်တော့ ဗီဒီယိုဒီဗီဒီကားတစ်ကား ထုတ်မယ်။ စီးပွားရေးသဘောအရပေါ့ကွာ။ အဲဒါ ဦးတိုက်နဲ့ စကားပြောတုန်း သူက သားကိုမြင်သွားပြီး သဘောကျလို့တဲ့ မင်းသားတင်ရိုက်ချင်တယ်ပြောတာ'

သူ ရင်ခုန်သံနှုန်းမြန်လာသည်။ ကျောင်းကပွဲတွေ၌ သီချင်း ဆိုခဲ့ဖူးသည်။ ပုဏ္ဏားယိမ်းတို့ ဘာယိမ်းတို့၌လည်း ဝင်ပါဖူးသည်။

ဒါက ငယ်စဉ်ကလေးဘဝက။ ပျော်တော့ ပျော်ခဲ့ဖူးသည်။ ခု ကိစ္စက စွန့်စားခန်းတစ်ခုလိုပင်။

'ဖေဖေက မင်းသားခ သက်သာအောင်လား'

'နိုး နိုး သား မလုပ်ချင်လည်း ရတယ်။ ဖေဖေက ရှိုးမှာ စိုးနေတာ စီးပွားရေးအရ ဟိုတယ်တွေ ဧည့်သည်များအောင် ဆွဲဆောင်ဖို့ ရိုက်တာ။ ကိုယ့်သားကိုမှ မင်းသား



www.burmeseclassic.com

www.burmeseclassic.com



တင်ရိုက်မိလို့ မိအေး နှစ်ခါနာ ဆိုသလို ကားကလည်း မအောင်မြင် ဟိုတယ်လုပ်ငန်းကလည်း ငွေမဝင် ဖြစ်သွားမှာစိုးလို့ သားကို မင်းသား မတင်ချင်ပါဘူး'

'ဗျာ ဒါတော့ ဖေဖေ သားကို အထင်စမောလွန်းပြီထင်တယ်။ ဖေဖေ စကားပြင်လိုက်ရင် ကောင်းမယ် ထင်တယ် ဖေဖေ။ အချိန်မနှောင်းသေးဘူးနော်'

ဖေဖေသည်သာ သူ့အတွက် အဖေ၊ သူ့အတွက် အမေ၊ သူ့အတွက် အစ်ကို၊ သူ့အတွက် ၎င်း ဇယ်ချင်းလိုဖြစ်နေသဖြင့် သူ မကြောက်မရွံ့ ကျီစယ်လိုက်လေသည်။

'အောင်နိုင်တို့က ထွေးပြီးသား တံတွေး မမျိုသလို ထွက်ပြီးသားစကား ပြင်ရိုးထုံးစံမရှိဘူးလေ ငါ့သား'

'ဒါဖြင့် . . ဖေဖေနဲ့ သား အလောင်းအစားတစ်ခုခု တော့ လုပ်ရမယ်'

'အင်း ဇာတိကတော့ ပြလာပြန်ပြီ'

'သား အတည်ပြောနေတာ ဖေဖေ'

'ပြောစမ်း ဘာများလဲ'

သူ စဉ်းစားလိုက်သည်။

ဘာတောင်းဆိုရင် ကောင်းမလဲ။





'သား မင်းသားလုပ်မယ်'

'ဟေ'

ဦးအောင်နိုင် မျက်လုံးပြူးသွားသည်။

'ဖေဖေ့ကား ပေါက်မယ် သားလည်း ပေါက်မယ်ဆိုရင် ဖေဖေ ဘာပေးမယ် စဉ်းစားထားသလဲ'

ဖေဖေက သူ့အား ပြုံးပြုံးကြီးကြည့်သည်။ လှောင်ပြောင်သောအကြည့်ဟု သူသိသည်။

'ဟုတ်မှလဲ လုပ်ပါကွာ'

'ဖေဖေကလည်း သားမေးတာ ဖြေပါ'

'ဒီလိုဆို မင်းဘာလိုချင်သလဲပြောကွာ ဘယ်လောက်လိုချင်သလဲ'

'စိန်ရွှေ ငွေ ဥစ္စာဓန ဘာလုပ်ရမှာလဲ ဖေဖေ ပိုင်သမျှ သားဟာချည်းပဲဟာ'

သားအဖနှစ်ယောက် ရယ်မောရင်း . . သူ အကွက်ဆိုက်လေပြီ။

ဖခင်အား နည်းအမျိုးမျိုးနှင့်ပူဆာ၍မရသော ရည်မှန်းချက်ကို အကောင်အထည်ဖော်တော့မည်။

'ကိုင်း ပြောလေ ဘာလိုချင်သလဲ ဖေဖေ သွားစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်'

'တကယ်လို့ သား မင်းသား ဖြစ်သွားပြီလို့ လက်ခံတာနဲ့ ဖေဖေ သားကို ယူအက်စ်သွားခွင့်ပြုပါ'

'ဟေ'

ဖေဖေ အငိုက်မိသွားလေပြီ။ မျက်နှာတစ်ချက်ပျက်သွားပြီး ချက်ချင်းပင် ပြုံးကာ

'ဘာများလဲလို့ ဒါများ ပေးတယ်ကွာ။ မင်းမှ မဖြစ်နိုင်တာ။ ကားပေါက်တာ မပေါက်တာတော့ မဆိုင်ဘူးနော်။ မင်းသမီးက နာမည်ကြီးဆိုတော့ ပေါက်နိုင်ပြီးသား'

'ထားပါတော့ သားအဖချင်းပဲ. . သားကပဲ တစ်ထစ်လျှော့ပေးပါတယ်။ သားကို မင်းသားအဖြစ် ပရိသတ်လက်ခံတာနဲ့ ဖေဖေခွင့်ပြုရမယ်'

ဖေဖေက ပြုံးစစနှင့်ခေါင်းညိတ်သည်။ နောက် ထိုင်ရာမှထ သူ့ခေါင်းကိုတစ်ချက်ပုတ်ပြီး ထွက်သွားလေသည်။

'ဟော့ကောင် ဘာငိုင်နေတာလဲ ယူလေ ဖိုးသား'

'အင် ဘာလဲကွ'

အတွေးနယ်သို့. . နောက်ကြောင်းပြန်ရောက်ရှိနေသောသူ့အား ဘေးနားမှသူငယ်ချင်းဇော်ထွေးက တံတောင်





နှင့်တွက်ကာ သတိပေးလိုက်တော့မှ ပြန်သတိရကာ လက်ရှိအခြေအနေကို သတိပြုမိလိုက်သည်။

လေယာဉ်မယ်တစ်ဦးက ဗန်းနှင့် အမောက်ထည့်ထားသော သကြားလုံးများကို လှမ်းကမ်းပေးနေသည်။ သူက ခပ်တည်တည်နှင့် လက်နှစ်ဖက်နှင့်နှစ်ဆုပ်နှိုက်ယူလိုက်သည်။

လေယာဉ်မယ်လေးက ပြုံးစိစိလုပ်ကာ ဗန်းကို ရုပ်သိမ်းပြီး နောက်ခုံသို့ကူးသွားလေသည်။ လေယာဉ်မယ်များလည်း လှကြသည်။

သို့သော် မင်းသမီးချောသွန်းနဲ့သာခင်၏ ပင်ကိုယ်အလှကိုပင် သူ သဘောကျမိသည်။ သူ့ထက်တော့ အသက်ကြီးမည့်ပုံပင်။

သို့သော် ရဲတင်းလွန်းခြင်းကိုတော့ သူသဘောမကျချေ။ မင်းသမီးဆိုတာကလည်း ရဲတင်းသွက်လက်မှဖြစ်မည်လား။

မင်းသားကတော့. . အင်း လွယ်ကူသောအလုပ်တော့ မဟုတ်ဟုတော့ သူသိလာပြီ။

သူနှင့် လိုက်ဖက်သည့် ဆံပင်ပုံစံကအစ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ခဲ့ရသည်။ ၄-၅ရက်လောက် ဦးတိုက်၏ ကင်မရာရှေ့၌ စကားပြော သီချင်းဆို လမ်းလျှောက် အထိုင် အထ အပြုံး အကြည့်မျိုးစုံတို့ကို ခိုင်းသည့်အတိုင်း လုပ်ခဲ့ရသည်။

သူ့ခေါင်းထဲဝင်နေသည်က သူငယ်ချင်းအချို့ရှိသော USAသို့ သွားရောက်ဖို့ပဲဖြစ်သည်။

သို့သော် ကင်မရာရှေ့ ရပ်ဖို့ ဆိုသည်မှာပင် လွယ်ကူသောအလုပ်မဟုတ်ဟု သူ ကောင်းစွာနားလည်သဘော ပေါက် လာလေသည်။

သူငယ်ချင်းတွေနှင့် လည်ပတ်သွားလာစဉ်က ဗီဒီယိုကင်မရာနှင့်အပျော်တမ်းရိုက်ခဲ့သောအတွေ့အကြုံမျိုးက ရှိနေသဖြင့် အနည်းငယ်တော့ ခံသာသည်။

နောက်တစ်ပန်းသာသည်က လူမကြောက်တတ်ခြင်း ဖြစ်သည်။

သို့တိုင်အောင် စောစောက မင်းသမီးက သူ့လက် မောင်းလာချိတ်တော့ သူ. . ထူပူကာ ဘာကြောင့် ပြင်းဆန် ထွက်ပြေးခဲ့ရသနည်းကိုတော့ သူ့ကိုယ်သူ နားမလည်နိုင် ချေ။

မိန်းကလေးသူငယ်ချင်းများလည်း ရှိခဲ့သည်ပဲ။ သို့





သော် မိန်းမနှင့်ပတ်သက်လျှင်တော့ တည်တည်ငြိမ်ငြိမ်ဆက် ဆံတတ်သည်က သူ့အကျင့်ပင်။

အိမ်မှာက မိန်းမအလုပ်သမား မရှိ။

တစ်ခါတစ်ရံ ဖေဖေ့ အစ်မ၊ သူ၏ကြီးတော် လာ လည်မတတ်တတ်သည်မှအပ မိန်းမ မရှိသော အိမ်ကြီး ဖြစ် သည်။

ကျောင်းနေတော့လည်း စိန်ပေါကျောင်း။

တက္ကသိုလ်တက်တော့ ကွန်ပျူတာ။

အဲဒီမှာ မိန်းကလေးသူငယ်ချင်း အနည်းငယ် ရ လိုက်သည်။ ဒါလောက်ပဲ မိန်းမအတွေ့အကြုံရှိသည်။ ရည်း စားကလည်း မထားခဲ့။

ဒီပြဿနာတစ်ခုပဲ သူ့မှာ အခက်အခဲရှိလေသည်။

မင်းသမီးကို ဘယ်လိုကြည့်ရမလဲ။ ဘယ်လို ထိတွေ့ ရမလဲ။

ရင်မောစရာပဲ။

ဒါလည်း အကြောင်းတော့မဟုတ်။ ဒါ့ရိုက်တာပြင် သည့်အတိုင်း သရုပ်ဆောင်လိုက်ရုံပဲ။

ရှုပ်တယ် တစ်ရေးလောက်နှပ်လိုက်ဦးမှ. . . ဟု



www.burmeseclassic.com

www.burmeseclassic.com



သော ရောက်တတ်ရာရာများကိုတွေးရင်း အံ့ဖွယ်အောင် သည် နောက်သို့မှီကာ အိပ်လိုက်လေတော့သည်။

ဦးတိုက်က သူတင်သောမင်းသားကိုလှမ်းကြည့်ရင်း ပြုံးမိလေသည်။

ကလေးဆိုးတစ်ယောက်လိုပါလား. . . ဟူသော ကောက်ချက်လေးဖြင့် ပြုံးမိလေသည်။

သူ့သားသာ ရှိခဲ့လျှင် အင်း. . ရုပ်မလှတော့ မင်းသားဖြစ်မည်မဟုတ်။

သူ့လို ဒါရိုက်တာကောင်းတစ်ယောက် ဖြစ်လာနိုင်သည်။

ဦးတိုက်ရင်ထဲ နာကျင်လာသည်။

ကလေးဘဝတည်းက ရုတ်တရက်ကွယ်လွန်သွားခဲ့သည့်သားကို သတိရမိသည်။ သားသာ ရှိသေးလျှင် ခု အံ့ဖွယ်အောင်တို့ အရွယ်ပေပဲ။ သားအစားထိုးကာ ကြိုးစားပျိုးထောင်ပေးလိုက်ရန် သူဆုံးဖြတ်ပြီးသားဖြစ်သည်။

အံ့ဖွယ်အောင်ကို လမ်းမှာ နေ၍ လမ်းသူရဲလေးဟု တင်စားနိုင်သော်လည်း လူရမ်းကား မဟုတ်တာတော့ သူ ခန့်မှန်းမိလေသည်။





ခုကြည့်. . ငြိမ်နေရတော့ အငြိမ်မနေနိုင်၍ အိပ်နေသည်။ သူတင်ထားသောမင်းသားကို လှမ်းအကဲခတ်ရင်း သူ ပြုံးမိလေသည်။

နောက် ခေါင်းထဲ၌ ရိုက်ကွင်းအတွက် စိတ်ကူးကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၄)

'မင်းသားက မိတ်ကပ်မလိမ်းဘူးလား'

သွန်းနုံ့သာခင်က အဲ့ဖွယ်အောင်ကို ကြည့်ကာ တွဲဘက်ဒါရိုက်တာ ဦးမောင်ဆွေကို မေးလိုက်သည်။

'မိတ်ကပ်မလိမ်းမှ ရိုက်မယ် ဆိုလို့ ကင်မရာရှေ့မှာ စမ်းသပ်ပြီးပြီ။ ရတယ် မင်းသမီး။ မင်းသမီးလိုပေါ့ မိတ်ကပ်ဆိပ်လိမ်းစရာမလိုဘဲ ပင်ကိုယ် သဘာဝအလှတွေက စုတ်ချက်ထင်ပြီးသားကိုး'

ဦးအောင်ဆွေက ရှင်းပြလေသည်။

သွန်းနုံ့သာခင်က အဲ့ဖွယ်အောင်မြင်ကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်သူခိုးနှင့်ဆုံမိလေသည်။

ကောင်လေးက ရှက်ကိုး ရှက်ကန်းနှင့် မျက်နှာလွှဲသွားလေသည်။

သွန်းနှံ့သာခင် ပြုံးလိုက်မိလေသည်။

စိတ်ထဲတော့ ဒီကောင်လေး ဖြစ်မှဖြစ်ပါ့မလား ဟူသောစိုးရိမ်စိတ်ကလေး ဝင်လာမိသည်။ ဇာတ်လမ်းအရဆိုလျှင်လည်း မင်းသမီးကသာ အတိတ်မေ့ပြီး ဘဝသစ်တစ်ခုရောက်နေသောမင်းသားကို ချစ်သူဟုပင်မှတ်ယူပြီး တစ်ဘက်သတ်ချစ်စိတ်ဝင်နေသည့် မင်းသမီးကို မင်းသားက အထင်သေး ခပ်ခွာခွာနေလိုသော်လည်း မသိစိတ်က ဆွဲဆောင်ယူငင်၍ ဝေးမရဘဲ ပြန်လည် စိတ်ဝင်စားကာ ချစ်မိသွားပြီးမှ အတိတ်ကို ပြန်သတိရသောအခါ ချစ်သူဖြစ်နေခဲ့ခြင်း ဖြစ်သည်။

ဒါရိုက်တာက ဒါကြောင့်လည်း သူ့ဌေးသားလူချောကို မင်းသားတင်ရဲခြင်းဖြစ်မည်။ ဇာတ်လမ်းနှင့် ကိုက်သည်။ ရှုတည်တည်နှင့် လုပ်ငန်းပိုင်းကို စိတ်ဝင်စားစွာ လုပ်ဆောင်နိုင်သည်။

ကန်တော့ပွဲပေး ဓာတ်ပုံရိုက်တော့





'မင်းသား မင်းသမီးနား ကပ်ပါ'

အံ့ဖွယ်အောင်မြင့် . . စိတ်ရှုပ်စွာဖြင့် မင်းသမီးအား ကြည့်လိုက်သည်။

မင်းသမီးက

'ကောင်လေး ကပ်လေ ကြာတယ်။ မင်း မကပ်ရင် တို့ ကပ်မှာနော်'ဟု ခပ်တည်တည်နှင့်ပြောလိုက်သောအခါ သူက ခြေတစ်လှမ်းခဲ့ကာ ကပ်လိုက်ရသည်။

'မင်းသား ပြုံးလေ'

'အံ့မယ် ပြုံးဖို့တောင် ကပ်စေးနည်းတဲ့ မင်းသားပါလား'

သွန်းနှံ့သာခင်က တမင်စလိုက်သည်။

စနောက်ဖို့ အရှုပ်ကလေးတစ်ရှုပ် ရ,ထားသလိုပါပဲလား။

'မင်းသမီး မင်းသားလက်မောင်းကို ချိတ်လိုက်ပါ'

'အဲဒီလိုမှ ပြောပါ့မလားလို့ စိုးရိမ်နေတာ'

သွန်းနှံ့သာခင်က ခပ်ပြုံးပြုံးလေး ပြောလိုက်သည်။ နှပ်ချော ချစ်စရာကောင်းသလောက် စကားလည်း အတော်ပြောနိုင်တဲ့ မင်းသမီးပါလားဟု အံ့ဖွယ်အောင်မြင့် ကောက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချလိုက်လေသည်။ မင်းသမီးက သူ့လက်မောင်းကို ခိုတွဲလာသောအခါ သူရင်ခုန်သွားလေသည်။

'ကောင်လေး ရယ်လေ မရယ်ရင် တို့ကလိထိုးလိုက်မှာနော်။ မင်းလက်ကို မရယ်မချင်း ဖက်ထားရမှာလား'

တော်တော်တတ်နိုင်သည့်မင်းသမီး မယ်သောကြာဟုသာ ခေါ်လိုက်ချင်တော့သည်။ သူ ပြုံးမိလေသည်။

ဓာတ်ပုံတွေက တဖျတ်ဖျတ်၊ ဗီဒီယို ကင်မရာကလည်း နှစ်လုံးသုံးလုံး၊ ဖခင်ကလည်း တစ်လုံးထည့်ပေးလိုက်သည်။ ကျော်ဦးက ရိုက်သည်။ သူ့သူငယ်ချင်း ကျော်ဦးနှင့် ဇော်ထွေး အပြင် တူးတူးနှင့်ခါးခါး ဟူသော သူ၏ ဗာဟီရအလုပ်သမားနှစ်ယောက်ကလည်း ပါလာသေးသည်။

'မင်းသားအသစ်လား မသိဘူး ချောလိုက်တာနော်'

'ဟုတ်တယ် အရမ်းချောတာပဲ'

'မင်းသမီးနဲ့ရုပ်ချင်းဆင်တယ်။ မောင်နှမလား မသိဘူး'

ပရိသတ်များ၏ဝေဖန်သံကို သူကြားနေရသည်။ ထို့ကြောင့် မင်းသမီးအား ကြည့်လိုက်သည်။

မင်းသမီးနှင့် အကြည့်ချင်းဆုံမိကြသည်။





'ဟုတ်သားပဲ မင်း ချောတာ တို့နဲ့တူလို့ ထင်တယ်။ မင်းနဲ့တို့ မောင်နှမနော် အနုပညာမောင်နှမပေါ့'

'မတော်ဘူးဗျာ'

'ဘာဖြစ်လို့'

'အစ်မဆိုရင် ခင်ဗျားကို ဦးစားပေးနေရမှာပေါ့ဗျ။ ကျွန်တော်က ဘယ်သူမှ ဦးစားပေးချင်တာ မဟုတ်ဘူး'

'ဖြစ်တတ်ပါတယ် တစ်ဦးတည်းသောသားတို့ သမီးတို့ရဲ့သဘာဝပဲလေ။ ဒါပေမယ့် မင်းနားမလည်လို့ပါ။ အစ်မတွေဟာ မောင်တွေအပေါ် ဂရုစိုက်တတ် ဦးစားပေးတတ်ပါတယ်။ မင်း တို့ကို အစ်မတော်ဖို့ငြင်းဆန်ခြင်းအတွက် နောင်တရသွားနိုင်တယ်'

အံ့ဖွယ်အောင်မြင်က မင်းသမီးအား မခိုးမခန့်ကြည့်လိုက်သည်။

'ဘယ်တော့မှ မရနိုင်ဘူး'

'စိမ်ခေါ်တာလား'

'ခေါ်တယ်'

'ဒါဆို မင်းကို တို့ ဖေးမပေးစရာ မလိုဘူးပေါ့'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့လို့ ပြောရတယ်. . . ကိုယ့်ထက် လေးနှစ်လောက် ကြီးတာကို ရှိသေမှပေါ့'

'ဟာဗျာ မင်းသမီး တော်တော်စကားများတာပဲ'

အံ့ဖွယ်အောင်မြင် ညည်းတွားလိုက်လေတော့သည်။

သွန်းနုံ့သာခင်က ခစ်ကနဲ တစ်ချက်ရယ်ပြီး

'မင်း လူကဲခတ်တော်သားပဲ။ နောက်ဆိုရင် ပျင်းတာနဲ့ တို့နဲ့ပဲ စကားလာပြောတော့မှာ မဟုတ်လား'

အံ့ဖွယ်အောင်မြင် မင်းသမီးကိုလက်မြှောက်ပြလိုက်သည်။ သွန်းနုံ့သာခင်သည် အံ့ဖွယ်အောင်မြင်၏ချစ်စနိုးအမူအယာလေးကို သဘောကျစွာကြည့်မိလေသည်။ ထိုစဉ်. . ကျော်ဦးက

'ဖိုးသား လာ အကျီလဲရမယ်'

'ဘာလုပ်ဖို့လဲ'

'ကားရိုက်တော့မယ်လေ'

'ဘာလဲရမှာလဲ'

'လာစမ်းပါ ဖိုးသားရာ. . ဦးဆွေကိုယ်တိုင် ရွေးပေးပြီးသား'

အံ့ဖွယ်အောင်မြင်သည် သူငယ်ချင်း ဆွဲခေါ်ရာ





နောက်သို့ ပါသွားလေသည်။

'မင်းသမီး လာ'

မိတ်ကပ် မာမီစောက ရောက်လာပြီး ခေါ်ဆောင်သွားသဖြင့် သွန်းနုံ့သာခင် ပူစူးနှင့်အတူလိုက်ပါခဲ့လေသည်။

'မင်းသားက ကိန်းခန်းကြီးလိုက်တာတော် လက်တိုသက်တောင်း အဖော်က နှစ်ယောက်၊ သူငယ်ချင်းက နှစ်ယောက်၊ အုပ်ထိန်းသူအနေနဲ့က လာဦးမှာ တစ်ယောက်။ အမည်ကြီးမင်းသားတွေထက်တောင် စရိတ်ပိုသေး'

'သူ့စရိတ်နဲ့သူလေ'

'အင်းပေါ့လေ ဟိုက်ဘော့စ်ကြီးရဲ့သားဆိုတော့ သုံးနိုင်ဖြုန်းနိုင်တာပေါ့။ ဒီကားလည်းပြီးရော သူ့အဖေတော့ ဒေဝါလီ ခံရလိမ့်မယ်ထင်တယ်။ အသုံးအဖြုန်းကကြီးပဲ'

မာမီစောတို့ကတော့ စကားကို အမျှင်မပြတ်ပြောလေသည်။ သွန်းနုံ့သာခင် ကြားတစ်ချက်မကြားတစ်ချက်ဖြစ်နေလေသည်။ သွန်းနုံ့သာခင်၏ အာရုံထဲ၌ ဇာတ်လမ်းအရ ကွယ်လွန်သွားပြီဟု သတင်းရရှိထားသောချစ်သူနှင့် ခွဲမရအောင်တူလွန်းသောသူနှင့် အလုပ်အတူတွဲလုပ်သောအခါ ကြည့်ရင်း တူလွန်းသောအမူအရာ လှုပ်ရှားမှုများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝယ်နင့်နေအောင် ခံစားရပုံများကို မျက်လုံးနှင့်သရုပ်ဖော်ရမည် ဖြစ်သည်။ မင်းသားကတော့ အလုပ်အကြောင်းတွေကို စိတ်ဝင်စားစွာ ပြောသွားရာမှ သူ့အားစူးစိုက်ကြည့်နေသော မင်းသမီးမျက်လုံးကြောင့် စိတ်ဝယ်စနိုးစနောင့်ဖြစ်ရသည့်ဟန်လေးတွေသရုပ်ဆောင်ရမည်။

သွန်းနုံ့သာခင်ရင်ထဲ သွန်းနုံ့သာခင်ကို ဖျောက်ဖျက်ပစ်လိုက်လေသည်။

■





## အခန်း(၅)

မင်းသားက သေသေချာချာရှင်းပြနေရာမှ မင်းသမီးထံမှ တုန့်ပြန်သံ မကြားရသောအခါ ငုံ့စောင်းကြည့်လိုက်သည်။

'ဟင်'

မင်းသား အံ့အားသင့်သွားသည်။

မင်းသမီး၏ မျက်ဝန်းနှင့်သွားဆုံသည်။

ပြုံမယောင် မိုးသားနှယ် ညိုမှိုင်းနေသော မျက်ဝန်းက ကြေကွဲပွင့်မိုးစက်တို့ကြွေလွင့်မယောင်ယောင် ကြေကြေကွဲကွဲ နင့်နင့်သီးသီးခံစားနေရသော မျက်ဝန်းပါလား။

ရုတ်တရက် လွှဲမဖယ်သေး။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝပေါင်းများစွာက ချစ်ပန်းကို အတူတကွ စိုက်ထူခဲ့သောချစ်သူနှင့် ကွဲကွာနေရပြီးမှ ပြန်ဆုံဆည်းခွင့်ရသော်လည်း မရေရာသောဖြစ်ရပ်ကြောင့် ကြေကွဲနေသော မျက်ဝန်း။

မင်းသား ရင်ကို ထိရှသွားပြီး အံ့သြသွားကာ စူးစမ်းသောအကြည့်နှင့် ကြည့်လိုက်သည်။

'ကတ်'

'အဟဲ မျက်လုံးတောင် စပ်သွားတယ်'

သွန်းနံ့သာခင်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ရယ်ရယ်မောမောလေးပြောပြီး သူမအတွက် ပေးထားသောနေရာ၌ သွားထိုင်လေသည်။

အံ့ဖွယ်အောင်မြင်အား ဦးတိုက်က

'တော်တယ် မင်းသား. . မောင်ရင့်မှာ အနုပညာဗီဇပိုး ရှိနေလိမ့်မယ်ဆိုတဲ့ခန့်မှန်းချက် မှန်သွားပြီ'

'ဗျာ'

'မောင်ရင့်မျက်ဝန်း တော်တော်ပီပြင်တယ် ကိုင်း. . ကိုင်း သွားနားတော့ မင်းသမီးခန်း ဆက်ရိုက်လိုက်ဦးမယ်၊ သူက နှစ်ပတ်ပဲ အချိန်ပေးနိုင်တာ'





'နှစ်ပတ်နဲ့ ပြီးမလား ဆရာ'

'ဘယ်ပြီးမလဲ ရန်ကုန်က အခန်းတွေက သူ အခြားရှုတင်တွေနဲ့ မငြိတဲ့အချိန်မျိုး ပေးမှာပါ'

'ဩော်'

ဗီဒီယို ရုပ်ရှင် အနုပညာလုပ်ငန်းအကြောင်းကို သူ နားမလည်ခဲ့။

သို့သော်. . စူးစမ်းတတ်သောသူ့ဝါသနာကြောင့် အနားမနေ။

ကင်မရာမင်း မီးထိုးသမား ရှုတင်ထမင်းတာဝန်ခံတို့နှင့်ကအစ အကုန်လုံးနှင့်စကားပြော၊ သိချင်တာကို မေးမြန်းသည်။

'မင်းသား ခဏလောက်တော့ နားလိုက်ပါဦးလား'

ဦးဆွေကပါ ဝင်ပြောသည်။

သူ၏အုပ်ထိန်းသူ အဘမောင်ကလည်း

'ဟုတ်တယ် ဖိုးသား. . တစ်ရေးတစ်မော အိပ်လိုက်ပါဦးလား'

'မပင်ပန်းပါဘူး အဘမောင်ရာ. . သား လေ့လာချင်သေးလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



သွန်းနုံ့သာခင်က အံ့ဖွယ်အောင်မြင်၏ထူးခြားသော အရည်အသွေးကိုတွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်သွားခဲ့သည်။

ခေတ္တ ထိုင်ပြီး နားနေသည့်တိုင်အောင် အကြည်ဓာတ်ရှိသော မျက်ဝန်းအစုံက သူ့အား စိတ်ဝင်စားစွာစိုက်ကြည့်လိုက်သည့်ဟန်ကလေးကို ပြန်လည် မြင်ယောင်လာသည်။

'မင်းသမီး မိတ်ကပ် နည်းနည်းထပ်ဖို့ဦး ကြည့်စမ်းပါဦး မျှေးကလေးတွေတောင် စို့လို့ပါလား။ အင်းပေါ့လေ။ မီးရောင်က အပူဟပ်မှာကိုး'

မာမီစောက စကားတွေဘယ်လောက်ပြောပြော သူမကြားတော့။

နောက်ရိုက်ရမည့်အခန်းက မင်းသားနှင့် တွေ့ဆုံခဲ့သည့်အကြောင်း ပြန်လည် စဉ်းစားရင်း မျက်ရည်ကျရမည့်အခန်း။

လွမ်းဖွယ်ကောင်းသောကန်ရေပြင်၏ နေဝင်ချိန်ကို နောက်ခံထားမည်။

အဝေးမှ ညှို့မှိုင်းနေသောတောင်တန်းများကလည်း





လွမ်းအားဖြည့်စွက်ကူညီမည်။

'အံ့ဖွယ်အောင်မြင် ဆိုတာ သူ့ နာမည်အရင်းလား မာမီစော'

'ဟုတ်ဘူး။ အဲ ဟုတ်တယ်လို့လဲ ပြောလို့ ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့နာမည်အရင်းက အံ့ဖွယ်အောင်လေ။ မင်းသားနာမည်ကျတော့မှ မြင်တစ်လုံး ပိုလာတာ။ ချစ်စနိုးနာမည်လည်း ရှိသေးတယ်။ ဖိုးသား တဲ့။ ချစ်စရာလေးနော်။ သူ့မျက်လုံး တစ်ချက်စိုက်ကြည့်လိုက်ရင် များရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိတော့ဘူး။ အသည်းတူ အူတုန်ဖြစ်သွားတော့တာပဲ'

သွန်းနုံ့သာခင် မာမီစောစကားများကို ဆက်မကြားတော့။

အံ့ဖွယ်အောင်မြင်ကို လှမ်းကြည့်လိုက်သည်။

ကို့ရို့ကားရားတွေမဝတ်တော့။

ဘောင်းဘီပွပွ အင်္ကျီပွပွများကိုတော့ ရှုတင်ချိန် မဟုတ်လျှင် ဝတ်တတ်သည်။

သူငယ်ချင်းများနှင့် . . . လျှောက်သွားနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖိုးသား လက်တဲ့သွားမစမ်းနဲ့နော်။ သူများလျော်တာပဲ စီး'

'အဘမောင်ကလည်း သား ကလေး မဟုတ်ပါဘူး။ သိပါတယ်။ ပင်လယ်ပြင်မှာ စပိဘုတ်စီးနေကျပဲ'

'ပင်လယ်နဲ့ ဒီအင်း မတူဘူးလေ'

'ဒါလည်း တောင်ပေါ်ပင်လယ်ပဲဟာ စိတ်ချ အဘမောင် သားမှာ ရေနဲ့သေမယ့်ဇာတာမပါဘူး'

ရေပေါ်ဟိုတယ် ဝရံတာမှနေ၍ စက်လှေငှားပြီး စီးဟန်ပြင်နေသော အံ့ဖွယ်အောင်မြင်ကို သူ၏အုပ်ထိန်းသူလုပ်လာသည့် အဘမောင်က တားဆီးသတိပေးနေသည်။

သွန်းနုံသာခင်က သူတို့အနီးသို့လျှောက်သွားပြီး

'ဖိုးသား ခဏစောင့်ပါလား'

အံ့ဖွယ်အောင်မြင်က သူ့အား အထူးအဆန်းလို ခပ်စိမ်းစိမ်းမျက်ဝန်းနှင့် လှမ်းကြည့်ကာ

'ဘာလုပ်မလို့လဲဗျ'

'တို့လည်း လိုက်ချင်လို့ပေါ့ကွာ။ ဒီတစ်ခန်းရိုက်ပြီးရင် တို့လိုက်လို့ရပြီ'

'ရှုပ်တယ်ဗျာ။ ခင်ဗျားပါရင် ဟိုလူကြည့် ဒီလူကြည့်





နဲ့ ခင်ဗျားသွားချင်ရင် ဦးတိုက်နဲ့ ဦးဆွေကို ပြောဗျာ'

ပြောပြောဆိုဆိုနှင့် စက်လှေထဲသို့ ဆင်းသွားလေသည်။

'ဘယ်လိုဟာလေးလဲ မသိဘူး'

သွန်းနုံသာခင် နှုတ်ခမ်းချွန်ကာ ပွစိပွစိ လုပ်လိုက်သည်။

အဘမောင်က

'ဖိုးသားက မိန်းကလေးတွေနဲ့ တရင်းတနှီးမနေဘူးလို့ပါ ခင်မင်ရင်းနှီးသွားရင် သူသိပ်သဘောကောင်းကြောင်း သိသွားပါလိမ့်မယ် မင်းသမီး'

'သူ ဝါသနာပါလို့ မင်းသားလုပ်တာလား သူ့အဖေ တိုက်တွန်းလို့လား အဘ'

'ပြောရတော့ခက်သား ဘယ်အလုပ်ကို ဝါသနာပါမှန်းမသိတဲ့သူ့အတွက် ဒါလည်း အစမ်းသဘောဖြစ်ချင်ဖြစ်မှာပါ။ အဓိကကတော့ ဟောဟို ဒါရိုက်တာကြီးဦးတိုက်ရဲ့ ပယောဂပဲ ဆိုရမှာပေါ့ သူတင်တဲ့ မင်းသားလေ'

'မင်းသား ညခန်းရှိတယ်နော်'

'စိတ်ချ ညအထိမလည်ပါဘူး။ ရေထဲ လမ်းပျောက်



www.burmeseclassic.com

www.burmeseclassic.com



နေရင်ခက်မယ်'

အံ့ဖွယ်အောင်မြင်က ပွဲကိုင်နား စက်လှေသမားနှင့် အတူထိုင်ကာ သူ၏ သူငယ်ချင်း နှစ်ယောက်၊ အဖော်နှစ်ယောက်ဖြင့် လိုက်ပါသွားလေသည်။

သွန်းနုံ့သာခင်သည် စက်လှေလေးအား မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။





## အခန်း(၆)

အံ့ဖွယ်အောင်မြင် အစ်ကိုဖြစ်သူ၏ အခန်းသို့ ကူးလေသည်။

အဘမောင်နှင့် အစ်ကိုထင်ရှား လူစားလဲလိုက်ပြီ။

သူတို့ အင်းလေးကိုရောက်ပြီး (၃)ရက်မြောက်နေ့မှ အစ်ကိုက လိုက်လာနိုင်လေသည်။ အမှန်တော့ လုပ်ငန်းများ ကြီးကြပ်ရင်းနှင့် သူ့အားစောင့်ရှောက်ပေးဖို့ ဖေဖေက လွှတ်လိုက်ခြင်း ဖြစ်ကြောင်း သူ ကောင်းစွာ သဘောပေါက်လေသည်။

အဘမောင်ကလည်း အိမ်၏ ဘဏ္ဍာစိုး ဖြစ်သဖြင့် အိမ်မှာလည်း ဖေဖေ့အတွက် လိုအပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို အိပ်ပြီလား'

'မအိပ်သေးပါဘူး စာရင်းဇယားတွေစစ်နေတာ။ လာဖိုးသား ဘာပြောမလို့လဲ'

အံ့ဖွယ်အောင်မြင်က အစ်ကိုထင်ရှား၏ ကုတင်ပေါ်သို့ ပစ်လှဲချလိုက်ပြီးနောက် မျက်နှာကျက်ကိုကြည့်ကာ

'ကိုကိုနဲ့မင်းသမီးက တက္ကသိုလ်တုန်းက class mate တွေဆို'

'အင်း ဘာဖြစ်လို့လဲ'

'ရင်းနှီးသလား သူ့အကြောင်း ကိုကိုဘယ်လောက်သိသလဲ'

'ချောတယ် လှတယ် ကွင်းအဖြစ် နာမည်ကြီးတယ်။ နောက်. . ရုပ်ရှင် ဗီဒီယိုဘက် ကူးသွားပြီး အဝေးသင်တက္ကသိုလ် (Distance) ပြောင်းသွားတယ်။ ဒါပဲ သိတယ်'

'ဩော် ဒီထက် ပိုမသိဘူးလား'

'သိသလောက်ကတော့ ဂျာနယ် မဂ္ဂဇင်းတွေမှာ ပါသလောက်ပဲ သိတော့တာပေါ့။ ဘာလဲ မင်းက စိတ်ဝင်စားနေလို့လား မဖြစ်ဘူးနော် လေးလေးက မင်းကို စိတ်မချနိုင်လို့ ငါ့ကို လွှတ်လိုက်တာ'





'သိသားပဲ. . မင်းသမီးတစ်ယောက်ကို စိတ်ဝင်စားလောက်အောင်အထိတော့ ကျွန်တော် မညံ့သေးပါဘူး။ သူ့ရဲ့အတွင်းစိတ်ကို သူ့ရဲ့မာယာမျက်နှာဖုံးအောက်က ခွာကြည့်ဖို့ဆိုတာ လွယ်ကူတာမှမဟုတ်တာ'

'အင်းလေ မင်းနားလည်ဖို့ပဲ အရေးကြီးပါတယ်။ မိုးသဲနဲ့ပတ်သက်ပြီး မထိခလုတ်ထိခလုတ်လေးတွေနဲ့ သရော်တော်တော်ရေးထားတဲ့ သတင်းတွေကိုကော. . . ဖတ်ပြီးပြီလား'

ဖေဖေနှင့်ကိုကိုက သူ့အား မင်းသမီးသွန်းနို့သာခင်နှင့် တွဲဖက်သရုပ်ဆောင်ရမည်ဆိုကတည်းက မင်းသမီးနှင့် ပတ်သက်သောဂျာနယ်မှန်သမျှကို စုဆောင်းရှာဖွေပြီး ပေးထားသည်။

× × × ရှယ်တူတန်းတူဖြစ်ခဲ့ဖူးသော စူပါမင်းသမီးနှင့် စူပါဒါရိုက်တာတို့၏ မပွင့်တစ်ပွင့် ဖွင့်ဟချက်များ × × ×

× × × မခိုင်လုံသောအကြောင်းပြချက်နှင့် စူပါမင်းသမီးနှင့်ဆိုလျှင် မရိုက်လိုဘူးဆိုတဲ့ စူပါဒါရိုက်တာ × × ×

× × × စူပါမင်းသားကို ငြင်းဆန်လိုက်တဲ့ စူပါမင်းသမီး × × × ဘာပြဿနာများရှိပါလိမ့် × × ×



www.burmeseclassic.com

www.burmeseclassic.com



× × × စူပါမင်းသားက လူပျိုကြီးပဲလုပ်တော့မယ်ဟု ဆိုသော်လည်း မျှော်လင့်ချက်ကလေးဖြင့် × × ×

စသည်ဖြင့် စူပါမင်းသမီး သွန်းနုံသာခင်ကို ဆောင်းပါးရိုပ်ခြေ မထိတထိကလိထားသည့်သတင်းများကို သူ ဖတ်ခဲ့ရသည်။

'ကိုကို ဂီတ ရုပ်ရှင် သဘင် အနုပညာသမားတွေရဲ့ ဘဝဟာ မသက်သာလှဘူးနော်'

ထင်ရှားက အံ့အားသင့်သော မျက်လုံးနှင့် သူ့အား ကြည့်လိုက်လေသည်။

'မီးရောင်စုံအောက် နေရောင်အောက်မှာ လှုပ်ရှားရတဲ့ဘဝဟာ လွယ်လွယ်ကူကူ မဟုတ်ဘူး။ အနည်းနဲ့အများတော့ ပင်ပန်းကြတာပဲ။ ရင်ထဲမပါဘဲ လှုပ်ရှားလို့မပီပြင်နိုင်ဘူး။ အနုပညာဆိုတဲ့ပိုးဟာ ခန္ဓာကိုယ်ရှိအကြောပေါင်းတစ်ထောင်ထဲ စိမ့်ဝင်နေမှ အောင်မြင်နိုင်မယ်'

'ဒါဆို မင်း (mood) ဘယ်လိုသွင်းသလဲ'

'အောင်မြင်ရမယ်လို့လေ အံ့ဖွယ်အောင်မြင် ဆိုတဲ့အတိုင်း ဖြစ်ရမယ်။ သားက ဝေလေလေနေရာကလူတော့ အဖြစ်မခံနိုင်ပါဘူး။ ဖေဖေ့ဂုဏ်သိက္ခာ သားကြောင့် မကျ





ခရဘူး'

ထင်ရှားက ကလေးဟုသာ ထင်ထားသော သူ့ညီငယ်ကို စိုက်ကြည့်လိုက်သည်။

ထူးခြားသော ပါရမီရှင်ပေပဲ။

ကလေးလို အပူအပင်မရှိ လိုတရဘဝမှ အနုပညာသည်ဘဝသို့ စတင် ဝင်ရောက်ရုံသာ ရှိသေးသည်။ စကားတွေ လေးလေးနက်နက်ပြောတတ်လာလေသည်။

'ဒါထက် မင်းသမီးအပေါ် ကော အလုပ်သဘောလို့ မြင်ရဲ့လား။ ခံစားနိုင်ရဲ့လား'

'အင်း အပြင်မှာ ဒီလောကစကားများတဲ့ မင်းသမီး အတော်လမ်းအရတော့ တည်ငြိမ်ပြီး အချစ်ကိုအစွဲအလမ်းကြီးတဲ့ပုံတော့ ပီပြင်တယ်။ တစ်ခါတစ်ရံ ရိုက်ကွင်းပါလား ဆိုတာတောင် မေ့သွားပြီး ကိုယ့်ကိုကိုယ် (ဇွမ်း)ပဲ ထင်မိတယ်'

'ကောင်းတယ်။ မင်းဟာ ကင်မရာရှေ့ရောက်တာနဲ့ ဇွမ်းပဲ ဖြစ်ရမယ်။ မင်းသမီးကို (ပီတောက်) အနေနဲ့ပဲ မြင်ရမယ်။ ကျန်တဲ့အချိန်မှာတော့'

'တော်ပါ ကိုကိုရာ. . . စိတ်ချပါ မင်းသမီးက ဘယ်လောက်ပဲ ပြုစား ပြုစား ကျွန်တော့်ဝမ်းထဲ ပြဒါးရှင် ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



မြေလျှိုးမိုးပျံပြီး ရှောင်ပြေးနိုင်ပါတယ်'

အံ့ဖွယ်အောင်မြင်က ရယ်မောကာပြောလိုက်ပြီး အိပ်ယာမှထတာ

'ကိုကိုလည်း အိပ်တော့ သားလည်း အိပ်တော့မယ်'

'အင်း ဂွတ်နိုက် ဖိုးသား'

'ဂွတ်နိုက် ကိုကို'

အံ့ဖွယ်အောင်မြင်သည် အစ်ကိုဖြစ်သူ၏အိပ်ခန်းထဲမှထွက်လာပြီးသည့်တိုင် အိပ်မရသေး။ မနက်ဖြန် ကျောင်းသားဘဝက ကျူရှင် ပြေးပြီး လျှောက်လည်သည့်အခန်းကို ရိုက်မည်။ ဆံပင်ပုံစံပြောင်းပြီး (၁၈)နှစ်အရွယ်ဘဝက ငယ်ကျွမ်းဆွေအခန်းများကို နှစ်ရက်နှင့်အပြတ်ရိုက်ရမည်။

မိသားစုပြဿနာကြောင့် အဖေပျောက်ကိုရှာသော အထီးကျန်လူငယ်၏ဘဝထဲသို့ သွက်လက်ချက်ချာသောသူငယ်ချင်းမလေးအသစ်ကဝင်လာပြီး ဆွဲဆောင်သွားခြင်းဖြင့် ဘဝကို ပျော်ရွှင်စွာနေတတ်လာသော လူငယ်နေရာ သရုပ်ဆောင်ရမည်။

သူငယ်ချင်းမလေး၏အပြုအမူများကို စိတ်ဝင်စားကာ စွဲလမ်းသွားသည့်နေရာက သရုပ်ဆောင်ရမည်။





ဇာတ်လမ်းကို အလွတ်ရသည်အထိ ဖတ်ပြီးနေပြီ။ သီချင်းသရုပ်ဖော်ခန်းက အင်းလေးရေပြင်၌ လှေလျှောက်စီးသွားရေပက် ကျီစယ်ကြမည်။ အင်းလေး၏ သဘာဝအလှ ကျွန်းမျောများအလှ ရေပေါ်ဈေးတို့နှင့် သူတို့နှစ်ဦး၏ ကြည်နူးဖွယ်အလှများကို သရုပ်ဖော်သွားမည်ဖြစ်သည်။

လရောင်အောက် တောင်ပေါ်ပင်လယ်ကို သူ တအံ့တသြ ငေးကြည့်နေမိသည်။ မီးရောင်စုံနှင့် ခေတ်မီစက်ကိရိယာကြား၊ မြို့ပြလူနေထိုင်မှုကြား၌ ပျော်မွေ့ခဲ့သော သူ့အတွက် သဘာဝအလှတရားများသည် ရင်သပ်ရှုမောဖွယ်ဖြစ်နေလေသည်။

လရောင်အောက်က ငြိမ်သက်စွာ အိပ်မောကျနေသော အင်းလေးကန်ရေပြင်၏အလှသည် ဖြူစင်သန့်ရှင်းသောမိန်းမလှလေး အိပ်မောကျနေသည်နှင့်တူလှသည်။

လမင်းက လူခြေတိတ်ချိန်တွင် ကန်ရေပြင်ထဲ တိတ်တိတ်ရေချိုးဆင်းသည်မှာ အိမ်တွင်းပုန်းမိန်းမချောလေး ရေချိုးဆင်းသည်နှင့်ပင် တူလှသည်။

လသာဆောင်၏ ဝရံတာမှာ ရပ်ရင်း လပြည့်ည၏ အလှတရားကို အပြည့်အဝခံစားရင်း၊ ခေတ်မီစက်ကိရိယာ



www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင်များကြားပျော်မွေ့ပြီး မောမောနှင့်အိပ်ပျော်ခဲ့သောညများကိုပင် နှမြောမိသလို ခံစားရလေသည်။

'ဖိုးသား မင်းလည်း အိပ်မပျော်ဘူးကိုး'

သူနောက်ပါးသို့ ဘယ်အချိန်ကတည်းက ရောက်နေ မှန်းမသိသော မင်းသမီးထံမှ ဆွဲလွဲသံလေးထွက်ပေါ်လာ သူ သတိပြုမိလိုက်သည်။

သူ ခွန်းတုန့်မပြန်ဘဲ ခပ်မဆိတ်ပင်နေပြီး ရှုခင်း သာ ငေးကြည့်နေလိုက်သည်။

သူနှင့် လက်တစ်လှမ်းအကွာ၌ လာရပ်ရင်း

'နောက်ဆိုရင် ခုလိုလူခြေတိတ်တဲ့ညတွေ လူသူကင်း တဲ့ နေရာတွေကို နှစ်သက်လာတတ်လိမ့်မယ်'

'ဘာကြောင့် အတတ်ပြောနိုင်တာလဲ'

သူ မင်းသမီးကို ပြန်ကြည့်လိုက်ရင်း မေးခွန်းထုတ် လိုက် သည်။

မင်းသမီးက သူ့ကို ကြည့်မနေ၊ ပတ်ဝန်းကျင်ရှုခင်း အလှများကို ငေးမောကြည့်ရင်း

'ရောင်စုံမီးရောင်အောက်မှာ မြင်တွေ့နေရတဲ့ ဈေး စုံမျက်နှာတွေ၊ နောက် ဖန်တီးမှုတွေ၊ ဒါတွေရဲ့မှန်းကြပ်မှု





ခံစားလာရပြီးတဲ့နောက်မှာ သဘာဝ ဆိုတဲ့ အရသာကို လိုချင်တပ်မက်လာကြတာ လူသားတွေရဲ့ထွက်ပေါက်(out let) ပဲ မဟုတ်လား'

မင်းသမီး၏ ပင်ကိုယ်မျက်နှာအလှသည် လရောင်ဆမ်းထားသောကြောင့် ဝင်းလက် တောက်ပနေသည်။ ညအိပ်အင်္ကျီ ပိုးသားအဖြူရောင်၊ ပျော့ပျောင်းသောဆံနွယ်တို့က ပခုံးထက် ကပိုကရိုကျနေသည်။

အံ့ဖွယ်အောင်မြင်ရင်ထဲ တိတ်တခိုးကောက်ချက်ချမိသည်။

'သိပ်လှတာပဲ ဒါကြောင့်.. မင်းသမီးဖြစ်တာ ထင်တယ်'

ဟု၍။ သို့သော် အချို့ ဗီဒီယိုကြော်ငြာသရုပ်ဆောင်များကိုမြင်ဖူးသည်။ ပြည့်စုံသောအလှပိုင်ရှင် ခပ်ရှားရှားပင်။

'မင်းသမီး'

'တို့ကို အဲဒီလိုကြီး မခေါ်နဲ့ကွာ'

'သူများတွေလည်း ခေါ်တာပဲ'

'သူများတွေက သူများ ဖိုးသားက ဖိုးသားပဲ'

'ဒါဖြင့် ဘယ်လိုခေါ်စေချင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူမဆန္ဒကို လိုက်လျောပေးချင်သော စိတ်ကလေး သူရင်ဝယ် အလိုအလျောက်ပေါက်ဖွားလာလေသည်။

'မသိဘူး'

'အဲဒါ အိမ်နာမည်လား'

'ကြည့်စမ်း. . . ကြည့်တော့ ရှုတည်တည်နဲ့ နောက်တတ်သားပဲ။ ကဲပါ မင်းရင်ထဲ အလိုအလျောက်ပေါက်ဖွား လာမယ့် နာမ်စားတစ်ခုကိုပဲ တို့ မျှော်လင့်ပါတယ်'

မင်းသမီးရင်ထဲရှိ ဆန္ဒတွေကို သူလိုက်မဖတ်တတ်၊ မင်းသမီးသည် တည်တည်ငြိမ်ငြိမ်ပင်ရှိနေသည်။ ခုလို အနေ အထားမျိုး၌မြင်တွေ့ရတော့ သူ့စိတ်ထဲ အေးချမ်းသလို ခံ စားရသည်။

'ကျွန်တော် တစ်ခုမေးချင်တယ် မေးလို့ရမလား'

'လူခြေတိတ်ချိန် ထလာပါတယ်။ မီဒီယာနဲ့ လာတိုး နေပြီကိုး'

'ဒါဆို မမေးတော့ပါဘူး'

'အဲဒီလိုပြောမှပိုသိချင်လာပြီ မေးပါ ရှေ့ကိုယ်တော်'

သူ စဉ်းစားလိုက်သည်။

သိပ်များ စိတ်ဝင်စားရာကျမလားဟု။ သို့သော် မေး





ချင်စိတ်က ရှိနေသည်။

'သိပ်ခက်ခဲတဲ့ မေးခွန်းလား။ ဒါဆိုရင်လည်း မမေး တာ ကောင်းမယ်ထင်တယ်'

'ဘာဖြစ်လို့လဲ'

'သိပ်စဉ်းစားရရင် အိပ်ပျော်ဘဲ နေလို့ မျက်ကွင်း ဟောက်ပက်ဖြစ်ရင် မိတ်ကပ်ထူထူကူနေရဦးမယ်။ မင်းကော မအိပ်သေးဘူးလား'

'ညနေက မောမောနဲ့ အိပ်ပျော်သွားပြီး ခုမှ တရေးနိုး သို့ ထလာတာ ခင်ဗျားကော'

'ညဦးပိုင်း တစ်ရေးအိပ်ပြီးပြီ ကိုင်း မေးလေ'

သူထုံးစံအတိုင်း ပြုံးလိုက်ပြီးမှ

'ဝါသနာပါလို့ မင်းသ. းလုပ်တာလား'

'ဟုတ်တယ် ငယ်ငယ်ကတ ညြး‌က ဗေထိလို့ ဆိုင်းသံ ကြားရင်ကို ကချင်တာ။ တို့က တောသူ။ နာမည်ရင်းကိုက ရွှမ်းပုံ တဲ့။ ငယ်နာမည်လေ တို့ဇာတိက အောင်ပန်းမှာ'

'နိုးသားပဲ'

'ဒီကအပြန် ဝင်သွားမယ် စိတ်ကူးတယ်။ အဘနဲ့ အမေတို့က မင်းသမီးလုပ်တာကို ခွင့်မပြုဘူး။ စိတ်ဆိုးတုန်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ သူတို့ဖြစ်စေချင်တာက ကျောင်းဆရာမလေ'

'မျိုးရိုးရှိလို့လား'

'ရှိတယ်. . တို့ကြီးတော်တစ်ယောက်က ရုပ်ရှင်မင်းသမီးပဲ ငယ်ငယ်နဲ့ပဲ ဆုံးသွားတယ်။ အဲဒါကြောင့် သူတို့က မလုပ်စေချင်တာ။ ပြောစကား နားမထောင်တော့. . တို့ကို အမွေဖြတ်စွန့်လွှတ်တယ်လို့ ကြေညာထားတယ်လေ။ ဆယ်နှစ်နီးပါးရှိပြီ။ တို့ ကြုံတိုင်းဝင်တွေပြီး ကန်တော့ပေမယ့် ကန်တော့မခံဘူး ကျောခိုင်းထားကြတုန်းပဲ။ လုပ်စရာရှိတာတွေကိုတော့ တို့ညီမနဲ့ မောင်ကနေ တစ်ဆင့်တော့ ပြောခိုင်းတယ်။ လုပ်ခိုင်းပေးတယ်။ ကန်တော့တာတွေလည်း တို့နာမည်နဲ့ ကမ္ဗည်းထိုးလှူပေးလိုက်တာချည်းပဲတဲ့လေ'

အနုပညာဝါသနာပိုးသည် ကင်ဆာပိုးလိုပင် အမြစ်ဖြတ်ရခက်သည်ထင်ပါသည်။

မင်းသမီး၏ မျက်နှာပြင်ဝယ် ကြေကွဲရိပ်တို့ ယှက်သန်းနေလေပြီ။

'အောင်မြင်မှုတစ်ခုအတွက် ပေးဆပ်ခဲ့ရတဲ့ ဆုံးရှုံးမှု တစ်ခုကတော့ ရှိစမြဲပဲပေါ့ မင်းသားရယ်။ ဒါပေမယ့် ပရိသတ်ရဲ့ လက်ခုပ်သံ၊ ကျေနပ်အားရသံတွေဟာ အနုပညာသည်





အတွက် အားသစ် အင်သစ်တွေ အမြဲဖြစ်ပေါ်စေတဲ့ အားဆေးတစ်ခွက်ပဲ။ ဒီလိုနဲ့ပဲ ပရိသတ်အားပေးနေသရွေ့ အောင်မြင်စွာ ဇာတ်ခုံပေါ်က နေရာတစ်နေရာ ရနေဦးမှာပဲ။ ရနေခြင်းအပေါ် ကျေနပ်စွာနဲ့ မှော်ကြိုးရှုပ်နေရဦးမှာပဲပေါ့ မင်းသားရယ်'

သူရင်ထဲ၌ တစ်ခါမှ လေးလေးနက်နက်မစဉ်းစာဖူးသောကိစ္စကို စဉ်းစားမိလာလေပြီ။

'မင်းကော ဘာရည်ရွယ်ချက်နဲ့ မင်းသားလုပ်တာလဲလို့ တို့မေးရင် မင်းဖြေမှာလား'

သူ ခေါင်းခါလိုက်သည်။

'ဘာကြောင့်ပဲဖြစ်ဖြစ် မင်းတော်ပါတယ်။ ကိုင်း မင်းသွားအိပ်တော့လေ'

'ကျွန်တော့်ကို အမိန့်ပေးတာလား'

'အို'

မင်းသမီးက သူ့အား စေ့စေ့ကြည့်လိုက်သည်။

လှောင်ပြုံးလေးနှင့် အာမေဋိတ်ထွက်လိုက်ပြီးမှ

'ကျွတ်ဆတ်ဆတ်နဲ့ပါလား။ တို့က အကောင်းပြောတာကို။ မင်းသားက မိတ်ကပ်လည်းမလိမ်းတော့ မျက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဟောက်ပက်လေးနဲ့ မလှမှာစိုးလို့ စေတနာနဲ့ပြောတာပါ'

'စေတနာနဲ့ ဆိုရင် လက်ခံတယ်။ ဒါပေမယ့် ကျွန်တော့်ကို ဘယ်သူမှ အမိန့်ပေးလို့မရဘူး'

'ယုံပါတယ်။ ကိုင်း မင်း မအိပ်ချင်သေးလဲနေခဲ့ တို့တော့ သွားအိပ်လိုက်ဦးမယ်။ မနက်ဖြန်အတွက် အားသစ်မွေးရဦးမယ်။ ဂွတ်နိုက် ချာတိတ်'

သူ့အား ကျောခိုင်းထွက်သွားသော လမင်းသမီးကို နောက်ကျောပြင်ကို မကျေမနပ်ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

စိတ်ထဲမှာ လုံးဝမကျေမနပ်ဖြစ်ကျန်ရစ်ခဲ့လေသည်။ သူ့အား ချာတိတ်ဟု သုံးစွဲထားခြင်းကို မကျေနပ်ခြင်းဖြစ်မိလေသည်။

သူ့ကိုယ်သူ လူကြီးဂိုက် ဖမ်းကာ အစ်မကြီးလေသံမျိုးသုံးစွဲကာ ဆရာလုပ်သွားသည်ဟု ထင်မိခြင်းကလည်း ပါလေသည်။

သို့သော် တစ်ခုတော့ ကျေးဇူးတင်လေသည်။ ရိုက်ကွင်း၌ သူ့အား မကြောင်စေရန် ဖုံးကွယ်ဖေးမသွားနိုင်စွမ်းရှိလေသည်။





'ဩော် မင်းသား'

ခြေလှမ်း ၄-၅လှမ်းလှမ်းပြီးမှ သူ့အားလှည့်ကြည့်ကာ ခပ်တိုးတိုးပင် အသံပြုလိုက်သည်။

ထိုအခါ အကြည့်သူခိုး လူမိသွားသည်။

သို့သော် ကိစ္စမရှိ။ သူ့အကြည့်၌ မကျေမနပ်သော အရိပ်အရောင်များကြောင့် ဘုကြည့်ကိုသာ မင်းသမီးတွေ့မြင်ရပေမည်။

'မနက်ဖြန် မိုးလင်းတာနဲ့ အံ့ဖွယ်အောင်မြင်နဲ့သွန်းနုံသာခင်ဆိုတာ မရှိတော့ဘဲနဲ့ ဇမ္ဗူနဲ့ပိတောက်ဆိုတဲ့ သိပ်ချစ်ကြတဲ့ ချစ်သူတွေပဲရှိတယ်။ တစ်လောကလုံးကိုမေ့ထားပြီး လွတ်လပ် ပျော်ရွှင် ရှင်းသန့်တဲ့ ချစ်သူအဖြစ် တို့ကို ၃ ရက်လောက် ချစ်သွားပေးပါ ဒါပဲနော်။ သဘောပေါက်တယ်နော်'

သူ အင်းမလုပ် အဲမလုပ် နေလိုက်သည်။ မင်းသမီးတလည်း သူ၏တုန့်ပြန်မှုကို စောင့်မနေဘဲပြန်လှည့်ကာ သူ့အတွက်ပေးထားသော သီးသန့်ဆောင်ဆီသို့ လျှောက်သွားလေသည်။

လရောင်အောက်ဝယ် အင်္ကျီဖြူဖြူလေးနှင့် ဆံနွယ်



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျော့လေးက ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေအေးအေးလေးတို့၏ ကလူကျီစယ်မှုကြောင့် လူးလူး လွင့်လွင့် ကလေးရှိနေသည်။

လနတ်သမီးလေး သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ သူ အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။

နောက် အတွေးရိပ်ကို စိုးမိုးစပြုလာသည့် လနတ်သမီးကို အတင်းနှင်ထုတ်ကာ အိပ်ပျော်ရန် ကြိုးစားလိုက်လေသည်။

မနက်ဖြန် သိပ်ချစ်ရသည့် ချစ်သူပိတောက်နှင့်ပျော်ရွှင်စွာလျှောက်လည်ကြမည်ဟု စိတ်ကူးနှင့်ပျော်ကြည့်သည်။ mood သွင်းထားလိုက်သည်။ ဇာတ်လမ်းထဲက ပိတောက်ကို သူသိပ်ချစ်သည်။

■





## အခန်း(၇)

ဆယ်ကျော်သက်အရွယ်ဘဝမှ ဆံပင်ပုံစံ ဝတ်စားဆင်ယင်ပုံကအစ ပြောင်းလဲလိုက်သောအခါ တကယ်ပင် နှမျိုကာ စိတ်ထဲ ငယ်မူငယ်သွေးနှင့်ပျော်ရွှင်မိလေသည်။

လှေလျှောက်စီးသည်။ ရေထဲမှ ဗေဒါတို့ ဆယ်ကာတစ်ယောက်ကိုတစ်ယောက် ပေါက်ကာ ကျီစယ်ကြသည်။ ဟန်ဆောင်မှုကင်းကွာသောဘဝမျိုး လွတ်လပ်စွာရယ်မောကြသည်။ တစ်ခါတစ်ရံ သွန်းနှံသာခင်စိတ်ထဲ၌ တကယ်ပင် ရုပ်ရှင်ရိုက်နေပါလားဟု မေ့သွားသည်။ ဇင်ယော်လေးများကို အစာကျွေးရင်း သူတစ်ဝက်ကိုယ်တစ်ဝက်စားကြသည်။ အမှန်တကယ်ပဲ ဗိုက်ဆာနေကြသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



'တကယ်စားတယ်'

'စားတာပေါ့ ဆာနေပြီကိုး'

ကင်မရာအဝေးရိုက် ဖြစ်သဖြင့် မင်းသားအမေးကို သွန်းနုံ့သာခင်ကရယ်ကျဲကျဲလေးနှင့်ဖြေလိုက်သည်။ မင်းသားက သဘောကျစွာ နှစ်နှစ်ခြိုက်ခြိုက်ရယ်လိုက်လေသည်။

'ချစ်စရာလေး' ဟု သွန်းနုံ့သာခင်က ကောက်ချက်ချရင်း မင်းသားကိုပါပေါင်မုန့်ခွံကျွေးလိုက်သောအခါ မင်းသားက ပါးစပ်ဟပေးလိုက်သည်။ စားရင်း -

'ကျွန်တော်လည်း တကယ်ဆာနေပြီ. . ပျော်လည်း ပျော်တယ်။ ဆာလည်း ဆာတယ်'

'တို့လည်း သိပ်ပျော်တာပဲ တစ်ခါမှ ဒီလောက်မပျော်ဖူးဘူး'

အသံကိုမယူ အမူအယာပဲယူမည်။ နောက်ခံ တေးသီချင်းတစ်ပုဒ်ကို ထည့်ထားမည်ဖြစ်ရာ သူတို့ ပိုလွတ်လပ်လေသည်။ ရိုက်ကွင်းဆိုတာကိုမေ့ထားလိုက်ကြသည်။ ရင်းနှီးမှုလေးများက တစ်ရက်ထက်တစ်ရက် ပိုလာကြလေပြီ။ အံ့ဖွယ်အောင်ဘဝ၌ ယခုလို မိန်းကလေးတစ်ယောက်နှင့်တစ်ခါမှရင်းရင်းနှီးနှီးမနေခဲ့ဖူးချေ။ ထို့ကြောင့် ထင်သည်။ အထူး





အဆန်းဖြစ်နေပြီး သွန်းနုံ့သာခင်ကိုလည်း စိတ်ဝင်စားလာတာခင်မင်လာလေသည်။သွန်းနုံ့သာခင်သည်ပွင့်လင်းသည်။ တန်ဆောင်မှုကင်းသည်။ စိတ်သဘောထားက သူတစ်ပါးကိုကူညီတတ်သည်။ ရုပ်မင်းသမီးဟူသောမာနမျိုးလုံးဝမရှိချေ။

'ဘယ်လိုလဲမင်းသား တစ်ခါမှသာ မရိုက်ဖူးပေလို့ပဲ။ တကယ်သမ္မာရင့်ကြနေတာပဲ တော်တယ်ဗျာ မျိုးရိုးရှိဖူးလား'

အနုပညာသည် ဖန်တီးယူ၍ မရ။ ပါရမီ ကံသော်လည်းကောင်း၊ မျိုးရိုးဗီဇသော်လည်းကောင်း လိုလေသည်။ သူ့ရင်ထဲ၌ လေးလေးနောင်ကို သတိရလိုက်သည်။ နောက်ဘိုးလေး။ သူတို့တွေသည် တက်သစ်စအဆိုတော်ရုပ်ရှင်မင်းသားဘဝမှာပင် အပေါင်းအသင်းမှား မူးယစ်ဆေးဝါးကြောင့် အကြွေစောကာ ပျောက်ကွယ်သွားရသူများ ဖြစ်လေသည်။ သူတို့နာမည် တင်ကျန်ရစ်ခြင်း မရှိခဲ့။ ကျန်မည် ဆိုသော်လည်း နာမည်ကောင်းနှင့်ကျန်ရစ်ခဲ့ကြသည်မှ မဟုတ်ပေပဲ။

'မသိပါဘူးဗျာ။ ဖေဖေဘက်ကတော့ မရှိပါဘူး။ မေမေ့ဘက်ကတော့ မေမေက ကျွန်တော်ငါးနှစ်သားကတည်းက သေသွားတော့ မေမေ့ဘက်က အမျိုးတွေအကြောင်း သိပ်မသိလိုက်ဘူး'

www.burmeseclassic.com



သူက ဦးတိုက်ကို ရှည်လျားစွာပင်ရှင်းပြလိုက်သည်။

'ဘာပဲဖြစ်ဖြစ် မင်းသားကို ချီးကျူးတယ်ဗျာ။ ဒီတစ်ကားတည်းနဲ့ကိုပေါက်မှာ ရုပ်ရည်ကိုက ဆွဲဆောင်မှုရှိပြီးသား ဖြစ်နေတာကလည်း တစ်ပန်းသာတယ်ဗျာ မင်းသားတော့ ဒီတစ်ကားတည်းနဲ့တင် အဖေကျေးဇူး ဆပ်နိုင်လိမ့်မယ်ထင်တယ်'

'သိပ်လည်း မြှောက်မနေနဲ့ဦး ဒါရိုက်တာကြီးရေ ခုမှ တစ်ဝက်ကျိုးသေးတာနော်။ ဇာတ်က သူနဲ့ လိုက်တဲ့ သူဌေးသားဘော်ဖြစ်နေတာကလည်း ပါနေသေးတာကိုး။ အမှန်တော့ ညီလေးရဲ့စရိုက်နဲ့ကိုက်နေတာကိုက အောင်မြင်မှုပဲ'

ကိုကိုက ဝင်ပြောသဖြင့် သူ ကိုကို့ကို လှမ်းကြည့်လိုက်သည်။ ကိုကိုက မင်းသမီးနဲ့ ယှဉ်တွဲထိုင်နေသည်။

'ဟုတ်မယ် ဦးထင်ရှား ရှင့်ညီတော်မောင်ရဲ့ လက်ဖဝါးလေးတွေများ နူးညံ့လိုက်တာ တက်ကိုကိုင်ပြီး သွေးခြေဥနေလိုက်တာများ ကျွန်မဖြင့် သနားတောင် သနားသွားတယ်။ သူ့အမေသာရှိရင် သူ့သားကို မင်းသား လုပ်ရတာလည်း ပင်ပန်းတယ်ဆိုပြီး ခိုင်းရက်မှာတောင် မဟုတ်ဘူး'

'ဒါမှမခိုင်း ဘာခိုင်းမလဲဗျာ ကုမ္ပဏီအလုပ်ကိုလည်း





သူ စိတ်ဝင်စားတာ မဟုတ်ဘူး။ အလကား လူဘော်ကျော့ဖြစ်နေမှာစိုးလို့ လေးလေးက တမင်ခိုင်းလိုက်တာ'

သူစိတ်ထဲ ထောင်းကနဲဖြစ်သွားသည်။ ကိုကို့အပေါ် တစ်ခါမှစိတ်မဆိုးစဖူးစိတ်ဆိုးမိသည်။ လူကြားထဲမှာဒေါက်ချတ်တာဟု။ ထို့ကြောင့် သူ ရိုက်ကွင်းမှ ထွက်ခဲ့သည်။ သူ့မျက်နှာပြင်တစ်ခုလုံး စိတ်ဆိုးမှုကြောင့် နီရဲနေပေလိမ့်မည်။ သူတွေ့ ခပ်ဝေးဝေးနှင့်နေချင်လာသည်။ ဦးဆွေကိုတွေ့သဖြင့်

'ဒီနေ့ ကျွန်တော် မရိုက်ချင်တော့ဘူး။ နားမယ်. . မင်းသမီးရိုက်စရာရှိတာတွေ ရိုက်ထားလိုက်တော့ဗျာ'

'ဟေ ဘာဖြစ်လို့လဲ ဖိုးသား'

'စိတ်မပါတော့လို့'

ခပ်တိုတိုပဲပြောပြီး သူ့အခန်းထဲဝင်ခဲ့လေသည်။ သူ့အဝတ်အစားများကို သိမ်းဆည်းနေသော တူးတူးက သူ့အား ကြည့်ကာ

'ကိုသား ညနေခန်းအတွက် ထောပတ်သီးစိမ်းရောင်ဆေး ထုတ်ထားမယ်'

'ဘာမှ မထုတ်နဲ့ ငါ့ကို စက်လှေတစ်စင်း သွားငှားပေးစမ်း ဘယ်သူမှမသိစေနဲ့ ဘယ်သူကိုမှမပြောနဲ့ သွား'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'မဗျာနဲ့ ခိုင်းတာ လုပ်'

ထိုစဉ် တံခါး ခေါက်ကာ ကျော်ဦးနှင့် ဇော်ထွေး ရောက်လာသည်။

'ဘာဖြစ်လို့လဲ ဖိုးသား'

'ဘာမှမဖြစ်ဘူး'

'နေမကောင်းဘူးလား။ မင်းသမီးက မင်း မျက်နှာရှုံ့ မဲ့ပြီးထွက်သွားတယ်တဲ့။ နေမကောင်းဘူးထင်တယ်။ လိုက် ကြည့်လိုက်ပါဦးဆိုလို့'

သူ့ရင်ထဲ၌ တစ်မျိုးဖြစ်သွားသည်။ ကိုကိုနှင့် စကား ပြောနေသော မင်းသမီးက သူ့အား ဘယ်လိုလုပ် မြင်တွေ့ သနည်း။ ဒီမင်းသမီး၌ နောက်၌ မျက်စိတစ်လုံးအပိုပါသည် ထင့်။

'ဘာမှမဖြစ်ဘူး ငါအိပ်ချင်လို့ မင်းတို့သွားကြတော့ မင်းသမီးကို သွားငမ်းကြလေ။ ဘာလုပ်နေတာလဲ သွား. . . ဘယ်သူမှမလာနဲ့'

သူ ပြောပြောဆိုဆို ကျော်ဦးနှင့်ဇော်ထွေးကို တွန်း လွှတ်လိုက်သည်။





'မင်း အချိုးပြောင်းနေတယ်နော်'

'ဒါပေါ့ . ငါးစိမ်းမြင်တော့ ငါးကင်ကြီးတွေကို ပစ်ပြီ ဆို'

'သွားကွာ ငါစိတ်တိုလာပြီနော် ဆွဲထိုးပစ်ရမလား'

'ကိုင်း သွားပါပြီ ကျေးဇူးရှင်ရယ် မင်းအပေါ် စိုးရိမ် နေတဲ့ မင်းသမီးကို ဘာပြောလိုက်ရမလဲ'

'အလကား မာယာတွေ'

သူ့ရင်ထဲ၌ သူ့အတွက်သီးသန့်မဟုတ်ဘဲ လူတကာ နှင့် ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေနေတတ်သော မင်းသမီး အပေါ်လည်း ကြည့်၍မရဖြစ်လာသည်။

'အဲဒါတော့ ပြောလို့မဖြစ်ဘူး'

'ဒါဖြင့် ပြောလိုက်'

'ဘာပြောရမှာလဲ'

'သေလိုက်လို့ ရစ်တယ်ကွာ သွား သွား'

သူ့စိတ်ထဲ မကျေနပ်စိတ်တို့က ထိန်း၍မရ။ ငယ်စဉ် ကတည်းက ခုချိန်ထိ မကျေနပ်စိတ်က ရှိခဲ့သည်။

သူငယ်ချင်းများအပေါ်၌လည်း သူက ပေးပေါင်းခဲ့ ခြင်းက များသည်။ တုန့်ပြန်မျှော်လင့်ချက်က သူနှင့်အတူ သွား



www.burmeseclassic.com

ဖော်လာဖော် ကစားဖော်ရနေလျှင် ကျေနပ်သည်။ သာသည် နာသည် မတွက်တတ်။

ယခု သူငယ်ချင်းတွေ အလိုမရှိတော့ပြီ။

တစ်ယောက်တည်း နေချင်လာပြီ။ အနာဂတ်ခရီးလမ်းကို တွေးချင်လာပြီ။ ကိုယ့်ကိုယ်ကို ဆန်းစစ်ဝေဖန်ချင်လာပြီ။

သူ ဘာလုပ်သင့်ပြီလဲ။

ဖခင်ကိုလည်း လွမ်းသလိုလို ရှိလာသည်။ ညတိုင်း တယ်လီဖုန်းခေါ်သော်လည်း ရတဲ့အခါ ရသည်။ မရတဲ့အခါ မရ။

သူငယ်ချင်းတွေ ထွက်သွားသည်နှင့် ရေချိုးကာ အဝတ်အစား လဲလိုက်သည်။

နေကာမျက်မှန် တပ်လိုက်သည်။

အဝတ်အစားခပ်နွမ်းနွမ်းရှာသည်။

တီရှပ်အဖြူလေး တစ်ထည်နှင့် ဂျင်းဘောင်းဘီ ခပ်ဖျော့ဖျော့ဒီဇိုင်းအဟောင်းပုံစံရှိသည့်ဘောင်းဘီကို ရွေးဝတ်လိုက်သည်။

ကျွန်းမြောတစ်ခုပေါ် သွားရကောင်းမလား။





သို့တည်းမဟုတ် ခေါင်တိုင်ဘက်သွားပြီး တောင်ယာတစ်ခု၌ သွားနေလျှင်ကောင်းမည်လား။

တစ်ယောက်တည်း ဘာသွားလုပ်ရမည်နည်း။ မင်းသမီးပါလာလျှင် ကောင်းမည်။

ဒါလည်း မဖြစ်။

မင်းသမီးကို လူသိများသည်။ သွားရလာရတာလွတ်လပ်မည်မဟုတ်။

'ကိုသား'

တူးတူး ပြန်လာပြီ။

သူ တံခါးကို အသာလေးဖွင့်လိုက်သည်။

'အဆင်ပြေလား'

'ခဏလေး ကိုသား ကျွန်တော် ဝင်ပါရစေ'

သူ တံခါး ဟရုံ ဟထားရာမှ ဖွင့်ပေးလိုက်သည်။

'မင်းသမီးက စာပေးလိုက်တယ်'

'ဟင်'

သူ အံ့အားသင့်သွားသည်။

[illegible]းသား(မင်းသား)

ည ၁၂ နာရီ၊ မြောက်ဘက်က လှေကားနား စောင့်

www.burmeseclassic.com



နေ။ တို့နဲ့အဖော်လိုက်ခဲ့ပေးပါ ဘယ်သူမှ မခေါ်ခဲ့နဲ့။

သွန်းနွံသာခင်

'ဟင်'

'ကျွန်တော် လှေသွားငှားရဦးမလား'

'မငှားနဲ့တော့'

သူ ရင်ထဲ တဒိတ်ဒိတ်ခုန်လာသည်။

မိန်းမတစ်ယောက်၏ချိန်းဆိုမှုကို သူ စတင်ခံစားရ သည်။

'ငါ ခဏအိပ်ပြီးရင်. . ငါ့အခန်း ပြန်ရိုက်မယ် ပြော လိုက်'

'ဗျာ'

သူ့မျက်နှာ ပြုံးယောင်သန်းနေသလားမသိ။ တူးတူး က ဗျာဟု ဆိုရာမှ ပြုံးကာ

'ဩော်. . ဩော် မင်းသမီးက ကိုသားကို ဘာ‌ေး ကျွေးလိုက်လည်း မသိဘူး'

'တူးတူး မင်းဒီအကြောင်းတွေကို ဘယ်သူ့မှလျှော မပြောနဲ့'

'ဟုတ်ကဲ့ မင်းသမီးကလည်း အဲဒီလိုပဲ မှာတယ်'





'ခါးခါးကို ပြော ငါ အိပ်ရာက နိုးရင် ကော်ဖီတူးတူး ခါးခါးလေးတစ်ခွက် သောက်ချင်တယ်လို့'

'ဟုတ်ကဲ့ ကျွန်တော်တို့နှစ်ယောက် ရောက်ချိုလိုက်ပါ့ မယ်'

သူပြုံးကာ စာရွက်ခေါက်ကလေးကို ရင်မှာအပ်ကာ ဘုတင်ပေါ်သို့ ပစ်လှဲချလိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

သွန်းနုံ့သာခင်အနေနှင့်က အသက်အရွယ်အားဖြင့် အံ့ဖွယ်အောင်ထက် ကြီးရုံမက ချစ်သူ ၅ယောက် ထားခဲ့ဖူးသည်။ တွဲခဲ့ဖူးသည်။

ဆယ်တန်းအောင်သောနှစ်မှာ တစ်ယောက်။

တက္ကသိုလ်မှာ နှစ်ယောက်၊ မင်းသမီးဖြစ်ပြီး နှစ်ယောက်။

ငါးယောက်စလုံးကို မိမိကပင် စတင်၍အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။

သွန်းနုံ့သာခင်အချစ်က အတ္တဆန်သည် ပြောပြော၊ ကိုယ်ချစ်ကိုသာ လိုချင်သည်။ သူချစ်ကို မလိုချင်။



www.burmeseclassic.com

www.burmeseclassic.com



သူချစ်ကိုရလျှင် သူတို့၏ချစ်ခြင်းကိုခံရသည်မှာ စိတ်ပင်ပန်းလာသည်။

သူတို့၏ယုယမှု လိုက်လျောမှု၊ တစ်ခါတစ်ရံ ဝန့်တိုမှုများက မိမိစိတ်ကို နှောင်ဖွဲ့သည်ဟု မြင်လာတတ်ပြီး မွန်းကြပ်လာသည်။ ငြီးငွေ့လာသည်။

ကိုယ်ချစ်။ ကိုယ်ချစ်ကို တစ်ခါမှ မရခဲ့ဖူးသေး။

ကိုယ်ကချစ်မိလာသောအခါ လူတစ်ယောက်အပေါ်၌ ဘယ်လိုအတိုင်းအတာအထိ လိုက်လျောနိုင်မည်နည်း။

မိမိနှလုံးအိမ်၌ လွတ်လပ်ပျော်ရွှင်သော ကျေနပ်မှုမျိုး ရနိုင်ပါ့မလား။

အသည်းစားဘုရင်မဟု ရည်းစားဟောင်းများက ဘွဲ့ထူး ဂုဏ်ထူးပေးကြသည်။ မတုန်လှုပ်ခဲ့။

အိမ်ထောင်ရေးကိုတော့ စဉ်းစားသည်။

သူချစ် ကိုယ်ချစ် နှစ်ကိုယ်တူ အချစ်ဘဝမျိုးကို လိုချင်သည်။

ညကိုးနာရီခွဲခန့်တွင် ဒီနေ့အတွက် ကားရိုက်ပြီး၍ အားလုံးအနားယူကြသည်။ အချို့က စားသောက်ကြသည်။ အချို့ကလည်း အလုပ်လုပ်နေဆဲ။ အချို့ကတော့ အိပ်ယာ





ဝင်ကုန်ပြီ။

အံ့ဖွယ်အောင်မြင်တစ်ယောက်. . . အိပ်ပျော်နိုင်ပါ့မလား။

အိပ်ယာဝင်သွားပြီဟုတော့ သိထားသည်။ အစက ပူစူးကိုခေါ်မသွားဘဲ နှစ်ယောက်တည်းသွားမည်ဟုရည်ရွယ်ထားသည်။

သို့သော် နောက်ဆက်တွဲထွက်ပေါ်လာမည့်သတင်းများကြောင့် မင်းသားအသစ်စက်စက်ကလေးကို ငဲ့ရဦးမည်။ သူ့အတွက် ပန်းကောင်းအညွန့်ကျိုးဖြစ်သွားမှာကို စိုးရိမ်မိလေသည်။

မိမိက အကြောင်းမဟုတ်။

အကယ်ဒမီနှစ်ထပ်ကွမ်းမင်းသမီး။ အခြေကလည်း ခိုင်နေပြီ။ ကုမ္ပဏီလေးငါးခုနှင့် စာချုပ် ချုပ်ထားပြီးပြီ။ ရိုက်ရက်များကို အချိန်ဇယားဆွဲကာ ပေးထားရသည်။

အံ့ဖွယ်အောင်မြင်က သူဌေးသားဟူသော ငွေဂုဏ်ကလေးကလွဲ၍ ဘာမှ မရှိသေး။ သူ့အနာဂတ်အတွက် သူ ဗင် မရေးဆွဲရသေးသော လူငယ်တစ်ယောက်။ မိမိကြောင့် ပန်းကောင်းအညွန့်ကျိုး အဖြစ်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်. . အရင်ချစ်သူ၅ယောက်၏ အနာဂတ်ကို မိမိ စဉ်းစားခဲ့ဖူးသလား။ သွန်းနုံ့သာခင် ပြန်စဉ်းစားကြည့်လိုက်သည်။

ထိုအခါမှ မိမိကိုယ်မိမိအံ့အားသင့်သွားလေသည်။ တစ်ခါမှ သူတို့အပေါ် မငဲ့ကွက်ခဲ့ဖူးပါလား။ မိမိ ပျော်မည်သာယာမည်ထင်၍ တွဲခဲ့ဖူးသည်။ စိတ်ပျက်လာသည်နှင့်စွန့်ခွာ လမ်းခွဲပစ်လိုက်သည်။ ဒါပဲ။

ထို့အတွက် မိမိကိုယ်မိမိ မှားသည်ဟု တစ်ခါမှ မတွေးခဲ့ဖူးချေ။

မိမိဘဝလမ်း သာယာဖို့အရေးအတွက် တစ်သက်တာ လက်တွဲရမည့် အဖော်မွန်ကို စိတ်ချမ်းချမ်းသာသာနှင့် ရွေးချယ်ဖို့အတွက် မိန်းမသားတစ်ဦးမှာလည်း အခွင့်အရေးတစ်ရပ်တော့ ရှိသင့်သည်။

မချစ်သော်လည်း အောင့်ကာနမ်းဆိုတာကြီးက. . ဘဝတစ်သက်တာအတွက်ဆိုလျှင် မောပြီး အသက်ရှုကျပ်လာကာ နှလုံးအိမ်ကို ထိခိုက်နိုင်သည်။

'ပူစူး အဝတ်အစားအပိုနှစ်စုံလောက်ပဲ ထည့်၊ တစ်ညအိပ်ပဲ'





'ဘယ်သွားမှာလဲ'

'စကားမများနဲ့ နင် ဘယ်သူ့ပြောထားသေးလဲ'

'တူးတူးပဲ သိတယ်လေ. . သူ့ကိုပဲ စာသွားပေးတာပဲ မမကလဲ'

'အေး ပြီးရော'

ဆယ်ကျော်သက်ကလေးပမာ ရင်ခုန်နေသည်။

ဆယ်ကျော်သက်အခန်းက ရိုက်ပြီးသွားပြီ။ စောစောတပင် ချစ်သူသေဆုံးသွားပြီ ဆို၍ ငိုကြွေးလိုက်ရသည်မှာ မျက်ရည်ကျရသည်။ ရင်မှာအနာတရဖြစ်ပြီး မျက်ရည်ကျရသည့်အခန်းက ရင်ကိုထိရှနေအောင် ပြုလုပ်ရသည်။ ပင်ပန်းသွားသည်။ သို့သော် နားနေ၍မရ။

နာရီကို တကြည့်ကြည့်နဲ့ဖြစ်နေရာ

'ကျွန်မ ပွဲထောင်ရောက်ပြီလား. . သွားကြည့်လိုက်မယ်'

'နင် မသွားနဲ့ တူးတူး အချက်လာပေးလိမ့်မယ်'

တိတ်ဆိတ်ခြင်းက ရင်ခုန်သံနှုန်းတို့ကို ပို၍ တိုးပွားစေလေသည်။ ရည်းစားနှင့် တွေ့ဆုံရန် သွားသည့်အခါများတောင် ဤမျှလောက် ရင်မခုန်ခဲ့ဖူးချေ။



www.burmeseclassic.com

www.burmeseclassic.com



ခိုးကြောင်ခိုးဝှက်ဆိုတာကလည်း တစ်ခါတစ်ရံ ရိုက်ကွင်းမှ နေ၍ လူအုပ်ကြား ခိုးထွက်ရသည့်အခါမျိုးလောက်တော့ရှိသည်။ လုပ်ရိုးလုပ်စဉ် ဖြစ်နေ၍ ထူးခြားသောကိစ္စမဟုတ်ပါပဲ ရင်ခုန်နေလေပြီ။ ပြတင်းပေါက်မှ နေ၍ ပူစူးကဝရံတာတစ်လျှောက် ငေးမျှော်ကြည့်နေသည်။ နာရီသံ တချက်ချက်မြည်လေတိုင်း ရင်ခုန်သံစည်းချက်က တိုး၍ တိုး၍ ကျယ်လောင်လာလေသည်။

'လှေရောက်ပြီ မမ'

'xxx'

ပူစူးက အသံကိုအုပ်၍ လှမ်းပြောလိုက်သည်။

သူ မတုန့်ပြန်မိ။ ကျောပိုးအိတ်ကိုသာ လွယ်လိုက်သည်။ ကျောင်းသူလေးတစ်ဦးပမာ လွတ်လပ်သောအရသာကို ခံစားလိုက်သည်။

'လူရိပ်လာပြီ တူးတူးထင်တယ်။ ခပ်ပုပုပဲ သူပါ လိုက်မှာလား'

'နင် လှေဝမ်းထဲ သွားနှင့် ငါ ဆယ့်နှစ်နာရီ ထိုးတာနဲ့ ထွက်ခဲ့မယ်'

'ဟုတ်'





ပူစူး ထွက်သွားသည်။ သွန်းနုံ့သာခင် သက်ပြင်းချလိုက်မိသည်။ ဝါသနာကြောင့် သရုပ်ဆောင်နေသည်။ တစ်ခါတစ်ရံတော့ မွန်းကျပ်သလို ခံစားနေရသော ဘဝလေးမှ ခေတ္တခဏတော့ ထွက်ပေါက်လေးရချင်လာသည်။

မိနစ်တံရွေ့လျားမှုကို ကြာသည်ဟုပင် ထင်မိရာ မိနစ်လက်တံကော နာရီလက်တံပါ တစ်နေရာတည်းသို့ တစ်ပြိုင်နက်ကျရောက်သွားချိန်တွင် သူ အခန်းထဲမှ ထွက်ခဲ့သည်။ ဒေါ်သေးမှာ ပူစူး ဖျော်တိုက်ထားသော ကော်ဖီထဲပါသည့် အိပ်ဆေးတန်ခိုးဖြင့် အိပ်မောကျလျက်ရှိချေပြီ။ သူ စာတစ်စောင် ရေးထားခဲ့သည်။ ဒါရိုက်တာကြီးအတွက်ဟု ခေါင်းစဉ်တပ်ပေးထားသည်။

*စိတ်မပူပါနဲ့ ၂ရက်ပဲ အနားယူချင်လို့ ခဏထွက်သွားတာ ပြန်လာမယ်။ ဆရာလည်း ပင်ပန်းနေပြီ။ ဘုရားဖူးရင်းနားလိုက်ပါဦး*

ဟု ရေးထားခဲ့သည်။ ကြည့်စမ်း အချိန်တိကျသည့် ကောင်လေးပဲ။ နှစ်ယောက်သား စင်္ကြံလေးပေါ်၌ ဆုံမိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေ တဟူးဟူးတိုက်နေသည်။ ဆောင်းမင်းသမီးက နှုတ်ဆက်ကာ နွေဦးမင်းသားရောက်ချိန်ဖြစ်သော်လည်း စိမ့်သိမ့်သိမ့်လေးဖြစ်၍ နေချင်စဖွယ်ရာသီဥတုလေးဖြစ်သည်။

စကြီံပေါ်၌ နှစ်ယောက်သားဆုံမိကြသည်။ လှေကားအဆင်း၌ မင်းသားက လက်ကမ်းပေးသည်။

လှေအဆင်းမြင်းအတက် ခက်တတ်ကြောင်းကို သူသိပုံရသားပဲ။ မိမိကိုလက်ကမ်းပေးလေသည်။သွန်းနုံ့သာခင် ကျေနပ်စွာဖြင့် သူ၏လက်ကိုအားယူ ဆုပ်ကိုင်ကာ ပွဲချိတ်ထဲ ဆင်းခဲ့လေသည်။

'တူးတူးကော မခေါ်ဘူးလား'

သူက ခေါင်းခါလိုက်သည်။

ပူစူးက လှေသမားကို အချက်ပေးလိုက်သည်နှင့် ဟိုတယ်လှေဆိပ်မှ ခွာလိုက်သည်နှင့် မင်းသားက သူ့ကို မေးလေသည်။

'ဘယ်သွားမလို့လဲ'

'အမေ့အိမ်'

'ဪ'

မင်းသား၏မျက်နှာလေးကို လရောင်မှအောက်၌ ငေး





ကြည့်မိလေသည်။ ယောက်ျားလေးသူငယ်ချင်း အပေါင်းအသင်းများနှင့် ရှုတ်နောက်နောက်နေတတ်သော်လည်း မိန်းမသားများနှင့်မူ နှုတ်စလျှာစနည်းသွားတတ်သည်။

တစ်နေ့တာလှုပ်ရှားခဲ့ရသမျှ ညတာ၌ မော မောနှင့် အိပ်မောကျနေသော အင်းလေးကန်ရေပြင်သည် လရောင်ဆိုးဟပ်မှုကြောင့် လှိုင်းထနေပုံက အိပ်မက်တိုင်းပြည်တစ်ခုသို့လိုပင်။

■



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၉)

တံခါးလာဖွင့်ပေးသူမှာ အမေဖြစ်နေသဖြင့် သွန်းနံ့ ...ာခင် ဝမ်းသာသွားလေသည်။

'အမေ'

သူ့အား မခေါ်သော အမေသည် ရုတ်တရက် အံ့ ...းသင့်ကာ စိုးရိမ်စိတ်ဖြင့်

'ဟဲ့ အချိန်မတော်ကြီး ဘာဖြစ်လာတာလဲ'

'ဘာမှမဖြစ်ပါဘူး။ လူတွေ အသိမခံချင်လို့ အမေ့ ...မ်မှာ ခဏအနားယူချင်လို့ လူခြေတိတ်ချိန်ထွက်လာတာ'

'ဝင်ကြ'

သွန်းနံ့သာခင် ပျော်မြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ထံမှ တုန့်ပြန်စကားတို့သည် သူ့အတွက် အဖိုး မဖြတ်နိုင်။

'လာ ဖိုးသား'

ရှေးဆန်သော နှစ်ဆောင်ပြိုင် အိမ်နီကြီးကို အုံ့ဖွယ် အောင်မြင် အထူးအဆန်းသဖွယ်ကြည့်နေလေသည်။'

'အမေ ဒါမင်းသားအသစ် အုံ့ဖွယ်အောင်မြင်တဲ့ အခု မှကားစရိုက်တာ။ သူလည်း နားချင်တယ်ဆိုလို့ခေါ်လာတာ။ သူ့အတွက် အိပ်ခန်းစီစဉ်ပေးဦးနော် အမေ'

'အေး ခမ်းဖောတို့ နန်းခမ်းတို့ အိပ်ခန်း ပြင်ပေးလိုက်ကြ။ ခမ်းမူ စားစရာတစ်ခုခုလုပ်ပေးလိုက် ဧည့်သည် အားမနာနဲ့ လွတ်လွတ်လပ်လပ်သာ နေနော်'

အုံ့ဖွယ်အောင်မြင်က 'ဟုတ်ကဲ့' ဟုသာ ဆိုလိုက်သည်။ အမေဆိုတာ သူ့ဘဝမှာမရှိခဲ့ခြင်းက သူ့အတွက် မပြည့်စုံခြင်းကို စတင်ခဲ့သလားဟုသူတွေးမိလေသည်။ ငယ်စဉ်က အမေ့ရင်ခွင်သည် ပုံပြင်သဖွယ်မှုန်ဝါးဝါးကျန်ရစ်ခဲ့လေပြီ။

'အဘကော'

'အိပ်နေတယ်'

အမေသည် နူတ်ကသာ တာဝန်ခွဲဝေပေးပြီး စေခိုင်း





လိုက်သည်။ သို့သော် . လူကိုယ်တိုင်ကတော့ ဘယ်ပစ္စည်းထုတ်၊ ဘာလေးခင်း၊ ဘာလေးပြင်ကျွေးလိုက်နဲ့ အကုန်လိုက်ပါလေသည်။

'ကျွန်တော့်အတွက် ဘာမှမလုပ်နဲ့တော့ အိပ်ချင်ပြီ'

'နွားနို့နဲ့ ပေါင်မုန့်ကလေးလောက်တော့ စားပါဦး'

နံနက် ၃နာရီဆိုသောအချိန်က သူ့အတွက်အလွန်ပင်ပန်းနေလေပြီ။ သွန်းနုံ့သာခင်က သူ့အတွက် အစားအစာတို ကိုယ်တိုင်ပြင်ဆင်ကျွေးသည်။

'နည်းနည်းတော့ စားလိုက်ပါ။ ကြက်ဥကာကျက်ကလေးသောက်ပြီး နွားနို့တစ်ခွက် သောက်လိုက်။ ဒါမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာ'

အမေက သွန်းနုံ့သာခင်ကို မသိမသာ စွေကြည့်လေသည်။ အမေ့စိတ်ထဲ၌ သမီးဖြစ်သူ၏ဝမ်းတွင်း အူဘယ်နှခွေရှိသည်ကိုသိနေပုံရမှတော့ နှလုံးအိမ်၌ ရိုက်ခတ်မှုကိုလည်း သိရှိနေမည်ဖြစ်သည်။

'မင်းသမီးကော စားလေ မအိပ်ချင်ဘူးလား'

'ဟင့်အင်း ပျော်နေလို့ အိပ်ချင်စိတ်တောင်ပျောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်အောင်မြင်၏တအံ့တသြမျက်လုံးများကို မသ
ကိုးကျွံပြုလိုက်သည်။ ဒီကောင်လေးက မျက်လုံးနဲ့စကားပြေ
တတ်သေးသည်။ ဒါကြောင့် မင်းသား ဖြစ်လာမှာ။ အခိ
မျက်လုံး ရှင်သန်နေမှ အောင်မြင်နိုင်မည်။ ရုပ်ရည် ဘယ်
လောက်ချောချော မျက်လုံးသေနေလျှင် ရုပ်ရှင်ဟူသောအ
ပညာလောက၌ အောင်မြင်မှုသရဖူဆောင်းနိုင်မည် မဟုတ်
ချေ။ မျက်လုံးသည် ခံစားချက်၏ ပြတင်းပေါက်ဖြစ်ရမည်

အံ့ဖွယ်အောင်အတွက် သွန်းနုံ့သာခင်ဟူသော မိန်း
တစ်ယောက်သည် အထူးအဆန်းသဖွယ်အမြဖြစ်နေပြီဟု သ
ရိပ်မိလိုက်ပြီ။

'ကိုင်း အိပ်ချင်အိပ်တော့ လာ တို့လိုက်ပို့ပေးမယ်
မင်းအတွက် အထူးညှိသည်ခန်းမှာ ပြင်ထားပေးတယ်'

သူ့အတွက် အစားအသောက်ကိုပင် ကုန်အောင်
စားနိုင်သေးဘဲ မမောနိုင်မပန်းနိုင်ဖြင့် အံ့ဖွယ်အောင်မြင်ကို
အပေါ်ထပ်လိုက်ပို့ပေးသည်။ အမေက ရိပ်မိနေပြီလား။ သူ
အတွက် ဤကောင်လေးသည် ရင်ထဲက ရွှေမင်းသားဖြစ်နေ
လေပြီ။

'ကိုင်း လွတ်လွတ်လပ်လပ် နှစ်နှစ်ခြိုက်ခြိုက်သာ အိပ်





ပေတော့ မင်းနိုးလာမှ တို့ငယ်စဉ်က တည်ဆောက်ထားတဲ့
အိပ်မက်ဥယျာဉ်တစ်ခုကို လိုက်ပို့ပေးမယ်'

'ဂွတ်နိုက်'

မင်းသားက အိပ်ယာထဲ ထိုးအိပ်ချလိုက်သည်။

'ဟောတော့'

သွန်းနုံ့သာခင် ပြုံးမိလေသည်။ ယခုမှ ဇာတ်ဝင်ခန်း
တစ်ခန်းရိုက်နေရသလို ခံစားလိုက်ရလေသည်။

တောင်ပေါ်ဒေသ ဖြစ်၍ နွေဦးရာသီပင် ဖြစ်သော်
ငြား. . အအေးဓာတ်က စိမ့်နေသည်။ တောင်ကုန်းပေါ်၌
တည်ဆောက်ထားပြီး လှိုင်ကော်ကျောက်ပြားများနှင့်တည်
ဆောက်ထားသော သူတို့အိမ်၏ အအေးဓာတ်က အခြား
အိမ်တွေထက်ပိုလေသည်။ ထို့ကြောင့် သွန်းနုံ့သာခင် ကိုရွှေ
မင်းသားလေးကို ကုတင်ခြေရင်းမှဂွမ်းစောင်ကို အသာ ခြေ
ထောက်မယူပြီး ဆွဲယူလိုက်သည်။

'အင် အင်'ဟုညည်းညူသံထွက်သော်လည်း ကိုရွှေ
မင်းသားလေးက မျက်လုံးက ပွင့်မလာချေ။

ပီဘိကလေးတစ်ယောက်နှယ်ပါလား။

မိမိကိုယ်ကို နုနယ်လှပပြီဟုထင်ထားသော ခံယူထား



www.burmeseclassic.com

www.burmeseclassic.com



သော ခံယူချက်တို့သည် ဒင်းကလေးနှင့်တွေ့မှ လွဲမှားသွား ကြောင်းသိလိုက်ရလေသည်။ တကယ့်ကို ရွှေမှုန်စားကာမွေး ဖွားခဲ့လေရော့သလား။ ဂွမ်းစောင်ကို အသာဖြန့်ကာ မေးဖျား နားအထိဆွဲခြုံပေးလိုက်သည်။ ကိုယ်တော်က တုတ်တုတ်မှ မလှုပ်တော့ချေ။ အသက်ရှူသံလေး သဲ့သဲ့တောင် စီးချက် မှန်မှန်ထွက်ပေါ်လျက် -

'အဟမ်း'

အမေက အိပ်ခန်းဝမှ ချောင်းဟန့်ကာ အချက်ပေးမှ သွန်းနှံ့သာခင်၏ အံ့ဖွယ်အောင်မြင်ကို ငေးစိုက်ကြည့်နေမှု ကဏ္ဍ ပြီးဆုံးသွားသည်။ ရှက်ပြုံးဖြင့် တစ်ချက်ပြုံးကာ အခန်း ပြင်သို့ ထွက်ခဲ့သည်။

အမေက အပေါ်ထပ်ဧည့်ခန်း၌ စောင့်နေသည်။ သူ့ အတွက် နွားနို့နှင့်မုန့်ပင် ယူလာပေးသည်။ မိမိက ကိုရွှေမင်း သားကို ဂရုစိုက်သည်။ အမေက မိမိကို ဂရုစိုက်သည်။ ချစ် ခြင်းမေတ္တာကိန်းဂဏန်းအရေအတွက်များအရဆိုလျှင် ၁၅၀၀ က သာလွန်သည်ဟု ထင်ရသော်လည်း အမှန်တော့ မိခင်၏ မေတ္တာကိုတော့ဖြင့် မည်သူမျှတုနိုင်း၍မှီနိုင်မည်မထင်ပါချေ။

'ကိုယ့်ကိုကိုယ်ထက် ပိုဂရုစိုက်ရမယ့်သူအတွက်ပဲ ပူ





မနေနဲ့ ကိုယ့်ဝမ်းကို ဖြည့်လိုက်ဦး'

သွန်းနှံ့သာခင်အတွက် ခနစ် ကာလအထိ စကားမ ပြောဘဲနေခဲ့သော မိခင်ထံမှ ပြန်လည် အရေးတယူစကားစ ပြောလာခြင်းအတွက် ဖော်မပြနိုင်သော ဝမ်းသာမှုကြောင့် မိခင်ကို ဝမ်းသာဝမ်းနည်း မျက်ဝန်းအစုံနှင့် ငေးကြည့်နေမိ သည်။

ခနစ်အတွင်း အမေသည် မပြောင်းလွဲသလို ရှိနေ သည်။ ၅၀ဟူသောအသက်က ဇရာဘက်သို့ ခြေချနေပြီဖြစ် သော်လည်း အမေသည် ကျန်းမာသန်စွမ်းဆဲပင်။

'ဘာကြည့်နေတာလဲ။ မပြောချင်လို့နေနေတာ လုပ် လာပုံက မဟုတ်တော့ ပြောရပြီ'

သွန်းနှံ့သာခင် ခစ်ကနဲရယ်ပြီး အမေကျေနပ်စေရန် မုန့်တစ်ချပ်နှင့် နွားနို့တစ်ခွက်ယူသောက်လိုက်လေသည်။

'ပြောစမ်းပါဦး အပုပ်နဲ့ မလှိုင်တာ ကြာလို့ နောက် တစ်ယောက်တွဲပြန်ပြီလား'

'အမေ ဒီကောင်လေးကို ဘယ်လိုမြင်သလဲ'

'ရုပ်ချောလွန်းတယ်။ နောက်. . ငယ်တယ် မဟုတ် လား။ ကြီးရင်မှီ ငယ်ရင်ချီ တဲ့ ညည်းပဲ ဒူးနဲ့မျက်ရည်သုတ်ရ



www.burmeseclassic.com

လိမ့်မယ်'

'ဟင်း ဟင်း အမေကျ စိုးရိမ်နေလိုက်တာ။ သူက သမီးကို ရည်းစားစကားတောင် မပြောသေးဘူးအမေရဲ့'

'ဟွန်း သူမပြော ပြောအောင် ညည်းက ဖြားယောင်း ဦးမလို့ခေါ်လာတာလား။ ဒီအလုပ်ကို မကြိုက်ပါဘူးဆိုမှ ဒီ အလုပ်လုပ်တဲ့သူကိုပါ အိမ်ထောင်ဘက်အဖြစ်ရွေးချယ်မယ် ဆိုရင် ကျုပ်တို့နဲ့က ဝေးပြီးရင်းဝေးပြီသာ မှတ်'

သွန်းနုံ့သာခင်ရင်ဝယ်နာကျင်သွားသည်။ ပြည်သူချစ် သောအနုပညာရှင် သမီးဖြစ်သူအတွက် ဂုဏ်ယူရမှန်းမသိ၊ သမီးမိန်းကလေးဆို ဗိုင်းကောင်းကျောက်ဖိ အိမ်တွင်းပုန်းနေ စေချင်ပြီး လင်ကောင်းသားကောင်း ရစေချင်သည့် ရှေးရိုး အယူအဆနှင့်မိခင်မျိုးဖြစ်သည်။ ဖခင်ကလည်း ထို့အတူပင်။

မိဘနှစ်ပါး၏အယူအဆကို ပျောက်စေချင်သည်။ သူ တို့အယူအဆနှင့်ရွေးချယ်ပေးလိုက်သည့်အစ်မလုပ်သူ ယမင်း ခင်၏အိမ်ထောင်ရေးကံကောင်းမှုကလည်း ပြောဖွယ်ရာမရှိ ချေ။ အစ်မ ယမင်းခင်ကို ပညာရေးဝိဇ္ဇာဘွဲ့ယူ ကျောင်းဆရာ မ လုပ်စေသည်။ နောက် လာစပ်ဟပ်သော ပညာတတ်ရွှေ ဆိုင်ပိုင်ရှင်သူဌေးသားနှင့် ပေးစားသည်။ သျှောင်နောက်ဆံ





ထုံးပါ မန္တလေးသို့လိုက်သွားသည်။ အစ်မ အလုပ်ထွက်စေရာ မလို။ ခင်ပွန်းက ချစ်ခင်အလိုလိုက်သည်။ သားသမီး နှစ် ယောက် ထွန်းကားသည်။ အမေ၏ ပုံစံခွက်က ထိုသို့ပင်။

သားတွေကတော့. . သူတို့၏ လက်ငုတ်လက်ရင်း ဉယျာဉ်ခြံထွက်လုပ်ငန်းနှင့် ပွဲရုံလုပ်ငန်းကို တာဝန်ဆက်ယူ ကြ။ သမီးတွေက ခင်ပွန်းနောက် လိုက်ကြ။ ဒါက အဘနှင့် အမေ၏ရိုးစင်းသောဝါဒ။

'နံ့သာခင် ညည်းအဖေသိရင် စိတ်ဆိုးလိမ့်မယ်'

'အဘကို အမေပြောရင် ရပါတယ်'

'သားသမီး ခြောက်ယောက်ထဲမှာ. . . ညည်း တစ် ယောက်တည်း ပြောလို့ ဆိုလို့ မရတာ။ တစ်မိပေါက် တစ် ယောက်ထွန်း ဆိုတာမျိုးပေါ့။ ကဲ စား စားပြီး သွားအိပ်တော့'

အမေနှင့် စကားတွေပြောချင်သေးသည်။

အမေသည် အံ့ဖွယ်အောင်မြင်အကြောင်း မေးလိမ့် မည်ဟု ထင်ထားသော်လည်း မမေးချေ။

'သွားအိပ်တော့ နံ့သာခင် ငါလည်း အိပ်တော့မယ်'

အမေက ထသွားသည်။

သွန်းနံ့သာခင် ရင်ထဲ ဟာ၍ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေစကားပြန်ပြောတုန်း သူ စကားတွေတစ်ဝကြီး ပြောလိုက်ချင်သည်။

သို့သော် အမေက သူ့အား အိပ်ပျက်မှာစိုး၍ လက်ခံ ပြောချင်ပုံမရ။ မေးစရာပြောစရာတွေ အမေ့ရင်မှာ တစ်သီကြီးရှိနေလိမ့်မည်။ သို့သော် အမေက ခရီးပန်းလာပုံရသော သူ့အားအနားယူစေချင်သည့်သဘောရှိသဖြင့် တမင်ထသွားခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ သူ့အား ရှစ်နှစ်ကျော် ကာလထိ ကျောခိုင်းထားသောအမေ့ထံမှ ပြန်လည်စကားပြောလာခြင်းက မိမိအတွက် အမြတ်ပင်ဖြစ်သည်။

အဘကကော. . အမေကဲ့သို့ မိမိကို စကားပြန်ပြောတော့မှာလား။

သွန်းနှံ့သာခင် အတွေးစတို့ကို ဖြတ်တောက်ပြီး မိမိအိပ်ခန်းတွင်းသို့ ဝင်ရောက်လိုက်သည်။ မိမိထွက်မသွားခင်ကအတိုင်းပင် ရှိနေတတ်သောဘီဒိုကို ဖွင့်ကာ ညအိပ်အကျႌတစ်စုံကို ထုတ်လိုက်သည်။

ပရုတ်နံ့လေးများ သင်းနေသည်။

အမေသည် မိခင်တစ်ယောက်၏ မေတ္တာနှင့် အိမ်





ရှင်မကောင်းတစ်ယောက်အဖြစ် သားသမီးများအား စောင့်ရှောက်ခဲ့သလိုပြုစုခဲ့သလိုမျိုး မိမိ မိခင်တစ်ယောက်ဖြစ်လာသောအခါ ပြုလုပ်နိုင်ပါ့မလား။

ရုပ်နှင့် အရွယ်ကလည်း ရုပ်ရှင်အနုပညာအတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်လေသည်။

အရွယ်ကျချိန် နေဝင်ချိန်ဆိုတာကို လွန်ဆန်၍ရနိုင်သည်မဟုတ်ချေ။

လူးကာလိမ့်ကာဖြင့် တွေးတောရင်း သွန်းနှံ့သာခင်. . အိပ်ပျော်သွားလေသည်။

■



www.burmeseclassic.com

## အခန်း(၁၈)

အုံ့ဖွယ်မှောင်မြင် နိုးလာသည်။ အလင်းရောင်က သူ့အိပ်ခန်းအတွင်းသို့ ကောင်းစွာကျရောက်နေသည်။

သူ ဂွမ်းစောင်ပုံအောက်မှ အသာထလိုက်သည်။ သူငယ်ချင်းများနှင့် တူးတူး ခါးခါးဟူသော အဖော်မပါဘဲ ခရီးထွက်လာခြင်းမှာ ဒါ ပထမဦးဆုံးအကြိမ် ဖြစ်သည်။ပြတင်းပေါက်မှရပ်ပြီး ပြင်ပလောကကိုလှမ်းကြည့်လိုက်သည်။ အိမ်နီးခင်းများ၏အဆုံး၌ တစ်မျှော်တစ်ခေါ် မျက်စိတစ်ဆုံးရှိနေသော အဝါရောင်ပန်းခင်းကြီးကို တွေ့လိုက်ရသည်။ နေကြာညည်းမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာပန်းတွေပါလိမ့်။

ဝေးသီသောနေရာ၌ စိမ်းညို့နေသော တောင်ရိပ်တောရိပ်တို့ကို တွေ့ရသည်။

ဘာကြောင့်များ သူ. . လိုက်လာခဲ့မိသနည်း။

ကြားထားသော သတင်းများအရ. . သွန်းနံ့သာခင်သည် အချစ်ကိုတန်ဖိုးထားသော မိန်းမ မဟုတ်။ သူတကာနှင့် သူ့အလိုဆန္ဒအရ တွဲချင် တွဲတတ်ပြီး သူအလိုမရှိသောအခါ စိမ်းကားရက်စက်စွာစွန့်ခွာတတ်သောမိန်းမဖြစ်သည်။

ဒီပြင်သူ့စကားထက် ကိုကိုထင်ရှား၏စကားဆိုတော့ သူ ပို၍ ယုံရလေပြီ။

သွန်းနံ့သာခင်ကို စိတ်ဝင်စားမိသော်လည်း ခပ်လန့်လန့်တော့ရှိသည်။

သူ့ကိုယ်သူလည်း အထင်ကြီးမိသည်။

မိန်းမတစ်ယောက်၏ မာယာကျော့ကွင်းထဲ ဘယ်တော့မှ အမိခံရမည့် သားကောင်မဟုတ်ဟု။

ထို့ကြောင့် သွန်းနံ့သာခင်ဖိတ်ခေါ်သောခရီးကို သူ တစ်ယောက်တည်း တမင်စွန့်စားကာ လိုက်ပါလာခြင်း ဖြစ်သည်။





'ဟင်'

သူ့မျက်ဝန်းကို သူမယုံနိုင်အောင်ဖြစ်မိ၍ အာမေဋိတ်သံပင် ထွက်သွားလေသည်။

ပန်းခင်းအလယ် နှင်းဆီပန်းရောင်စုံများ အကြား၌ ခုံတန်းတစ်ပွင့်ကို သူ သွားတွေ့လေသည်။

ရိုးသားစွာပင် သာမန်တောင်သူမိန်းမတစ်ယောက်၏ မျက်နှာ၌ ဆေးမကူသော်လည်း လှပသောကောက်ကြောင်းများ ရှိနေသည်။ ဆံပင်ကို စည်းနှောင်ထားသဖြင့် ရှင်းလင်းနေသောမျက်နှာတစ်ခုဝယ် အပြစ်အနာအဆာဟူ၍ မြူမကင်းအောင် ချောမွတ်နေလေသည်။ ထို့ပြင် ဝတ်ဆင်ထားသည် ကလည်း ရှပ်အင်္ကျီလက်ရှည်လေးနှင့်မာစရိုက်ပြောင်လုံချည်လေး။ ကျောင်းသူတစ်ဦးကဲ့သို့ပင် ရိုးစင်းနေသည်။

ဒါလည်း မာယာတစ်မျိုးပေလားဟု သူတွေးမိသည်။

သူ့အကြည့်ကို ပန်းခြံထဲရှိ သွန်းနံ့သာခင်ထံမှ ခွာလိုက်သည်။

အိပ်ခန်းတွင်း တွဲရက်ပါရှိသော ရေချိုးခန်းအိမ်သာတွင်းဝင် ကိုယ်လက်သန့်စင် ရေချိုးပြီးနောက် ပါလာသောအဝတ်အစားကို လဲလှယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်နှင့် အံကိုက်ပင် သွန်းနုံ့သာခင် ရောက်လာ သည်။ လက်ထဲ၌ နှင်းဆီပန်းရောင်စုံ ၄-၅ပွင့်ပါသော အလှ ပန်းအိုးလေးကိုကိုင်ကာ ဝင်လာသည်။

'နိုးပြီလား မင်္ဂလာနံနက်ခင်းပါ. . ပန်းကြိုက်သလား တော့ မသိဘူး။ နှင်းဆီရနံ့က သင်းတယ်။ မင်းစားပွဲမှာ တို့ တင်ပေးမယ်နော်'

'ရပါတယ်'

သူသည် အေးစက်စွာပင် ဖြေလိုက်သည်။

သတိတော့ထားရမည်။ ရိုးသားဟန် ဆောင်ခြင်းက လည်း မိန်းမမာယာတစ်မျိုးပဲဖြစ်မည်။ မည်သို့ဆိုစေ။ သူ့ရင် ထဲ၌ လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်နေသည်။

'အိပ်ရေးကော ဝရဲ့လား'

'ဝပါတယ်'

'မင်းကြည့်ရတာ တစ်ခုခုစိုးရိမ်နေသလိုပဲ'

သူ ရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။ သူက လူကဲခတ် ပညာကိုမကျွမ်းကျင်။ သွန်းနုံ့သာခင်က ကျွမ်းကျင်သည့် အ ပြင် သူ့စိတ်ကို ဖောက်ထွင်းမြင်နိုင်စွမ်းရှိလေသည်။

'ကိုကိုက ဖေဖေ့ဆီမှာ သတင်းပို့နေမလားလို့ ဆို





ပြီး စဉ်းစားမိလို့'

'ဆရာဦးတိုက်က ပါးနပ်ပါတယ်။ မလိုအပ်ဘူးထင် တဲ့သတင်းမျိုး ဆိုရင် သူက ထိန်းချုပ်ပြီး ပါးနပ်တဲ့ အဖြေ ပေးပါလိမ့်မယ်။ ကိုင်း ခုချိန်မှာ အလုပ်အကြောင်း မေ့ထားရ အောင် ဒါမှလွတ်လပ်တဲ့အပန်းဖြေမှုမျိုး ဖြစ်မှာ။ လာ မနက် စာစားပြီး တို့ရဲ့အိပ်မက်ကမ္ဘာလေးထဲ သွားလည်ရအောင် နော်'

'နေဦး'

'ဘာဖြစ်လို့လဲ'

'ဟိုမှာ မြင်နေရတဲ့ပန်းခင်းက နေကြာခင်းမဟုတ်ပါ ဘူး။ ဘာပန်းတွေလဲ'

မျက်စိတစ်ဆုံး ဝင်းဝါနေသော ပန်းခင်းကြီးကို သူ သက်ညှိုးထိုးကာ မေးလိုက်သည်။

'ပန်းဂျုံလေ'

'သြော်'

သူ သွန်းနုံ့သာခင်နောက်သို့ လိုက်ခဲ့လေသည်။ အိမ် ကြီးက ကြီးမားနေသည်။ ရဲတိုက်လိုအဆောင်ဆောင်အခန်း ခန်းဖြစ်သည်။ အိမ်ပရိဘောဂအားလုံး အသုံးဆောင်များကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခြင်းဖြင့် စီးပွားရေးအခြေနေကို ခန့်မှန်းနိုင်လေသည်။

သွန်းနုံ့သာခင်ကဲ့သို့ စုပါမင်းသမီး၏အထောက်အ ကို မယူဘဲနှင့်ကို နဂိုစီးပွားရေးက အခြေခိုင်ခန့်ပြီးသား ဖြစ်နေသည်။

'လာ လူလေး'

သွန်းနုံ့သာခင်၏မိခင်ကိုတွေ့လိုက်ရသည်။ ဖခင်ကို မတွေ့ရချေ။

သွန်းနုံ့သာခင်သည် အမေတူသမီးမဟုတ်သည်ကို တော့ သူအကဲခတ်မိသည်။

၁၂ယောက်စာ ကျွန်းစားပွဲကြီး၏ထိပ်ပိုင်း၌ စားစရာ သောက်စရာ အစုံအလင်ပြင်ဆင်ထားသည်။

'ရှမ်းခေါက်ဆွဲရည်ဖျော်လေ'

'ကျွန်တော် မစားတတ်ဘူး'

'ရိုးရိုးရှမ်းခေါက်ဆွဲကော'

'ဟင့်အင်း'

'စားကြည့်ပါဦး. . . မကြိုက်တော့မှ တစ်မျိုးလုပ်ပေး မယ်။ ရှမ်းထမင်းချဉ်သုပ်လည်း ရှိတယ်'

သူအားနာသဖြင့် သွန်းနုံ့သာကိုယ်တိုင်ပြင်ဆင်ပေး





သောရှမ်းခေါက်ဆွဲကို စားကြည့်လိုက်သည်။

'ဖြစ်လား'

သူ့အား အရိပ်တကြည့်ကြည့်နှင့်အကဲခတ်နေသော သွန်းနုံ့သာခင် မေးခွန်းကို ခေါင်းညိတ်လိုက်ပြီး ပါးစပ်တွင်း စားစရာကုန်သွားမှ

'ရတယ် သိပ်မစပ်ဘူး'

'မင်းအစပ်မစားမှန်းသိလို့ တမင်လျှော့ထားတာ'

သူ အစပ်မစားမှန်းလည်း သိနေလေသည်။

မင်းသမီး၏ သူ့အပေါ် အာရုံစူးစိုက်နိုင်မှုကို သူ အံ့ဩမိလေသည်။

'တို့ဟူးကြော်လေး ထည့်စားလေ ဖိုးသား စားကြည့် ပါ'

အစားအသောက်ကအစ ဂရုတစိုက်ရှိသည်မှာ သူ ခင်လျှင် အားနာပြီး အနေအထိုင်ရခက်လာသည်။

'တစ်ခါတစ်ရံ အလုပ်တာဝန်ကိုမေ့ထားလိုက်မှ စိတ် ထဲ အေးချမ်းသွားတော့တယ်။ ဒါကလည်း ခဏပါပဲ။ တစ် ခတ်ထက်ပိုပြီး နေလို့မရဘူး ပျင်းလာပြန်ရော'

သူ့အား ပြောပြီးနောက် မင်းသမီးက သူ့မိခင်ထံသို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ တစ်ဆက်တည်း ခွင့်ပန်လိုက်သည်။

'အမေ သမီး စမ်းချောင်းဘက် သွားဦးမယ်နော်. . နေ့လည်စာ ဟိုမှာပဲစားမယ်'

'အေး ပို့ခိုင်းလိုက်မယ်'

'ချာတိတ် ဆိုင်ကယ်စီးတတ်လား'

'စီးတတ်တယ်'

'တို့ကို တင်စီးရဲလား။ ဆိုင်ကယ်က နှစ်စီးပဲ ကျန်တယ်။ တော်ကြာ ထမင်းလာပို့တဲ့သူအတွက် တစ်စီးထားခဲ့ရဦးမယ်'

'ရပါတယ် ကျွမ်းပါတယ်။ မင်းသမီးက လမ်းပြပေါ့'

'အိုကေ'

မင်းသမီးက အဝတ်အစားမလဲ ဒီအတိုင်းပင် လိုက်လေသည်။ပန်းဂုံခြင်းနားကတောင်ခြေကိုဖြတ်မောင်းခဲ့သည်။ လေတဟူးဟူး မင်းသမီးက သူ့ခါးကိုဖက်ထားသည်။ ခရောင်းလမ်းကို မောင်းခဲ့ခြင်းဆိုတော့ သတိထားရသည်။ နောက် လိမ္မော်ပင်များကြား ဖြတ်ကျော်ခဲ့သည်။ တောစပ်၌ မြက်ခင်းရိုင်းများတွေ့ရသည်။ တောပန်းလေးများ ပွင့်နေသည်။

'ခဏရပ်ဦး'





သွန်းနုံ့သာခင်က သူ့နားနား ကပ်အော်လေသည်။ သူမကြားချင်ဟန်ဆောင်၍ဆက်မောင်းခဲ့ရာ သူ့ခါးကိုတင်းတနဲနေအောင်ဖက်ပြီး လက်မောင်းကို လှမ်းဆိတ်သည်။

သူ ရပ်ပေးလိုက်သည်။

'မကြားဘူးလား'

'ကြားသားပဲ'

'ဘာဖြစ်လို့ မရပ်တာလဲ'

'မရပ်ချင်လို့ ဘာကိစ္စရပ်ခိုင်းတာလဲ'

'လိမ္မော်သီးခူးမလို့'

'ခိုးမလို့လား'

'အင်း အဖေ့ခြံက အဖေ မသိအောင် ယူလည်း ခိုးတာလို့ သတ်မှတ်လို့ ရပါတယ်'

'ဩော် မင်းသမီးခြံကိုး. . ဒါဆို ကျွန်တော်လည်း ခူးချင်တယ်'

သူ ကလေးလိုပျော်မြူးသွားသည်။ သူတစ်ခါမှမခူးဖူးချေ။ စာအုပ်များ၌မြင်ဖူးသည်။ ခရီးသွားလာရင်းလှမ်းမြင်ဖူးသည်။ ယခုတော့ ကိုင်းများညွတ်နေအောင် သီးနေသော လိမ္မော်သီးစိမ်းစိမ်း ဝါဝါ ညိုညိုတို့ကို တွေ့မြင်လိုက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ၌. . ကလေးတစ်ယောက်လိုပင် ပျော်မြူးသွားသည်။ ကိုယ်တိုင်ကိုယ်ကျ ခူးဆွတ်ချင်လာသည်။

'ရင့်တဲ့အလုံး ခူးလေ။ လေးနင့်ပြီး အဝါရောင်သန်းစပြုတဲ့အသီး ခူး'

သူ ကလေးလိုပင် လက်လှမ်းမှီရာ လိမ္မော်သီးများ ခူးဆွတ်လိုက်သည်။ သွန်းနုံ့သာခင်က မခူးဘဲ သူ့အား ငေးကြည့်နေသည်။

'မင်းသမီးကော ခူးလေ'

'ခူးပြီး ဘယ်လိုသယ်မလဲ'

'ဟုတ်သားပဲ'

ဆိုင်ကယ်ရှေ့ ခြင်းတောင်းထဲ ထည့်လိုက်ရာ ပြည့်မောက်နေလေသည်။

'မောရင် ခွာစားလိုက်လေ'

'မမောပါဘူး။ ခူးချင်လို့. . တစ်ခါမှ မခူးဖူးလို့ ငယ်ငယ်က ခြံထဲမှာ ရှိတဲ့ မာလကာပင်တို့ သရက်ပင်တို့ကို ခိုးတက်ပြီး ခူးစားဖူးတယ်'

'တို့ကတော့ အပင်ပေါင်းစုံတက်တာပဲ အထူးသဖြင့် ပန်းပင်တွေပေါ့။ ကန့်ကော်ပင် ကုက္ကိုပင်မှာကပ်ပေါက်နေတဲ့





အစ်ခွပန်းခူးဖို့'

သူ ပြုံးမိလေသည်။

'ငယ်ငယ်က တို့ကို ပေါက်ကျော်လို့တောင် ခေါ်ကြတယ်။ ကိုင်း သွားရအောင် နေမြင့်လာပြီ အိပ်ယာထ နောက်ချတာကိုး'

ဆိုင်ကယ်ပေါ် နေရာပြန်ယူပြီးကြသည်နှင့် သူက မောင်းထွက်ခဲ့လေသည်။ မင်းသမီး၏ဆင်နွှာမောင်းသဖွယ် ဘက်တစ်ဖက် သူ့ခါးအား ရစ်ပတ်သိုင်းဖက်လာမှုကို သူရင်ခုန်တတ်နေလေပြီ။

ဒါ အချစ်မဟုတ်ဘူး။ အထိအတွေ့အပေါ် သာယာသစ်မူးမှုသက်သက်ဟု သူ ခံယူလိုက်သည်။ ရုပ်ရှင်မင်းသမီးတစ်ယောက်ကိုချစ်နိုင်မည်ဟု သူတစ်ခါမှစိတ်ကူးမယဉ်ခဲ့ဖူးချေ။ သွန်းနုံ့သာခင်သရုပ်ဆောင်သော ကြော်ငြာများ ဗီဒီယိုများ ရုပ်ရှင်များ ကြည့်ဖူးနေသည်ပင်။ နှစ်သက်သည်။ အနုပညာရှင်တစ်ယောက်ကို ပြည်သူတစ်ယောက်အနေဖြင့် နှစ်သက်သဘောကျခြင်းလောက်သာ ရှိသည်။

ဒါကို အချစ်ဟု သူ မသတ်မှတ်နိုင်ချေ။

သူကိုယ်တိုင် သရုပ်ဆောင် ဖြစ်လာခဲ့လေပြီ။ လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်မှုကို မက်မောသော သူ့အတွက် အနေကျဉ်းကျပ်မှုနှင့် မီးဆလိုက်ရောင်စုံအောက်မှာ ငိုပြ ရယ်ပြ သဏ္ဍာန် အမျိုးမျိုးအားထုတ်ပြရသောအလုပ်မှာ လွယ်ကူသောအလုပ်တစ်ခု မဟုတ်ကြောင်းကို ကိုယ်တိုင် ခံစားသိမြင်လာသောအခါ ရုပ်ရှင်အနုပညာရှင်တို့၏ဘဝကို စာနာထောက်ထားလာမိလေပြီ။ မျိုးရိုး ဗီဇ ပါရမီနှင့် ဝါသနာ ပေါင်းစပ်ပြီး စန်းရှိမှ အောင်မြင်နိုင်မည်။

'ဟုတ်ပြီ ညာကွေ့'

တောင်ခြေမြေနီလမ်းသွယ်ကျဉ်းကျဉ်းလေးထဲ ကွေ့လိုက်ရသည်။ သစ်ပင်များက နေကို ကာကွယ်ပြုထားလေသည်။ နေပျောက်များ၏ သစ်ရွက်ကြိုသစ်ရွက်ကြား ချောင်းကြည့်နေမှုကိုခံရပြီးနောက်မှ ဘွားကနဲပေါ်လာသည်က စိမ်းလန်းသော မြက်ခင်းပြင်ကျယ်ကြီးကြား ဖြတ်စီးနေသော စမ်းချောင်းလေး ကျောက်တုံးကျောက်ခဲများကြောင့် ကြည်လင်နေသောစိမ့်စမ်းလေး။ လှပသောပန်းရောင်စုံများက မြက်ခင်းများအကြား ပွင့်လန်းနေလေသည်။ စမ်းချောင်း၏အထက်ဘက်ကို ဆန်တက်သောအခါ ရေတံခွန်အငယ်စားလေးကို တွေ့ရသည်။ ထိုတောစပ်နား ကုက္ကိုပင်ကြီးတစ်ပင်၏ ခွဆုံ၌





လင့်စင်လေးထိုးထားလေသည်။

'ရပ်တော့'

ကုက္ကိုပင်အောက် ဆိုင်ကယ်ကို ရပ်လိုက်သည်။

ကုက္ကိုပင်၏ ပင်စည်ခွဆုံက မြေပြင်မှဆို ၁၂ပေသာသာလောက်ပဲ မြင့်သည်။ ပင်စည်၌ လှေကားထစ်တွယ်ကပ်ထားသည်။ လင့်စင်အိမ်ကလေးက ဝါးနှင့် သွပ်မိုး ဝါးထရံကာထားသည်။ ၁၀ပေပတ်လည်ခန့် ရှိသည်။

'ဒါ . . ကျွန်မရဲ့ စိတ်ကူးနန်းတော်လေ။ တစ်ယောက်တည်း သီချင်းလာဆိုတယ်။ တစ်ယောက်တည်း စကားလာပြောတယ်။ တစ်ယောက်တည်း လာငိုဖူးတယ်။ အဲ. . တစ်ယောက်တော့ မှန်တယ်။ တစ်ကောင်ပါသေးတယ်။ ရန်လုံဆိုတဲ့ အင်းခွေးကြီးပေါ့။ သူ သေသွားတာ ၇နှစ်တော့ရှိပြီ။ ကျွန်မ ရန်ကုန်ကို ခေါ်သွားတယ်။ ဟိုရောက်မှ သူသေတာ။ ဒီကိုလွမ်းလို့လား အသက်ကြီးလို့လားတော့ မသိပါဘူး။ တိုင်း. . တက်ကြည့်လေ'

သူ. . လင့်စင်ပေါ် တက်လာပြီး ကဲလားများကို ဖွင့်လိုက်သည်။ လုံလောက်သောအလင်းရောင်များ ဝင်ရောက်ပြီး လတ်ဆတ်သောလေအေးများကြောင့် စိတ်မှာ ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းသွားလေသည်။မြောက်ဘက်သို့ကြည့်လိုက်သော အခါ ရေတံခွန်နှင့်စမ်းချောင်းလေး။ အရှေ့ဘက်၌ မြက်ခင်း ပြင်ကျယ်နှင့်တောပန်းရိုင်းလေးများ။ တောင်ဘက်၌ လိမ္မော် ခင်း။ အနောက်ဘက်၌စိမ်းညို့နေသောတောအုပ်နှင့် တောင် ကုန်းလေးများကို မြက်ခင်းပြင်ကိုဖြတ်ပြီးမှ မြင်ရသည်။

ထီးတည်းဖြစ်နေသော ကုက္ကိုပင်ကြီးဝန်းကျင်၌ ပြိုင် ဖက်အပင်ကြီးမရှိချေ။သူ သဘောကျမိလေသည်။မင်းသမီး က စမ်းချောင်းနား ဆိုင်ကယ်မောင်းသွားပြီး သူခူးလာသော လိမ္မော်သီးများသွားဆေးလေသည်။ သူ လင့်စင်တဲထဲသို့မျက် စိကစားလိုက်သည်။ ကြိမ်ခေါင်းအုံးကလေးများ မီးခွက်တစ် လုံး ဒါပဲ ဘာမှမရှိ။ ဝါးများက ပြောင်လက်ကာချောနေသည်။ အမိုး၌ ပင့်ကူအိမ်တွယ်မနေ။ ရေနံချေးများ အထပ်ထပ်က ပြင်ပကိုသုတ်ထားသည်။ အတွင်းက သဘော်ဆေးအစိမ်းနု ရောင်လေး သုတ်ထားသည်။

စိတ်ကူးနန်းတော်တဲ့လား။

ပြုလုပ်ဖန်တီးသော မြို့ပြလူနေထိုင်မှုမှခွန်းကြပ်လာ သောအခါ သဘာဝအလင်းရောင် သဘာဝပန်းချီကားချပ် တို့နှင့်ကြုံတွေ့ရသောအခါ စိတ်သည် လန်းဆန်းသစ်လွင်ကာ





တစ်မျိုးတစ်ဖုံပြောင်းလွဲသွားလေသည်။

'ဘယ့်နှယ်လဲ. . တို့ရဲ့နန်းတော်လေးက ခမ်းနားရဲ့ လား'

သူ့နောက်နားဆီမှအသံထွက်လာမှ သွန်းနံ့သာခင် အနားရောက်လာမှန်း သိလိုက်ရသည်။

'ငြိမ်းချမ်းတယ်'

သူက ကြမ်းပြင်ထက်သို့ လှဲလျောင်းချလိုက်သည်။

သွန်းနံ့သာခင်က လေးဘက်လေးတန်ရှိ ကဲလားများ ကို ဖွင့်လိုက်သည်။ အမိုး၌ ကြယ်မြင်လမြင် အကြည်ရောင် သွပ်ကို အလယ်၌ ဖောက်မိုးထားသဖြင့် ရွှေ့လျားနေသော တိမ်တိုက်များကို လှမ်းမြင်ရသည်။

ကုက္ကိုပင်၏အကိုင်းအခက်များကို သိပ်ပေးမမြင့်ဘဲ ထားရှိခြင်းကတော့ သေသေချာချာကို ပြုပြင်ထားခြင်း ဖြစ် သည်။ သွန်းနံ့သာခင်၏စိတ်ကိုသူဖောက်ထွင်းမြင်လာသည်။ သဘာဝကို မြတ်နိုးစိတ်ရှိသူပေပဲ။

'အဘနဲ့ အမေက တို့ကို စိတ်ဆိုးပြီး မခေါ်မပြောတဲ့ နေကြတဲ့နှစ်တွေတုန်းက တို့လာရင် သူတို့က ရှောင်နေတော့ တို့က ကန်တော့ပြီးတာနဲ့ ဒီကိုထွက်လာလိုက်တယ်။ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့လည်း တို့စားဖို့တွေ လာပို့ခိုင်းပြီး မလှမ်းမကမ်းမှာ ဦးကြီးညိုကို စောင့်ရှောက်ထားခိုင်းတယ်'

'ဒီနေရာက မင်းသမီးတို့ ပိုင်တာလား'

'မဟုတ်ဘူး။ ဟို လိမ္မော်ခြံအဆုံးအထိပဲ ပိုင်တယ်။ ဒါက မြေလွတ်မြေရိုင်းပေါ့'

'သြော်'

မင်းသမီးက သူ့အနီး ပုဆစ်ဒူးတုတ် ထိုင်ချလိုက်သည်။ ချစ်သူ မဟုတ်သော သူစိမ်းအမျိုးသမီးတစ်ယောက် ရှေ့၌ သူ ရဲတင်းစွာ အိစ်ရဲလေသည်။ ယုံကြည်မှုတို့က ဘာကြောင့်များ သူ့နှလုံးအိမ်၌တည်လာရသနည်း။ မင်းသမီးက လိမ္မော်သီးကို ခွာလိုက်သည်။ နောက် အမွှာလေးတစ်မွှာကို သူ့ပါးစပ်နားကပ်ကာ

'စားလေ အမျှင်လေးတွေပါရင် နှလုံးသွေးလှည့်ပတ်မှုကို ပိုမိုအားပေးတယ်'

သူက မစားသေးဘဲ သူ့အား မိုးကြည့်ရင်း ပြောနေသောမင်းသမီး၏မျက်နှာလှလှကိုစိတ်လှုပ်ရှားစွာကြည့်ရင်း

'ဘယ်သူပြောတာလဲ'

'တို့'





'ဟာကွာ'

နှုတ်ခမ်းနားတေ့ထားသော လိမ္မော်သီးအမွှာကို သူ လှမ်းကိုက်လိုက်သည်။ တစ်ဆက်တည်း မင်းသမီး လက်ချောင်းဖွေးဖွေးနုနုလေးကိုပါ ငုံခဲလိုက်သည်။

'ဟော့'

သွန်းနှံ့သာခင်၏မျက်လုံးလေးများ ဝိုင်းစက်ကာရွှန်းလက်တောက်ပလာသည်။ နှုတ်ခမ်းက မပီမသအသံနှင့်အတူ သူ့ခန္ဓာကိုယ်ပေါ်သို့ လဲပြိုလာလေသည်။

လိမ္မော်သီးအမွှာကလေးပေါ်၌ ကပ်ပါငြိပါနေသော အခွံပါးလေးများက သူ့ဝမ်းထဲ မရောက်သေးမီမှာပင် သူ၏နှလုံးက သွေးလှည့်ပတ်မှုနှုန်း မြန်ဆန်လာစေသည်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

မျှော်လင့်ထားသော်လည်း ဒီလောက် မြန်ဆန်လိမ့်ည်ဟု ထင်မှတ်မထားခဲ့၍ အဲ့ဖွယ်အောင်မြင်နှင့် သူ ချစ်ချဖြစ်သွားကြလေသည်။

သို့သော် ခက်သည်က ပြည့်ပြည့်ဝဝတော့ သွန်းနဲ့ာခင် မယုံကြည်ရဲသေး။

'တို့ကိုချစ်လား'

'ချစ်လား မချစ်လား ကိုယ့်ကိုကိုယ်မမေးရသေးဘူး။ ါပေမယ့် တစ်ခုတော့ ပြောနိုင်တယ်။ သာသာနဲ့ နေရတာ ပျော်တယ်။ သာသာနဲ့ခွဲမနေချင်ဘူး။ ဒါကို အချစ်လို့ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သာသာကို မောင်ချစ်တယ်လို့ ဆိုလို့ရပြီ'

သွန်းနုံ့သာခင်ရင်ထဲ နာကျင်သွားလေသည်။

ဝဋ်ဆိုတာ လည်တတ်သည်ဟုဆိုပါလျှင် ယခင်ရည်းစားရှာယောက်၏အချစ်ကို ဥပေက္ခာပြုကာ ကျော်ခိုင်းခဲ့သော ဝဋ်ကြွေး ပြန်လည်လေပြီဟု ထင်သည်။

ချစ်သူစိတ်ချမ်းသာစေရန် ဟူသောမုသားစကားကိုပင် အရေးလုပ်ပြီးမဆိုလေသော ချစ်သူအပေါ် သူခွင့်လွှတ်လိုက်ပြီး

'တို့ကတော့ မောင့်ကိုချစ်တယ်။ မြင်မြင်ချင်း စိတ်ဝင်စားရာကနေ မင်းနဲ့အတူ တွဲဖက် သရုပ်ဆောင်ရတာကို တို့ သိပ်ပျော်လာတယ်။ ဟုတ်တယ်။ တို့ မောင့်ကို မချစ်ဖူး တကယ်ကိုချစ်မိသွားတာပါ'

အံ့ဖွယ်အောင်မြင်က သူ့ကိုမယုံကြည်နိုင်သောမျက်ဝန်းနှင့်ကြည့်လေသည်။ ထိုအကြည့်ကိုပင် သွန်းနုံ့သာခင် ရင်ထဲ မချိအောင် နာကျင်ခံစားမိသည်။

'တို့အချစ်ကို မယုံကြည်လို့လား'

'မဟုတ်ပါဘူး။ တစ်ခါတစ်ရံ ကားရိုက်နေတာလားလို့ ဒါမှမဟုတ် အိပ်မက်လားလို့'





'ဒါဆို တို့တွေ လက်ထပ်ရအောင်'

မိန်းကလေးက စ၍ ဆိုရပြီ။ ချစ်မိလာတော့လည်း လောကသိက္ခာတို့ဘာတို့ ငဲ့ကွက်မနေချင်တော့။ အံ့ဖွယ်အောင်မြင်ဟူသော ချစ်သူအသစ်စက်စက်ကလေးကို ဆုံးရှုံးသွားမှာကို ရှုမတတ်ကြောက်မိလေပြီ။

'မဖြစ်သေးဘူး. . ကျွန်တော့်ကိုယ် ကျွန်တော် ဘာအကောင်မှန်း မသိသေးဘူး'

'ဟင်'

'ဟုတ်တယ်လေ ကိုယ့်ကိုကိုယ်တောင် ဘာကောင်မှန်းမသိသေးတဲ့လူတစ်ယောက်က အိမ်ထောင်ပြုမယ်ဆိုရင် အဓိပ္ပာယ်မရှိတဲ့ အိမ်ထောင်ရေးဖြစ်သွားမှာပေါ့ သာသာ။ ကျွန်တော် သာသာနဲ့ ခုလိုနေရတာပျော်တယ်။ ဒီတိုင်းပဲနေချင်သေးတယ်'

သွန်းနုံ့သာခင် မျက်ရည်များပင် ရစ်သိုင်းဖွဲ့ဝင်လာသည်။ ဩော်. . . သူချစ်ရသူက သူ့အပေါ် အလေးမထားအပျော်တွဲ တွဲတာပါလားဟုသိလိုက်ရသောအခါ ရင်ထဲနာကျင်လွန်းသဖြင့် ကြေကွဲပွင့်တို့ ကွေလေပြီ။

ဒါကို ချစ်သူ မမြင်စေချင်သဖြင့် ရင်ခွင်ကြား ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဝှတ်ထားလိုက်သည်။

'ဟော ကြယ်ကြွေပြီ'

မြက်ခင်းပေါ်၌လဲလျောင်းပြီး ကြယ်တွေကိုရေတွက်ရအောင်ဟု ဆိုပြီး သူတို့နှစ်ဦးအပြင် ဦးကြီးညို၊ ပူစူးလည်း မလှမ်းမကမ်းမှ အဖော်လုပ်ပေးကြသည်။

သူတို့အခြေအနေပြောင်းလဲမှုကို ပူးစူးက ကောင်းစွာရိပ်မိသဖြင့် ခပ်ဝေးဝေးမှာပင် ဦးကြီးညိုနှင့် ကောက်ညှင်းကင် ဆတ်သားကင် စားနေလေသည်။ ကြယ်ကြွေတာလည်း သူ မကြည့်ချင်တော့။ မျက်ဝန်းမှာ မျက်ရည်တို့ ဝေ့သီနေမှ တော့ မြင်နိုင်ပါဦးမလား။

'သာသာ တွေ့လား'

'အင်း'

'မဟုတ်ဘဲနဲ့ သာသာ မကြည့်ဘဲနဲ့'

'ကြည့်ပါတယ်။ ပြန်ရအောင် မနက်စောစော တို့တွေ ရေပြင်ဟိုတယ်ကို ရောက်နေမှဖြစ်မယ်'

'အင်း ရုပ်ရှင်မင်းသားလုပ်ရတာ မလွယ်ပါလား'

'ဆက်လုပ်ဦးမှာလား'

'အခြေအနေအရပဲ'





အရာရာကို အလေးအနက်မတွေးတတ်သော ချစ်သူအသစ်စက်စက်ကလေးကိုအပြစ်မမြင်ရက်။ မိမိထက်စာလျှင် ငယ်သေးသည်ကိုး။ လောကကြီးကြား အခုမှ တိုးဝင်လာသူပေပဲ။ ဒါကို မိမိက သိမ်းသွင်းယူငင်ပြီး သူ့ဘဝကို ချိနှောင်မိလေပြီထင်သည်။ ချစ်မိလာတော့လည်း ဆုံးရှုံးရမှာကြောက်သည်။ နှောင်ဖွဲ့ထားချင်သည်။ ခိုင်မာသော နှောင်ကြိုးလေးနှင့်ရစ်ပတ်ထားချင်ပြီဖြစ်သော်လည်း အထင်လွဲမှာကြောက်သဖြင့် ဘာမှမပြောဖြစ်လိုက်ချေ။

သူ့ဘယ်လက်မောင်းကိုခေါင်းအုံးပြီး မိုးကောင်းကင်သို့မော့ကြည့်လိုက်တော့ ကြယ်တာရာပေါင်းတို့က ရေတွက်မကုန်နိုင်အောင် ထွန်းလင်းလျှက်ရှိနေသည်။ ရင်ထဲ၌ ရှိနေသောအချစ်သည်လည်း နှလုံးအိမ်တည်နေသရွေ့ ကုန်ခမ်းနိုင်မည်မဟုတ်ချေ။

အချစ်စစ်ကိုတွေ့မြင်လာချိန်၌ အချစ်ကို စူးစမ်းနေသောသူနှင့်မှ ဆုံဆည်းတတ်ပါလေ့။

'မမ ပြန်ရအောင် ကားလာကြိုတော့မှာ'

ပူစူးက လှမ်းအသံပြုလေသည်။

'အေး အေး'



www.burmeseclassic.com

www.burmeseclassic.com



သူ မထချင်ဘဲ ထလိုက်ပြီး မြက်ခင်းပြင်ကို စပရှ… မွေ့ရာထက်ပင် သဘောကျ ဇိမ်တွေ့နေပုံရသော ချစ်သူ… ဆွဲထူလိုက်ရသည်။

'သာသာ ဒီလိုနေရာမျိုးတွေ ရှိသေးလို့ အဆင်ပြေ… ရင် ကျွန်တော့်ကို ခေါ်ဦး။ ကျွန်တော် သဘောကျသွားပြီ…

ကလေးဆန်လွန်းတဲ့ချစ်သူကို အပြစ်မယူ အချစ်… ရီသာတိုးလျက် ကျေနပ်စွာခေါင်းညိတ်လိုက်မိလေသည်။

■





## အခန်း(၁၂)

'ညီလေးလုပ်ပုံ မဟုတ်ဘူးနော်'

အံ့ဖွယ်အောင်မြင် ကိုကိုထင်ရှားကိုခပ်စူးစူးပင်စိုက် ကြည့်လိုက်သည်။

'ကျွန်တော် အသက် အစိတ်ကျော်ပြီ ကိုကို ကလေး မဟုတ်တော့ဘူး။ ကိုယ်ပိုင်လွတ်လပ်ခွင့် အပြည့်ရှိသင့်တယ်'

ကိုကိုနှင့်သူ ဘယ်တုန်းကမှ ခွန်းကြီးခွန်းငယ် မဖြစ် ဖူးချေ။ ကိုကိုကသာ သူ့ကို အလျှော့ပေးသွားတတ်သည်က များသည်။

'ညီလေး စဉ်းစားကြည့်စမ်း သူဟာ ဘယ်လိုမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



စားမွှေးလဲ ခု ညီလေးကို စပြီး ချိန်းတယ်။ သွေးမတော်သား မစပ် နှစ်ယောက်တည်းသွားဖို့ ဖိတ်ခေါ်တယ် ဆိုကတည်း က သူဟာ ရိုးသားမှုမရှိဘူး'

ရိုးသားခြင်းမရှိတာကတော့ သေချာသည်။

အဘယ်ကြောင့်ဆိုသော် သူမ၏ ညွတ်ကွင်းအတွင်း သို့ သူက လိုလိုချင်ချင်ပင် ဆင်းသက်ခဲ့မိလေပြီကိုး။

'ထားပါ ကိုကိုရာ ဒါပေမယ့်. . ကျွန်တော် ပျော်ခဲ့ပါ တယ်။ သူ့မိဘတွေကလည်း ဂရုစိုက်ကြတယ် ဆွေကြီး မျိုး ကြီးက မဟုတ်ပေမယ့် ရိုးသားဖြူစင်တဲ့ဥယျာဉ်ခြံနဲ့ စီးပွားဖြစ် နေကြသူတွေပဲ'

'လေးလေးမျက်နှာကို ငါဘယ်လိုကြည့်ရမလဲ။ မင်း တို့ ငြိခဲ့ကြပြီလား'

'ဆိုပါတော့'

ကိုကို့ကို ဘာလို့ သူ ဝန်ခံလိုက်သနည်း။ လိမ်ညာ ထားလို့မရပေဘူးလား။ ကိုကိုသည် ဖေဖေ့ဘက်တော်သား ဖြစ်ရာ ဖေဖေ့ အား အစီရင်ခံတော့မည်။

'ခက်တယ် ညီလေးရာ. . ခရီးတော်တော်ရောက်ခဲ့ သလား'





ဘာကိုဆိုလိုမှန်း သူ မသိချင်။ ခန့်မှန်းကာ

'ဆိုပါတော့'

ကိုကို မျက်နှာပျက်သွားလေသည်။

'ငါကိုကမှားတာ။ သူနဲ့ရိုက်ဖို့ ငါပဲ ရွေးခဲ့တယ်။ ဒါ ပေမယ့် ကိုယ့်ညီနဲ့ရိုက်မယ်ဆိုတော့ ဖျက်သင့်တယ်။ သူက အသည်းစားဘုရင်မ မင်းအသည်းနုနုကို သူလွယ်လင့်တကူ စား နိုင်တာပေါ့'

သူက ပြုံးလိုက်သည်။

'စိတ်ချပါ ကိုကိုရာ ကျွန်တော် သူ့ကိုအပျော်တွဲတာ ပါ'

'ဘယ်စိတ်ချနိုင်မလဲ ညီလေးရာ လက်ထပ်ဖို့ ဘာ သာပြောရင် လက်မခံနဲ့နော်'

သူ မျက်နှာ မပျက်အောင် သတိထားလိုက်သည်။ သာသာက သူ့အား လက်ထပ်ဖို့အထိ ပြောခဲ့သည်ပဲ။

'တော်ပါပြီ ကျွန်တော် ဆင်ခြင်ပါ့မယ်. . ကျွန်တော် အိပ်ချင်ပြီ ကိုကိုရာ'

ကိုကိုထင်ရှား သူ့အိပ်ရာပေါ်မှ ဂွမ်းစောင်ကိုလှပ် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူလှဲချလိုက်သည်နှင့် ဂွမ်းစောင်ကို ပြန်ခြုံပေးရင်း

'ညနေရှူးတင်မှာ ပိတောက် သူ့ကို အထင်လွဲစိမ်းကားတဲ့ မျက်ဝန်းနဲ့ကြည့်ပြီး လမ်းခွဲဖို့ မင်းပြောရမယ်။ ပိတောက်က မျက်ရည်ကျပေမယ့် မင်းကို မတောင်းပန်ဘူး။ မင်းက သူမျက်ရည်ခံထိုးတာကို မကြည့်ရက်လို့ ကျောခိုင်းပြီးထွက်သွားတဲ့အခန်းကိုရိုက်မှာ ရော့ . ဦးဆွေပေးထားတဲ့ ဇာတ်လမ်းဖတ်ရင်း အိပ်တော့ နိုးလာမှ တစ်ခေါက်ဖတ် ဖိုကောင်တွေ တူးတူး၊ ခါးခါး မင်းတို့ အခန်းအပြင်က စောင့် ဘယ်သူမှ မလာစေနဲ့'

'ဟုတ်ကဲ့'

'ဘယ်သူမှ ဆိုတဲ့အထဲမှာ မင်းသမီးကော ပါတယ်နော်။ မင်းသားအိပ်နေတယ် တွေ့ခွင့်မရှိဘူးလို့'

ကိုကို၏စီမံနေမှုကို သူပြုံးမိလေသည်။

သူသည် ခါးထစ်ခွင်ချိရသော အရှယ်မှ မဟုတ်ပေပဲ။ လောလောဆယ်တော့ အောင်ပန်းမှ အင်းလေးကို ပြန်လာရာတွင် ပင်ပန်းလာသဖြင့် မျက်တောင်စင်းကျလာသည်။

■





## အခန်း(၁၃)

'မောင် တို့အချစ်ကို နားလည်လက်ခံနိုင်ရဲ့လား'

သွန်းနံ့သာခင် ချစ်သူကိုအားမလိုအားမရကြည့်ကာ မေးလိုက်သည်။ ချစ်သူက ဂီတာတီးနေရာမှလှမ်းကြည့်ကာ

'ဘာကို ဆိုလိုတာလဲ'

'မောင့်ကြည့်ရတာ အေးတိအေးစက်နဲ့'

'ကျွန်တော် နေတတ်သလို နေတာပဲ'

သွန်းနံ့သာခင်ရင်ထဲ နင့်ကနဲဖြစ်သွားသည်။ ကိုယ်ချစ်ဆိုတော့ ကိုယ်ပဲ စိတ်ပင်ပန်းရလေမည်ပေါ့။

အမှန်ဆို မနက်ဖြန် မိမိက ပြန်ရတော့မည်။ သူက သူ့အခန်းတွေအတွက် ၃ရက်မျှ နေရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ပူပူနွေးနွေး ချစ်သူနှစ်ဦး ခွဲခွာရတော့မည့်ညဉ့် ဝန်းတာလေး၌ ချိန်းတွေ့သည်။ ဒါကလည်း မိမိက စချိန်းရခြင်းဖြစ်သည်။ ချစ်စကားလေးများ ခွန်းတုန့်ဖလှယ်ချင်သည်။

သူက ဂီတာ တီးကာ အေးအေးဆေးဆေးပင်။ သူတစ်ယောက်တည်းရှိနေသည့်အလား မိမိအား ဥပေက္ခာပြုလျက်. . .

'ပြောလေ သာသာ ဘာပြောချင်လို့ချိန်းတာလဲ'

သွန်းနုံ့သာခင် ယခင်စိတ်နှင့်သာဆိုလျှင် အထိခိုက်မခံ။

ယခုတော့. . ချစ်သူကို အပြစ်မမြင်တမ်းခွင့်လွှတ်နေမိသည်။

'မနက်ဖြန် တို့ပြန်ရတော့မယ် ဒီမှာ တို့နားတဲ့အချိန်တွေ တို့ မောင်ဆက်သွယ်လာမယ့်အချိန်ကိုစောင့်နေမယ်'

သွန်းနုံ့သာက သေသေချာချာရေးထားသောအချိန်စာရင်းလေးကို သူက လှမ်းမယူဘဲ

'နေပါစေ ကျွန်တော် အားချိန်နဲ့ တိုက်ချင်မှ တိုက်မှာ ကျွန်တော် အားရင် ဖုန်းဆက်မယ်။ ဒါမှမဟုတ် သာသာအားရင် ဖုန်းဆက်လိုက်။ ကျွန်တော်က အမြဲအားနေတဲ့သူပဲ။ သာသာ ပေးနိုင်တဲ့အချိန် ကျွန်တော် လာတွေ့မှာပေါ့. . ဆုတ်တယ် မဟုတ်လား'





သူ့စကားက ကုန်နေလေပြီ။

သွန်းနုံ့သာခင် ဘာမှခွန်းတုန့်ပြန်စရာမရှိတော့။ ထို့ကြောင့် မိမိကိုယ်တိုင်ရေးလာခဲ့သော အချိန်စာရင်း စာရွက်ဖြူလေးကို အစိတ်စိတ်အမွှာမွှာစုတ်ဖြဲကာ ရေထဲမျှောလိုက်လေသည်။

ကန်ရေပြင်ထဲသို့ စာရွက်ဖြူအပိုင်းအစလေး ပေါ်တာမျောနေရာမှ တဖြည်းဖြည်းနစ်မြုပ်သွားလေသည်။

ရည်မှန်းချက်ကြီးကြီးထားတတ်သောသူများ၏ နှလုံးသားသည် မာကျောတတ်ပြီး ရည်မှန်းချက်မရှိသေးသောသူများ၏နှလုံးသားသည် နူးညံ့ပျော့ပြောင်းကာ ပုံကိုင်ရှင် မရှိသော လေ့ငယ်သဖွယ် မျောချင်ရာသို့ လွင့်မျောနေတတ်သည်။ ထိုသူများသည် ကလေးတစ်ဦးနှယ်အပြစ်ကင်းစင်နေတတ်သည်။ သွန်းနုံ့သာခင်စိတ်ထဲ အံ့ဖွယ်အောင်မြင်ကို အပြစ်ကင်းစင်သူတစ်ဦးအနေနှင့်ခွင့်လွှတ်ကာထားလိုက်သည်။

ဒါကလည်း ကိုယ်က ချစ်ရသူ ဖြစ်နေသောကြောင့်ပင်။ ချစ်သူကို ရယူပိုင်ဆိုင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိအပေါ် နားလည်လိုက်လျော့မှုလေးတွေရှိစေချင်သည်။

အနုပညာသည်တစ်ယောက်၏ဘဝကို သူစာနာနိုင်မည်ဆိုပါက မိမိတို့၏အနာဂတ်ခရီးအတွက် ပန်းခင်းလမ်းဖြစ်လာနိုင်သည်။

'မောင်'

'အင်'

'တို့နဲ့ ခွဲရမှာ ဘယ်လိုခံစားရသလဲ'

'မသိဘူး'

'ဟောတော့'

'ဟုတ်တယ်လေ သာသာ. . သာသာနဲ့ ကျွန်တော် အမြဲတတွဲတွဲရှိနေတာပဲ။ ခွဲမှ မခွဲဖူးသေးတာ ခွဲကြည့်မှ သိမှာပေါ့'

ဒါ သူ ညာတာမဟုတ်ဘူး။ တကယ့်ကို ဖြောင့်မှန်သောစကားဟု ချစ်သူဘက် အလေးသာကာ သွန်းနံ့သာခင် တွေးကြည့်ကာကျေနပ်လိုက်သည်။

ချစ်သူက ဂီတာကို အသာချကာ မိမိ ပခုံးလေးကို လှမ်းဖက်လာသောအခါ ရင်ထဲ၌ မွန်းကျပ်ကာ နာကျင်ခဲ့ရ





သမျှတို့သည် ကျေပျက်သွားလေသည်။ ချစ်သူ ပခုံးထက်၌ ခေါင်းတင် မှီခိုကာ နားနေရသော သာယာကြည်နူးမှုမျိုးကို ဘယ်အရာနှင့်မှ အစားမထိုးနိုင်ပြီ။

'သာသာဟာ ကျွန်တော့်ဘဝအတွက် အချစ်ဦးပဲ. . ကျွန်တော့်ဘဝ သိတတ်စအရွယ်မှာပဲ အမေဆိုတာ မရှိခဲ့တော့ မိန်းမသားတွေနဲ့ လက်ပွန်းတတီးနေခြင်းမျိုး မရှိခဲ့ဖူးဘူး။ ခုမှ သာသာဟာ ကျွန်တော့်ဘဝမှာ အမေက လွဲပြီး အရင်းနှီးဆုံးမိန်းမတစ်ယောက်ပဲ။ ကျွန်တော် သာသာကိုနားလည်ပြီး သာသာတစ်ယောက်တည်းကိုချစ်သွားနိုင်ဖို့ ကြိုးစားရဦးမယ် ထင်တယ်'

'ဟင် မောင့်စကားကလဲ သာသာ့အပြင် အခြား ချစ်စရာရှိရင် ချစ်မယ့်သဘောလား။ မောင့်စိတ်ကို မောင်မနိုင်ရင် နောက်ထပ်မိန်းမတွေ ဒုတိယ တတိယတွေရှိလာဦးမယ့်သဘောလား'

'မပြောတတ်ဘူး သာသာနဲ့နေရတာဟာ သူငယ်ချင်းတွေနဲ့နေရတာလောက် လွတ်လပ်ပျော်ရွှင်မှု မရှိတာတော့ သေချာတယ်။ ဒါပေမယ့် သာသာကို မောင်ချစ်ပါတယ်'

သွန်းနံ့သာခင် သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းခုံမင်သူကိုမှ ချစ်မိလေပြီ။

မိမိ နားခိုရာရှာသည်က အေးချမ်း နွေးထွေးသော အရိပ်တစ်ခု။ ရရှိလိုက်သည်က လွင်တီးခေါင်ပြင်ထက်က မီး တောက်မီးလျှံတစ်ခုပေလား။

ကိုယ်စတင်ခဲ့သည့်ဇာတ်လမ်းကို ကိုယ်ပဲနိုင်အောင် ကရဲတော့မည်ပေါ့။

ကိုယ်ချစ်ကို ရှာခဲ့ ဖန်တီးခဲ့မိသည်ကိုး။

'ဒါပေမယ့် ကျွန်တော့စိတ်ကူးထဲမှာ မင်းသမီးရည်း စား မင်းသမီးယောကျ်ားဖြစ်ရလိမ့်မယ်ဆိုတဲ့စိတ်ကူးမျိုး မရှိ ခဲ့ဖူးဘူး'

'ဘုရားရေ ဒါဖြင့် ရှင်က ကျွန်မကို အပျော်တွဲလား'

သူက ဟက်ကနဲ တစ်ချက်ရယ်လိုက်ပြီးမှ

'ဒါတော့ မဟုတ်ဘူးထင်တယ်။ သာသာ့ကို ချစ်ချင် စိတ်က အလိုအလျောက်ဖြစ်ပေါ်လာပြီး ချစ်မိသွားတာပဲ'

'ဒီအတွက် နောင်တရနေပြီလား'

ချစ်ရသူက မိမိကိုယ်တိုင် ဖြစ်နေလေတော့ လိုက် လျောခြင်း အနစ်နာခံခြင်း နားလည်မှုပေးခြင်းတွေနှင့် မိမိ စိတ်ကို ကြံ့ခိုင်အောင် မွေးမြူရလေပြီ။





'နောင်တ ရတယ် မရဘူးဆိုတာ သာသာ့အပေါ် မူ တည်လိမ့်မယ်'

'ဘာကြောင့်'

'သာသာ အချစ်နဲ့သစ္စာက ကျွန်တော့်ကို နှောင်

နိုင်ပါတယ်။ မေတ္တာဆိုတာ အသွားအပြန်ရှိပါတယ်။

မေတ္တာ ကျွန်တော့်ပေါ် သက်ရောက်နေသရွေ့တော့

တော့်ဘက်က တန်ပြန်သက်ရောက်နေမှာပါ'

'ဪ မောင်က တို့အချစ်ကို အကြွင်းမဲ့ ယုံကြည် ခြင်း မရှိသေးဘဲကိုး'

'ယုံချင်တာပေါ့. . ဒါပေမယ့် တစ်ခါတစ်ရံမှာတော့ သရုပ်ဆောင်ကောင်းလွန်းတဲ့ သာသာဟာ တကယ်မှဟုတ် ရဲ့လား သူ့အင်မတန်ကျွမ်းကျင်တဲ့ မာယာလက်နက်တွေနဲ့ ငါ့အပေါ် သရုပ်ဆောင်နေတာလား ဆိုတဲ့အတွေးမျိုးတော့ ဝင်လာမိတယ်'

သွန်းနုံ့သာခင် ကျေနပ်သွားလေသည်။

ဘာပဲပြောပြော ချစ်သူသည် မိမိအပေါ် ထည့်သွင်း စဉ်းစားမှုမျိုးရှိနေတတ်သည်ပဲ။

'မောင်ရယ် မောင့်အပေါ်မှာ တို့ တကယ်ချစ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ တို့ရဲ့စကား တို့ရဲ့အပြုအမူ မှန်သမျှဟာ တို့နှလုံးသား ရဲ့စေခိုင်းချက်တွေချည်းပါပဲ။ တို့မေတ္တာကို မောင် အထင် မသေးပါနဲ့'

'ကောင်းပြီလေ. . သာသာနဲ့ ကျွန်တော် တစ်နေ့ အချစ်လွန်ဆွဲပွဲတစ်ခုနဲ့ကြုံရလိမ့်ဦးမယ် အဲဒီအခါမှသာ သာ သာရဲ့အချစ်ကို ကျွန်တော် သေသေချာချာ ပိုင်းခြားထုဆ တော့မယ်။ အခုတော့ သာသာပြောသလိုပဲ သာသာ ကျွ တော့်ကို တကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့ချစ်တာပါလို့ပဲ ယုံ ကြည်ထားလိုက်တော့မယ်နော်'

'ဩော် မောင်ရယ်'

မိမိဘဝ၌ ယောကျ်ားတစ်ယောက်ကို ယခုလော ထိ အောက်ကျနောက်ကျခံကာ တစ်ဖက်သတ်အချစ်မျိုးနှ ချစ်ရလိမ့်မည်ဟု မမျှော်လင့်ခဲ့ဖူးချေ။

ဝဋ် ဆိုတာ လည်တတ်သည် ထင်ပါသည်။ ယခ ရည်းစားဟောင်းများကိုပြန်လည်တမ်းတခြင်းတော့ မဟုတ် ပါ။

သို့သော် သူတို့၏ချစ်ခြင်းမေတ္တာကို ဥပေက္ခာပြု ခြင်းအတွက်တော့ စိတ်တွင်းကြိတ်၍တောင်းပန်မိသည်။





အချစ်ဆိုတာ ကစားစရာမဟုတ်ဘူးဟု သွန်းနုံ့သာ ခင် ကိုယ်တွေ့ဖြင့် ယုံကြည်လာလေပြီ။

'မောင့်ကို တို့ တကယ်ချစ်တာပါ မောင်ရယ်။ တစ် နေ့နေ့တော့ သက်သေပြခွင့်ကြုံဦးမှာပါ။ မောင် တို့အချစ်ကို ယုံကြည်နားလည်ရင်ပဲ တို့ ကျေနပ်နိုင်ပါတယ်'

'လောလောဆယ် ယုံကြည်ထားလိုက်ပါပြီ သာသာ ကိုင်း ကျေနပ်တော့ မောင်အိပ်ချင်ပြီ သာသာ ထိုင်နေခဲ့ဦး မှာလား'

'အင်'

'ဒါဖြင့် ဂွတ်နိုက် မနက် သာသာပြန်သွားချိန် မောင် မနိုးရင်လည်း တစ်ခါတည်း နှုတ်ဆက်လိုက်ပြီ'

မောင်က နှုတ်ဆက်အနမ်းလေး ပေးပြီး မိမိအား ကျောခိုင်းထွက်သွားချိန်၌ မျက်ရည်များ စီးကျလာသည်။

ချစ်သူကို ညကြီးသန်းခေါင် အပြင်မှာထားခဲ့ခြင်းကို လည်း မောင် စိတ်ချသည်။ ချစ်သူနှင့် ခွဲခွာရခြင်းအတွက် မောင့်မှာ ဘာခံစားချက်မှရှိပုံမရ။ ချစ်သူကို အအိပ်လော ပင် မမက်မောသောမောင့်ကို ရင်နာနာနှင့် ခွင့်လွှတ်မိလေ သည်။ မောင့်ထံမှ လှိုက်လှဲသောအချစ်ကိုရရှိဖို့ သူ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြိုးစားရဦးမည်ဟု သွန်းနံ့သာခင် ကောင်းစွာသဘော ပေါက်လိုက်လေသည်။

အနားမှာ ချစ်သူရှိနေပြီးမှ အထီးကျန်စွာဖြင့် လှ သောညချမ်းလေးကို လွမ်းဆွတ်ဖွယ် ငေးမောခံစားရင်း ဆ တောင်းနေမိသည်။

သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူ ကြည်ဖြူသော အချစ် မျိုးနှင့်သာ ဆုံတွေ့ရပါလို၏ဟု။





## အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၄)

ဦးအောင်နိုင် သားဖြစ်သူ၏ခြေလှမ်းများကို မသိမသာ အကဲခတ်နေလိုက်သည်။ သူ အကဲခတ်နေကြောင်းလည်း သား မသိစေချင်။

သားသည် အပြစ်ကင်းစင်သူဖြစ်သည်။ သားကို မိမိစီးပွားရေးအတွက် အသုံးချခဲ့သည်ကိုက မိမိအမှားပေလားဟု သူ တွေးမိသည်။

ဒါတော့ မဖြစ်နိုင်။

သူရှာဖွေနေသမျှတို့သည် သူ၏သားအတွက်ပဲဖြစ်သည်။

သားသည် ရုပ်ရှင်ပိုးဝင်သွားလေပြီ။ ဇာတ်ညွှန်းများ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစွာဖတ်တတ်သလို စက်ပစ္စည်းများ ကင်မရာ မီးဆလိုက်က အစ လေ့လာတတ်သည်။ တည်းဖြတ်ခြင်းကိုလည်း အလစ်မပေး။ သားအတွက် အခုမှ အလုပ်တစ်ခုကို တွေ့သွားသလို သူ၏စိတ်လိုအင်နှင့်လည်း သွားရောက်တွေ့ကြုံတိုက်ဆိုင်လေသည်။

'ဖေဖေ သား သရုပ်ဆောင်မလုပ်ဖြစ်ရင်တောင် ဒါရိုက်တာ ဒါမှမဟုတ် ပရိုဂျူဆာလုပ်မယ်။ ကုမ္ပဏီထောင်ရင် ကောင်းမလား'

'ဟာ မလုပ်ပါနဲ့ကွာ မင်းသားမင်းသမီးတွေနဲ့ ဆက်ဆံနေရမယ့်ကိစ္စမျိုး'

သားက သူ့အား အဓိပ္ပာယ်ကျယ်ဝန်းသော မျက်လုံးများနှင့်ကြည့်လေသည်။

'သား မင်းသားဖြစ်သွားပြီ ဆိုရင်ကော ဖေဖေ ဒီစကား ပြောမလား'

သူ ငိုင်ကျသွားသည်။

သား မင်းသားဖြစ်ဖို့ အလားအလာရှိနေသည်။

တစ်ကားတည်းနှင့် ပရိသတ် လက်ခံနိုင်သည်။ ရုပ်ကိုက ဆွဲဆောင်မှုရှိတဲ့ကောင်ဟု သူ့သားကို သူချီးကျူးနေ





သည်။

'ဒီလုပ်ငန်းဟာ သူတို့အသက်မွေးဝမ်းကျောင်း ဆိုပေမယ့် ဖေဖေ ဒါမပါဘဲ လုပ်လို့မရဘူး'

သားက ရင်ဘတ်ကိုပုတ်ပြီးပြောသောအခါ သူမျက်စိလည်သွားသည်။

'ဒါက ဘာလဲ'

မေးခွန်းထုတ်လိုက်တော့မှ

'ရင်ထဲကလာတဲ့ စေတနာလေ ပြီးပြီးရော ငါ့တာဝန်ကျေရုံနဲ့ ပြီးရောဆိုလို့ မရဘူး။ အနုပညာဆိုတာ ဖန်တီးယူလို့ မရဘူးဖေဖေ။ ပါရမီပါရမယ်။ စေတနာထား ကြိုးစားရမယ်။ စနစ် ရှိရမယ်။ ဒါမှ အောင်မြင်နိုင်တာ'

ဦးအောင်နိုင် ရင်ထဲ၌ ကျေနပ်သလိုလိုတော့ ဖြစ်မိသည်။ ဒီကောင့်အတွေးအခေါ်တွေမှန်လာပြီ။ ရင့်ကျက်လာပြီ။ ဦးတိုက်ကို ကျေးဇူးတင်ချင်သော်လည်း တစ်ဘက်က ကြားရသောသတင်းအတွက် ဦးတိုက်ကိုအပြစ်တင်ချင်သေးသည်။ မင်းသမီးသွန်းနဲ့သာခင်နှင့် ငြိစွန်းလာသည်တဲ့။

'ဒါဖြင့် သားက လာကမ်းတဲ့ကားကို လက်ခံတော့မှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ရက်စ်'

သားက ခေါင်းညိတ်ကာ ရွှတ်နောက်နောက် ဖြေလေသည်။

'မင်း တကယ်ပဲ မင်းသားလုပ်တော့မှာလား'

'ဟုတ်'

'မင်းရဲ့လွှတ်လပ်ခွင့်တွေ ဆုံးရှုံးမယ်နော်'

'ရတယ်။ သား နေတတ်တယ်'

ဦးအောင်နိုင် စဉ်းစားလိုက်သည်။ သူ ဘွင်းဘွင်းဖွင့်ပြောချင်သည့်စကားကို ပြောသင့်မပြောသင့် စဉ်းစားလိုက်သည်။ မဖြစ်သေးပါဘူး။ အစဖော်ပေးသလိုဖြစ်သွားမှာ စိုးရိမ်သည်။ 'အေး မင်းသားလုပ်ချင်လုပ် မင်းသမီးလင်တော့ မလုပ်နဲ့ကွ' ဟူသော စကားပင်။ သို့သော်. . .

သားဘက်က ဘာမှဖွင့်မပြောသေးသရွေ့တော့ သူလည်း မသိချင်ဟန်ဆောင်နေလိုက်မည်။

'ဦးတိုက်နဲ့ပဲ နောက်ထပ်. . နှစ်ကား လက်ခံလိုက်တယ်'

'ဘယ်လိုကာရိုက်တာမျိုးလည်း ကြည့်ဦးနော်။ မင်းငိုစိက သူဌေးသားပုံစံပဲ ပေါက်နေတာ။ ဘဝအောက်ခြေ လူ





တန်းစားနေရာဆို မင်း အရင်လေ့လာကွင်းဆင်းပြီးမှ လက်ခံ'

'ဖေဖေကလဲ အနုပညာဆိုတာ ကျရာနေရာ ကျရာအခန်းကဏ္ဍမှာ သရုပ်ဆောင်နိုင်ရမှာပေါ့။ ဘယ်နေရာဖြစ်ဖြစ် သားက ကြိုးစားမှာပဲ။ ဆိုက်ကားသမားဆိုလည်း ဆိုက်ကားနင်းကျင့်ပြီးမှ လုပ်မှာပေါ့'

'တော်ပါပြီသားရယ် မင်း မင်းသားမလုပ်ပါနဲ့တော့ ဖေဖေ့ကုမ္ပဏီကိုပဲ လက်ပြောင်းယူနိုင်အောင် ဖေဖေနဲ့ တွဲလုပ်ပါလား'

သားက သူ့အား ကြည့်ကာ ပြုံးပြီး ခေါင်းခါပြလိုက်သည်။

'ဖေဖေ စတဲ့ဇာတ်လမ်းနော်။ မရတော့ဘူး သားမှာ ဦးဝင်သွားပြီ'

ဦးအောင်နိုင် ရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။ ကွယ်လွန်သွားပြီဖြစ်သောယောက်ဖကိုပြေးမြင်မိသည်။ တက်သစ်စရုပ်ရှင်မင်းသားဘဝမှာပင် မူးယစ်ဆေးဖြင့် လူညွှန့်တုံးကာ ကွယ်လွန်သွားခဲ့သည်ကို သတိရတော့ စိတ်ထဲ မရှင်လန်းနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



'အရက်သေစာနဲ့ ဆေးလိပ်တော့ ရှောင်ရမယ်နော် သား'

'ဟုတ်'

'ဖေဖေ့ကို သေသေချာချာ ဖြေစမ်း ဖိုးသား ဒါ. . ကလေး ကစားနေတာ မဟုတ်ဘူး။ မူးယစ်ဆေးဝါးနဲ့ မိန်းမ လောင်းကစား ရှောင်ရမယ်နော်။ အဲဒီကတိ ဖေဖေ့ကိုပေး မလား'

သားက ရယ်ကာ

'ပေးပါတယ် ဖေဖေရာ သားမှ အဲဒါတွေ မကြိုက် တာ ဖေဖေသိသားနဲ့'

ဟုတ်သားပဲ. . . သားက ကလေးလိုပင်။ တီဗီဂိမ်း ကစား၊ ကာရာအိုကေ ဆို၊ စားစရာကောင်းကောင်း လိုက် စား၊ လူမှုရေး ကိစ္စလေးတွေ လိုက်ပါ၊ ဂေါ့ဖ်ရိုက်ချင် ရိုက်၊ ဘောလုံးကန်ချင် ကန်၊ တစ်ခါတစ်ရံ ပိုက်ကျော်ခြင်း၊ တစ် ခါတစ်ရံ ရေကူးနှင့် ရောက်တတ်ရာရာ လက်တည့်စမ်းရင်း အချိန်ကုန်နေသူဖြစ်သည်။

'ဟုတ်ပါပြီ ဖေဖေက စိုးရိမ်လို့ သတိပေးတာပါ ငါ့ သား လိမ္မာမှန်း သိတယ် ဘယ်ကိစ္စမဆို ဖေဖေ့ကို သူငယ်





ချင်းလို သဘောထားပြီးတိုင်ပင်နော်'

'စိတ်ချပါ ဖေဖေရာ ဖေဖေ ပြောစရာကုန်ရင် သား အိပ်ရာဝင်တော့မယ်'

'အေး အေး'

ငြိမ်သက်နေသောကန်ရေပြင်ထဲ ခဲချသလို ဖြစ်မှာ စိုး၍သာ သူငြိမ်သက်နေရခြင်းဖြစ်သည်။

မင်းသမီးနှင့်ပတ်သက်၍ သားသည် အလေးအနက် ထားချင်မှ ထားမည်။ ဒါကို သူက ရေးကြီးခွင်ကျယ်လုပ်ပြီး ဆုံးမလိုက်ကာမှ ဆင်အိပ်ရာ ဆိတ်နိုး ပြဿနာတွေ မီးခိုး ကြွက်လျှောက်ဖြစ်သွားမှာကို သူစိုးရိမ်လေသည်။

ထို့ကြောင့် သားနောက်ကျောကိုငေးကြည့်ရာမှ ထင် ရှားထံ ဖုန်းဆက်လိုက်သည်။

ထင်ရှားက သူ့တူ ဆိုသော်လည်း သူက သားနှင့် မခြား အခွင့်အရေးပေးထားသည်။

ထင်ရှားက လွတ်လွတ်လပ်လပ် နေချင်သည် ဆို သောအခါ ကွန်ဒိုတိုက်ခန်းတစ်ခန်း ဝယ်ပေးခဲ့သည်။ ကား တစ်စီး၊ လုပ်ငန်းရှယ်ယာ၅% သူခွဲပေးပြီးဖြစ်သည်။ သူ့အမွေ ဆက်ခံ သားအတွက် သား စိတ်မဝင်စားလျှင် ခွေးမသော်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း မြေးကိုသော်လည်းကောင်း သူမျှော်လင့်ထား သည်။ အောင်တူမွေဏီကို လွှဲပြောင်းရန်..

'ဟဲလို'

'အတာလား လေးလေး'

'ဟုတ်ကဲ့ လေးလေး ပြောပါခင်ဗျာ'

ထင်ရှား၏ငယ်နာမည်မှာ အတာဖြစ်သည်။

'မင်းညီက မင်းသမီးအကြောင်း တစ်လုံးမှ မဟာ လား မင်းညီက ဟုတ်မှ ဟုတ်ရဲ့လား အပျော်တွဲလား'

'အပျော်တွဲဆိုရင် အကြောင်းမဟုတ်ဘူး လေးလေ ဒီမင်းသမီးအကြောင်း ကျွန်တော် ကောင်းကောင်းသိတယ် ညီလေးကို အလွတ်ပေးမှာမဟုတ်ဘူး'

'ခက်တယ်ကွာ သူက စ,မပြောတော့ ဆင်အိပ်ရာ ဆိတ်နှိုး မလုပ်ချင်ဘူးကွ တူးတူးနဲ့ ခါးခါးကလည်း မင်းညီ လက်စွဲတော်တွေဆိုတော့ ဘာမေးမေး သူတို့က မသိဘူးဆဲ ရိုက်သတ်ဖို့ကောင်းတဲ့အကောင်တွေ'

'ဒီလိုဆို အသာစောင့်ကြည့်ပါဦး ကျွန်တော်လည်း ကြည့်ပေးနေတာပဲ'

'ကောင်းပြီလေ သတင်းအစအနရရင် ငါ့ကိုသတင်း





ပေးဖို့ မမေ့နဲ့'

'ဟုတ်ကဲ့ စိတ်ချပါ လေးလေးရာ'

'အေး အေး ဒါဖြင့် ဒါပဲ'

ဦးအောင်နိုင် တယ်လီဖုန်းစက်ခလုပ်ကိုပိတ်လိုက် သည်။ ပြီးမှအိပ်ရာဝင်ခဲ့လေသည်။ တစ်ဦးတည်းသောသား မိတဆိုးလေးဖြစ်၍ ချစ်လိုက်တာမှ သူ့ကိုယ်သူထက်ပင် ချစ် သေးသည်။

သား၏အိမ်ထောင်ရေးအတွက် သူစိတ်တိုင်းကျရွေး ပေးချင်သည်။ သား၏တစ်ဘဝလုံး ပျော်ရွှင်စေရေးအတွက် ကြိုးကိုင်နိုင်သော သားကို သူ့ထက်ပိုချစ်နိုင်သော မိန်းမတစ် ယောက်၏လက်ထဲသို့ ဝကွက်အပ် လွှဲပြောင်းရမည့် အရေး သည် ပေါ့ပေါ့တန်တန်မဟုတ် သူ့အတွက် အင်မတန်အရေး ကြီးလေသည်။

သားခြေလှမ်းတိုင်းကို မျက်ခြေမပြတ် စောင့်ကြည့် ရန် သူဆုံးဖြတ်လိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၅)

သွန်းနှံ့သာခင် ရှုတင်က ပြန်ရောက်ရောက်ခြင်း အသတ်အစားမလဲနိုင်ဘဲ မိုဘိုင်းဖုန်းခလုတ်ကို ဖွင့်လိုက်သည်။

မောင့်နာမည်ကို နှိပ်လိုက်သည်။

တော်ရုံနှင့်မကိုင်. . .

နောက်မှ အိပ်ချင်မူးတူးအသံနှင့်. . .

'ဟဲလို'

'မောင် အိပ်ပြီလား'

'အင်း. . ဘာကိစ္စလဲ'

မောင်၏အေးစက်စက်တုန့်ပြန်မှုသည် သူ့နှလုံးသားကိုနာကျင်စေသည်။ သို့သော် ကိုယ်ကချစ်ရသော ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



က ခွင့်လွှတ်နိုင်ကာ. .

'ဆောရီးပဲ မောင် တို့ မောင်ကို မတွေ့ရတာ တစ်ပတ်ရှိပြီလေ။ ဒါကြောင့်. . မောင့်ကို သတိရလို့ တွေ့ချင်လို့ ဆက်မိတာ'

'xxx'

မောင့်ဘက်မှ တုန့်ပြန်သံမကြားရသောအခါမှ

'မောင်ကော တို့ကိုသတိမရဘူးလား။ မတွေ့ချင်ဘူးလား'

'သတိတော့ ရပါတယ်။ ဒါပေမယ့်. . . မောင်လည်း မအားဘူး'

'ဟုတ်လား. . မောင် ဘာလုပ်နေလို့လဲ. ကားရိုက်ဖို့ လက်ခံလိုက်ပြီလား'

မောင်နှင့်စာချုပ်ချုပ်သောသတင်း မကြားမိအောင် ဘဲ မိမိက အလုပ်များနေသလား။

'မဟုတ်ဘူး သူငယ်ချင်းတွေနဲ့ ဂေါ့ဖ်ရိုက်နေလို့'

'အို'

ရင်ဝယ် နင့်ကနဲ ခံစားလိုက်ရသည်။

'မောင်'





'ဆို'

'မောင် မနက်ဖြန်နေ့လည် အားလားဟင်'

အညှုအခရာမပါအောင် ထိန်းပြီးပြောနေသည့်ကြား က မောင်နှင့် ပတ်သက်လာလျှင် သူ့နှလုံးသားသည် အံလို အလျော့ကျနူးညံ့နေသည့်အားလျော့စွာ သူ့အသံသည် ပျော့ပျောင်းနူးညံ့နေသည်။ ပျော့ပျောင်းနူးညံ့မှုသည် မောင့်နှလုံး သားကိုမှ စူးနင့်ဝင်နိုင်ပါ့မလား။

'မအားဘူး'

'ကိစ္စရှိလို့လား'

'ရှိတယ်။ သူငယ်ချင်းတွေနဲ့ တီဗီဂိမ်းကစားမလို့'

'မောင်ရယ်'

ဒီတစ်ချီတွင်တော့ သွန်းနဲ့သာခင်အသည်း တင်းမ အားနိုင်တော့။ အရည်ပျော်လေပြီ။ ကြေကွဲပွင့်တို့က မျက်ဝန်း အိမ်တွင် အိုင်ထွန်းလာသည်။

'မောင်'

'ပြောစရာရှိ မြန်မြန်ပြောဗျာ။ ကျွန်တော် အိပ်ချင်ပြီ'

'တကယ်လို့ မောင် သူငယ်ချင်းတွေနဲ့ ကစားရင်းပြီး သွားလာရင် တို့ဆီလာခဲ့ပါလား။ တို့လေ မောင့်တွက် နေ့လည်



www.burmeseclassic.com

www.burmeseclassic.com



တာ ထမင်းပွဲပြင်ရင်း ဆယ့်တစ်နာရီကနေ ညနေသုံးနာရီအထိ စောင့်မယ်။ တို့အိမ် မောင်သိပါတယ်နော်'

'စောင့်မနေနဲ့ အချိန်ကုန်ရုံပဲ ရှိမယ်။ ကျွန်တော်လာမှာမဟုတ်ဘူး။ ဒါပဲနော် သာသာ။ ကျွန်တော်အိပ်ချင်ပြီ ဝွတ်နိုက်'

မောင့်ဆီက ဖုန်းဖြတ်တောက်လိုက်သည့်တိုင်အောင် ငြိမ်သက်ကာ မိုဘိုင်းဖုန်းလေးကို ကိုင်ထားမိလေသည်။

မျက်ရည်များက ခုတော့လည်း လွယ်လွန်းလှသည်။ စောစောကပဲ ရှုတင်မှာ ဒါရိုက်တာက ပြောလိုက်သေးသည်။

'မင်းသမီး ခုတလော အလွမ်းခန်းတွေ တယ်ပိုင်နေပါလား။ လွမ်းစရာလေးတွေ ရှိနေပြီထင်တယ်'ဟု ပြောလိုက်သေးသည်ကို အမှတ်ရမိသည်။ ဖုန်းကိုပိတ်လိုက်သော်လည်း စက်တော့ ဖွင့်ထားသည်။ အကယ်၍များ မောင် စိတ်ပြောင်းပြီး ဆက်ခဲ့ပါလျှင် အသင့်ရှိနေနိုင်အောင်ဖြစ်သည်။

'မမ မိတ်ကပ်တွေဖျက်ဖို့'

'ရတယ် ငါ့ဘာသာငါလုပ်မယ်။ နင်တို့အိပ်ကြတော့'

သူ့မျက်ရည်စီးကြောင်းကို ကောင်မလေးတွေ မမြင်စေချင်။ မျက်နှာကို မျက်နှာသစ်ဆေးရည်နှင့်သစ်ပြီး လိုးရှင်း





လိမ်းကာ ညအိပ်အကျီလဲပြီး အိပ်ရာဝင်လိုက်သည်။

ပူစူး အသင့်တင်ပေးထားသော နှလုံးသွေးသန့်ဆေးလေးနှင့် နွားနို့ကို မျှောချလိုက်သည်။အိပ်ပျော်စေရန် သူမနည်းကြိုးစားရပေဦးမည်။

ကလေးဆန်လွန်းသူကိုမှ အပြစ်ကင်းစင်သည်ဟု ချစ်သူအပေါ် အမှတ်တွေပေးရင်း ချစ်မိသူတစ်ယောက်၏ နှလုံးသားမှာ အနာတရတွေဖြစ်လာလိမ့်မည်ဟု သူ တစ်ခါမှ မစဉ်းစားခဲ့မိပါလား။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၆)

သူနာရီကိုကြည့်လိုက်မိသည်။

၁၁နာရီခွဲနေလေပြီ။

ကျော်ဦး အိမ်၌ သူတို့ ဒီနေ့ စတည်းချပြီး ကစားသည်။ နေ့လည်စာတော့ ကျော်ဦး ကြီးတော်နှင့် အစ်မ အပျိုကြီးများက စီစဉ်ထားသည်။

သူငယ်ချင်းအစ်မ ညီမများနှင့်လည်း သူ တွေ့ကြုံခဲ့ဖူးသည်။

စိတ်ဝင်စားခြင်းမဖြစ်ခဲ့ပါ။

မမျှော်လင့်သော အချိန်ကလေး အခိုက်အတန့်မှာ မင်းသမီးနှင့်သူ ချစ်သူဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း . ချစ်သူတို့ဘာသာဘာဝ နမ်းရှိုက်မိပြီး ချစ်တယ်ဟုပြောလိုက်မိခြင်းမျိုး။

ဒါနဲ့ပဲ ရည်းစားဖြစ်ကာ သူ့ဘဝကို ချည်နှောင်လိုက်ပြီ လား။

ကျော်ဦးကတော့

'မင်းက အစ်မ နှမ မရှိတော့ မစာမနာမပြောနဲ့ကွ။ ချစ်တယ်လို့ ပြောပြီးမှ ဘွာခတ်တယ် ဆိုတာ ယောကျ်ား ကောင်းအလုပ် မဟုတ်ဘူး။ မချစ်မိခင် ကိုယ့်ကိုကိုယ် သေ သေချာချာဆန်းစစ်သင့်တယ်'

ဇော်ထွေးကလည်း

'ဟုတ်တယ် သူက မြူဆွယ်လို့ဆိုတဲ့စကားနဲ့ ကိုယ် နမ်းရှိုက်ဖူးတဲ့ ချစ်သူမိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ချ လိုက်တဲ့လူရဲ့သိက္ခာကလည်း နှစ်ပြား မတန်တော့ဘူးလို့သာ မှတ်ပါ'

သူတို့တွေကလည်း ချစ်သူရည်းစားကိုယ်စီကိုယ်ငှရှိ လာတော့ သူငယ်ချင်းတွေအတွက်ပေးသောအချိန်လေးတွေ လျော့ပါးလာသည်။

ဒီနေ့နံနက်ပိုင်း ဂေါ့ဖ်ရိုက်တော့ ကျော်ဦးမပါ။





နေ့လည် တီဗီဂိမ်းကစားတော့ ဇော်ထွေးမပါ။

သူတို့ရည်းစားတွေက ဆရာဝန်နှင့်တက္ကသိုလ်နည်း ပြဆရာမပေကိုး။

ဆရာလုပ်ကာ ချစ်သူတွေကိုအမိန့်ပေးသွားလေရော့ သလား။

'ဟေ့ ဖိုးသား နာရီတကြည့်ကြည့်နဲ့ ဘာဖြစ်နေတာ လဲ'

ချစ်သူမင်းသမီးက သူ့အာရုံကိုဝါးမြိုစပြုလေပြီလား။ သူကကော သူ့ချစ်သူအတွက် အချိန်မပေးသင့်ဘူးလား။

'ငါ သွားစရာရှိတယ်ကွ'

ကျော်ဦးက ဖျတ်ကနဲ သူ့အား ကြည့်လိုက်သည်။

ငယ်ပေါင်းသူငယ်ချင်း ဖြစ်၍ သူ့ အတွင်းစိတ်ကို ဖောက်ထွင်းမြင် နိုင်စွမ်းရှိပုံရသည်။

'ရွှေမင်းသမီးဆီလား'

'အင်း'

'သွားလေ သွားရမှာပေါ့ ဘာတုန့်ဆိုင်းနေတာလဲ'

သူငယ်ချင်းတွေက ဘာကြောင့်မင်းသမီးနှင့်သဘော တူရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



'ကျော်ဦး'

'ဘာလဲ'

'မင်းသမီးကို ဘယ်လိုမြင်သလဲ'

'သူ သရုပ်ဆောင်နေတာမဟုတ်ဘူးဆိုရင် သူ့မျက်လုံးတွေထဲမှာ မင်းကို ချစ်မြတ်နိုးတဲ့အရိပ်အယောင်တွေဟာ တော်တော်ထင်ရှားနေတာပဲ။ ငါ့အထင်နဲ့အမြင်ပြောရရင် သူ မင်းကို တကယ်ချစ်တာလို့ ငါထင်တယ်ကွာ'

သူ ပြုံးလိုက်မိသည်။

'သူ့ပါရမီကိုကပဲ အလှဘုရင် မာယာရှင် ကလီယိုပက်ထရာလို ပါရမီမျိုး ထင်တယ်။ သွားလိုက်ပါ မောင်ရင် မမသွန်းဟာ မင်းကို တကယ်ချစ်တာပါကွာ'

သူ့အား တွန်းတွန်းထိုးထိုးနှင့် ကျော်ဦးက အခန်းဝသို့ ပို့လိုက်လေသည်။

'ဟဲ့ မင်းသား. . ကြီးတော်လက်ရာ စားမသွားတော့ဘူးလား'

'ကြီးတော်လက်ရာထက် သာတဲ့ အချစ်နတ်သုဒ္ဓါကို သွားစားမလို့တဲ့ဗျ'

'ဟာကွာ ခွေးကောင် ကျော်ဦး'





သူ မျက်နှာနီရဲတွတ်ကာ ဟန့်တားပြီး သူ့ကားရပ်ထားရာဆီသို့ လျှောက်ခဲ့လေသည်။ တူးတူး သော်လည်းကောင်း၊ ခါးခါးသော်လည်းကောင်းပါမှ သွားရမည်ဆိုသော ခင်အမိန့်ကိုလည်း သူ လွန်ဆန်မိလေပြီ။

တူးတူး ခါးခါးသည် ဖခင်၏အမိန့်ကို မနာခံဘဲမနေခဲ့။ သူ့လှုပ်ရှားမှုကို ဖခင်အား အစီရင်ခံပေတော့မည်။

ဖေဖေက သူမင်းသားလုပ်တာကိုပဲ ခွင့်ပြုမည်။ မင်းသမီးယောကျ်ားလုပ်တာကို ခွင့်ပြုမည်မထင်ပါ။ ဒါကြောင့်လည်း မင်းသမီးနှင့်ပတ်သက်သမျှ ဖေဖေ့ဆီက မဟာသရွေ့သူကလည်း မဟာချေ။ မင်းသမီးနှင့်ပတ်သက်ပြီးတော့လည်း သူအလေးအနက်မထားသည်ကလည်း ပါကောင်းပါပေလိမ့်မည်။

အမှန်စင်စစ် မင်းသမီးအချစ်ကို သူမယုံရဲသေး။

ပိုဆိုးသည်က သူ့နှလုံးသားကို သူ နားမလည်သေးခြင်း ဖြစ်သည်။

သူဖုန်းဆက်ရန်သတိရလိုက်ပြီးမှ မင်းသမီး၏စကားမှန်မမှန် သိစေရန် ဖုန်းမဆက်ဘဲ အိမ်သို့သာ တန်းမောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါရမီ၌ရှိသောမင်းသမီးအိမ်သို့ သူတစ်ခါမှမရောက်ဖူးသော်လည်း လိပ်စာရပြီးနောက် သူတစ်ခေါက်တော့ ကားနှင့်ပတ်ပြီး သွားကြည့်ပြီးပြီ။

အိမ်ထဲတော့မဝင်ခဲ့ချေ။ ယခုမှ ပထမဦးဆုံးအကြိမ်အဖြစ် ရောက်ရှိပြီး ခြံတံခါးဝကိုဟွန်းတီးလိုက်၏။

'ဩော် မင်းသား'

မင်းသမီးဒရိုင်ဘာဦးလှဝနှင့် လူတစ်ယောက်က လာဖွင့်ပေးလေသည်။

ဒရိုင်ဘာဦးလှဝရှိနေသဖြင့် မင်းသမီးရှိနေမည်ဟု သူအတတ်သိလိုက်လေသည်။ နာရီကြည့်လိုက်တော့ ၁၂နာရီကျော်နေပြီ။

ရန်ကုန်၌ ကျန်အခန်းများကို တစ်ပတ်ခန့် မင်းသမီးနှင့်သူ တွဲကာ ရိုက်ခဲ့ရသေးသည်။

ထိုစဉ်က မင်းသမီးဒရိုင်ဘာဦးလှဝနှင့် ရင်းနှီးသွားခဲ့ခြင်း ဖြစ်သည်။

မင်းသမီးနှင့်သူ တူညီသောအချက်တစ်ချက်ရှိသည်။ ထိုအချက်က လူတန်းစားမခွဲခြားတတ်ခြင်းဖြစ်သည်။

'နေကောင်းလား ဦးလေး'





'ကောင်းပါ့ဗျာ။ မင်းသားနဲ့က မတွေ့တာ တစ်ပတ်လောက်ရှိပြီ ပိုတောင်ချောလာသလိုပဲ'

'ဟား မြှောက်မှန်းသိသိနဲ့ကျေနပ်တယ်ဗျာ။ ဟိုတယ်မှာ ညစာကျွေးဦးမယ်။ ဦးလေးမင်းသမီးကိုသာ အချိန်ပေးဖို့ပြောထား'

'စိတ်ချပါ မင်းသမီးက မင်းသားအတွက်ဆိုအချိန်ပေးဖို့ အသင့်ရှိပြီးသားပါ'

သူ့ရင်ထဲ တစ်မျိုး ဖြစ်သွားသည်။ မင်းသမီးနှင့် သူ့အတတ်လမ်းကို မင်းသမီးအသိုင်းအဝိုင်းတစ်ခုလုံးသိနေပြီလား။

ရှေ့ဆက်ရန် သူ သတ္တိရှိပါ့မလား။ သူ ရင်ဆိုင်ရမှာ သူ့စိတ်နှင့် ဖခင်။ ဒီနှစ်ဦးထဲဟု နားလည်ထားသည်။ သူ၏အရွတ္တကိုက လူတကာနှင့်တွဲဖက်ကာ သဏ္ဍာန်လုပ်သရုပ်တူဆောဟု စိတ်ရောကိုယ်ပါ နှစ်မြှုပ်သရုပ်ဆောင်ရသော ရုပ်ရှင်မင်းသမီးယောက်ျားအဖြစ် ခံနိုင်ရည်ရှိပါ့မလား ဟူသောအချက်။

နောက်တစ်ချက်က 'အချစ်'။

မင်းသမီးကို သူနှစ်နှစ်ကာကာချစ်မချစ် သူ့စိတ်သူ နားမလည်သေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာလှပသောဆိတ်ကွယ်ရာအရပ်တစ်ခု၌ ဆန့်ကျင်ဘက်လိင်နှစ်ဦးသည် အထိအတွေ့အာရုံပေါ် သာယာခြင်းကို အချစ်ဟု သူ မယုံကြည်နိုင်သေး။

ထို့ကြောင့် အချိန်ယူချင်သေးသည်။

သူ့ကားကို ဘယ်နေရာ ဘယ်ပြတင်းပေါက်ကများ စောင့်မျှော်ကြည့်ရှုနေသည်မသိ။ ပေါ်တီကိုအောက်၌ စောင့်မျှော်နေသော မင်းသမီးကိုတွေ့လိုက်ရသည်။ ရိုးရိုးစင်းစင်းလေးနေတတ်သည်ကိုမှ ကြိုက်သည်ဟု သူ အမှုမဲ့အမှတ်မဲ့ ပြောဖူးသည်ကို အမှတ်တမဲ့မထားဘဲ ရိုးရိုးကလေးပင် ဝတ်ဆင်ထားသည်။

နှင်းသာမချယ် ပင်ကိုယ်အလှဖြင့် ကြိုလိုက်သည့်မင်းသမီးကို သူ ပြုံးပြလိုက်သည်။

'မောင် တကယ်လာတယ်နော်။ တို့ ကျေးဇူးတင်ပါတယ်မောင်'

သူ့လက်မောင်းကိုခိုတွဲကာ ကြိုဆိုလိုက်သော မင်းသမီးကို ဣန္ဒြေမဲ့လိုက်တာ ဟု သူ မတွန်းဖယ်ရက်ချေ။ သူကိုယ်တိုင်လည်း ကျေနပ်သလို ခံစားရလေသည်။

'ဒီနေ့လေ တို့ကိုယ်တိုင် ဟင်းချက်ရင်းနဲ့ မောင်လာ





ပါစေလို့ ဆုပဲ အခါခါတောင်းနေမိတာ။ တို့ ဆုတောင်းပြည့်သွားတော့ ပျော်လိုက်တာ မောင်ရယ်'

'သာသာကိုယ်တိုင် ဟင်းချက်တယ်'

သူ့အတွက် အံ့ဩဖွယ်ရာကောင်းသော ပုံပြင်တစ်ပုဒ် ကြားရသလိုပင်။ မင်းသမီးလက်ကို ကြည့်လိုက်တော့လည်း နှစ်ဖက်စလုံး လက်သည်းအရှည်နှင့်။ တစ်ဖက်သားအရိပ်အကဲကို နားလည်ပုံရသောမင်းသမီးက

'အဟင်း မောင်ကလည်း အသားငါး ဟင်းသီးဟင်းရွက်လှီးတာချက်တာ ထောင်းတာပြုတာကတော့ ကောင်မလေးတွေ လုပ်ပေးတာပေါ့။ တို့က စားဖို့မှူးဝင်လုပ်တာလေ'

'ပင်ပန်းတာပေါ့ သာသာ ဘာဖြစ်လို့ ဝင်လုပ်ရတာလဲ။ ကျွန်တော်က ဂျီးမများတတ်ပါဘူး'

သူ အမှန်တကယ်စိတ်ရင်းဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

'ဒါကတော့ မောင့်ကိုချစ်တာကိုး မောင့်ကိုချစ်တော့ မောင့်အတွက်ဆို ရသမျှအချိန်လေးမှာကိုယ်တိုင်ချက်ကျွေးချင်ပြုစုချင်တဲ့ စေတနာရှိတာကိုး မောင်ရဲ့'

မင်းသမီး၏ မူယာမာယာပေလား။ သရုပ်ဆောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကာလ၌လည်း သူ့ကို သိပ်ချစ်သောနေရာ၌ သရုပ်ဆောင်သည့်အခါ အပီအပြင်ကိုသရုပ်ဆောင်နိုင်ခဲ့သည်။ အချစ်စစ်ဟူသောအရာကို အပြောနှင့်အမူအယာလေးတွေနှင့် တိုင်းတာနိုင်သလား။

သူထမင်းစားတော့လည်း မင်းသမီးကိုယ်တိုင်တော့ တို့ကာနန်းဆိတ်ကနန်းသာစားပြီး သူ့အားဂရုစိုက်ဟင်းထည့်ပေးခြင်းတို့ကိုလုပ်နေသောအခါ သူမနေတတ်ဘဲ

'သာသာဘာသာစားပါဗျာ ကျွန်တော့်ဘာသာထည့်စားပါ့မယ်'

'မောင်မနေတတ်ရင် တို့မထည့်ပေးတော့ဘူး။ အမှန်တော့ တို့က များများ မစားဘူးလေ။ အသားပို အဆီပိုတွေ တက်လာမှာစိုးလို့ မင်းသမီးတွေအတွက် ဇရာဆိုတာကတော့ လွန်ဆန်လို့မရဘူးဆိုတာသိပေမယ့် ကံ ဉာဏ် ဝိရိယကိုတော့ လိုက်နာနေရမှာပဲ'

အမှန်တကယ်ပင် မင်းသမီး၏ လက်ရာများက စားကောင်းလေသည်။

အချိုပွဲလေးများကို အသီးအနှံ မျိုးစုံနှင့် တည်ခင်းသောအခါ အောင်ပန်းသို့ မင်းသမီးနှင့်အလည်အပတ်သွား





ခင်က လိမ္မော်သီးခူးကာစားခဲ့ခြင်းကိုသတိရမိတော့ သူ ပြုံးယောင်သန်းမိလေသည်။

'ဘာပြုံးတာလဲ မောင်'

'အောင်ပန်း သာသာတို့ခြံထဲမှာ လိမ္မော်သီးတွေ ခူးပြီးစားခဲ့တာကို သတိရလို့ပါ'

'ဪ'

မင်းသမီးမျက်နှာ ဝင်းပသွားလေသည်။

မင်းသမီးက ဘာမှ မလိမ်းချယ်ထားလည်း လှလေသည်။

သူ စဉ်းစားမိသည်။ အစက ရည်ရွယ်ထားသည်က ငယ်ငယ်ရွယ်ရွယ် လှလှပပလေး ကိုယ့်ထက် ၄-၅နှစ် ငယ်သောမိန်းမကိုယူမည်ဟု။ သူ့သူငယ်ချင်းတွေလည်း ခုရှိနေသော ရည်းစားများက သူတို့ထက် ၃-၄နှစ် ငယ်ကြသည်။ သူတစ်ယောက်တည်း သူ့ထက် ၄နှစ် ကြီးသော မိန်းမတစ်ယောက်ကိုချစ်သူအဖြစ်ရွေးမိသည်။ ဒီကြားထဲကြားခဲ့ရသည့် မင်းသမီးရာဇဝင်က သိပ်မကောင်း။

ခက်နေသည်က မင်းသမီးကို သူစိမ်းကားစွာမမြင်တတ်ရက်ပေ။ သူနှင့်တွေ့ဆုံနေသည့်ကာလ၌ အပြစ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



၍မရ။ မင်းသမီး သူ့အပေါ် ချစ်သည်။ ချစ်တာအပြစ်မဟုတ် ဟုသူထင်သည်။ မင်းသမီး သူ့အပေါ် မူယာမာယာသုံးကာ နှောင်ဖွဲ့ယှငင်နေသည့်တိုင်အောင် သူမ၏ ချစ်ခြင်းကြောင့် ဟု နားလည်ခွင့်လွှတ်နိုင်ရမည် ဖြစ်သည်။

'သာသာ ကျွန်တော် နောက်ထပ် နှစ်ကားရိုက်ဖြစ် လိမ့်ဦးမယ်'

'ဘယ်သူနဲ့လဲ'

'ဦးတိုက်နဲ့ပဲ'

'တို့နဲ့ တွဲရမှာလား'

'မဟုတ်ဘူး စန္ဒီကျော်ဇောနဲ့ တစ်ကား သင်းပျို့မွှေးနဲ့ တစ်ကား'

'ဪ သူတို့က တက်သစ်စတွေပဲ ကိုယ့်ကို လက်တွဲခေါ်ဆောင်မပေးနိုင်မှာ မဟုတ်ဘူး။ မောင်ကိုယ့်ကိုကိုယ် Mood သွင်းရိုက်မှဖြစ်မယ်နော်'

'အင်း မောင်ကြိုးစားမှာပါ'

မင်းသမီးက သူ့အပေါ် ဆရာလုပ်တာဟု သူ မထင်မိအောင် ကြိုးစားလိုက်သည်။ စေတနာနှင့် အကြံပေးတာ ဖြစ်မှာပါ။





မင်းသမီးနှင့်သူ နှစ်ကိုယ်တူ ချစ်ရည်မျှပြီးမှ ချစ်သူ့အပေါ် အပြစ်ရှာသောအလုပ်သည် ယောကျ်ားအလုပ်မဟုတ်ဘူးဟု သူထင်သည်။

အမှန်တော့ ရုပ်ပိုင်းဆိုင်ရာကိုကြည့်လျှင် မင်းသမီးသည် အပြစ် အနာအဆာ မရှိအောင် လှလေသည်။ လမ်းလျှောက်လျှင်လည်းလှသည်။ ထိုင်လျှင်လည်း လှသည်။ ထလျှင်လည်းလှသည်။ စားရင်လည်း ကြည့်လို့ကောင်းသည်။ ငိုလျှင်လည်း မြင်ရသူ၏နှလုံးအိမ်ကိုပါ ကြေကွဲစေနိုင်စွမ်းရှိသည်။ ရယ်လျှင်လည်း မြင်ရတဲ့သူတွေအတွက် ဟဒယနှလုံးအိမ်ကို ရွှင်ပြုံးစေနိုင်အောင် ပြုစားနိုင်စွမ်းရှိလေသည်။

'မောင် ဘာတွေ တွေးနေတာလဲ'

မင်းသမီးက သူ့လက်မောင်းကို ပုတ်ခတ်ကာ မေးလိုက်တော့မှ မင်းသမီးကိုငေးကြည့်ရင်း အတွေးစကြာ ဖြန့်ကျက်နေသော သူက ပြုံးကာ

'ဘာမှမဟုတ်ဘူး သာသာနဲ့ ကျွန်တော် ရက်တိုတိုလေးထဲ ချစ်သူဖြစ်သွားတာကို တွေးမိလို့'

'ဘာလဲ တို့ကို အညှာလွယ်တယ်လို့ထင်ပြီး အထင်သေးနေတာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး'

'ဟုတ်ပါတယ်။ မောင့်မျက်လုံးတွေထဲမှာ တို့ကို အထင်သေးတဲ့ အရိပ်အယောင်တွေတွေ့နေတယ်။ တို့ရှင်းပြချင်တယ် မောင် အချိန်ရသလား'

'ရပါတယ်။ သာသာကော ရလို့လား'

'ရတယ်လေ မောင့်ကိုဖုန်းဆက်ထားသလို ညနေသုံးနာရီအထိ ရတယ်'

သူ မင်းသမီး၏ အခန်းကို မျက်စိကစားလိုက်သည်။ မိန်းမသားတစ်ယောက်ဦးဆောင်ပြီး မိန်းမသားချည်းနေသော အိမ်ဖြစ်နေ၍လား မသိ။ သန့်ရှင်း သပ်ရပ်ရုံမက အနုပညာရှင်တစ်ယောက်၏ နေအိမ် ဖြစ်ကြောင်း ထင်ရှားစေသည်။ ကျွန်းမှန်ဘီဒိုထဲ၌ အကယ်ဒမီရွှေစင်ရုပ်နှစ်ခုက ဧည့်ခန်းထဲ ဝင်လိုက်သည်နှင့် မြင်သာစေသည်။ အကယ်ဒမီဆုယူစဉ်က ဓာတ်ပုံ၂ပုံက ဘီဒိုပေါ်တွင်ထောင်ထားသည်။ ဧည့်ခန်း၌ရေတံခွန်ပုံ ပန်းချီကားနှင့် အလှပန်းအိုးက လွဲ၍ ရုပ်ယှက်ခတ်မနေ။

'မောင် တို့က ငယ်ငယ်ကတည်းက ဟန်မဆောင်တတ်ဘူး အလှူအတန်းရှိလို့ ထကဆို ကတတ်မတတ် က





လိုက်တာပဲ။ ရှက်ရမှန်း ကြောက်ရမှန်း မသိခဲ့ဘူး။ ပါရမီနဲ့ ဗီဇက အခြေခံခဲ့တာကို'

'အထက်တန်းကျောင်းနဲ့ တက္ကသိုလ် တက်တော့လည်း ပွဲတိုင်းကျော်ဖြစ်လာခဲ့တယ်။ မယ်ရွေးပွဲတွေမှာလည်း ဝင်ပြိုင် ပြိုင်တိုင်းရတယ်ဆိုတော့ အဲဒီကနေ ကြော်ငြာနဲ့ ဗီဒီယိုသရုပ်ဆောင်ဖြစ်လာတာ ခုထိဆိုပါတော့'

သူသိပြီးသားအကြောင်းအရာတွေကို သူ မငြီးမငွေ့နားထောင်ပေးလိုက်သည်။

'အတွဲခေါ်မလား ရည်းစား ခေါ်မလား ချစ်သူခေါ်မလား တို့ ငါးယောက်ထားဖူးခဲ့တယ် မောင်'

သူ ရင်ထဲ နင့်ကနဲဖြစ်သွားသည်။ သူသည် မင်းသမီး၏ ခြောက်ယောက်မြောက်ချစ်သူပါလား။

အဲဟား သူသည် ခပ်တုံးတုံးယောက်ျားတစ်ယောက်အဖြစ်ကို ရောက်ရှိနေပြီ ထင်သည်။ သူငယ်ချင်းနှစ်ယောက်တတော့ 'အချစ်မှာ သာတယ် နာတယ်ဆိုတာ မရှိဘူး။ မင်းသမီးက မင်းကို တကယ်ချစ်တဲ့ပုံပေါ်နေတာပဲ။ အဲဒါ မှားသာဆိုရင် အင်မတန်ကို အစွမ်းထက်တဲ့မာယာရှင်ပဲဖြစ်မယ်'

ကျော်ဦးနှင့်ဇော်ထွေးက သူ၏အရင်းနှီးဆုံးနှင့် ငယ်

www.burmeseclassic.com



ပေါင်းသူငယ်ချင်းများ ဖြစ်ကြသည်။ ထိုနှစ်ယောက်စလုံးက မင်းသမီးဘက်ကဆိုတော့ သူ မရှုန်းသာ။

သူ ချစ်သူအတွက် ဂုဏ်ယူချင်သည်။ ဂုဏ်တက်ချင်သည်။

သို့သော် သရုပ်ဆောင်အနုပညာသည်များကို ပြည်သူက ချစ်ခင်သည် အားပေးသည် မြှောက်စားကြသည်။ သို့သော် မင်းသမီးကို အိမ်ထောင်ဘက် အဖြစ် ရွေးချယ်ဖို့ကိုတော့ အတော်စဉ်းစားကြသည်။

'မောင် သူတို့နဲ့ကျွန်မ သာမန်ချစ်သူအဆင့်ပဲဆိုတာ မောင့်ကို တို့ သစ္စာဆို ဝန်ခံရဲပါတယ်'

'ဒါတွေ ကျွန်တော် ယုံချင်တယ်'

'မောင့်ကိုတော့ တို့ဘက်က စချစ်ခဲ့တာ ဖြစ်ကောင်းဖြစ်လိမ့်မယ်။ တို့ မောင့်ကို မြင်မြင်ချင်း စိတ်လှုပ်ရှားခဲ့တယ်။ မောင်နဲ့တွဲဖက်ပြီး အနီးကပ်သရုပ်ဆောင်ရလေ မောင့်ကိုတစ်ရက်ထက်တစ်ရက် တိုးပြီးချစ်လာခဲ့တယ်။ ဒါကြောင့် မောင်နဲ့နီးစပ်ခွင့်ကို တို့ကြိုးပမ်းကြည့်တယ်။ ခက်တာက မိန်းမဘက်က စပြီးချစ်တယ်လို့ပြောရဖို့ တို့မိန်းမကျ္ကန္ဒေသိက္ခာ ဆိုတဲ့ ပေတံကြီးနဲ့ခြားထားတော့ တို့ကမောင့်ကိုရေလာမြောင်းပေး





ထက် ဘာမှလုပ်ခွင့်မရနိုင်ဘူး။ ဒါပေမယ့် မောင့်ဆီက အချစ်ကို ပိုင်ဆိုင်ခွင့်ရတော့ တို့ဘိပ်ပျော်သွားခဲ့တယ်။ တို့တကယ်ချစ်ရသူဆီက အချစ်ဟာ တို့အတွက် အင်အား တစ်ရပ်ပါမောင်။ မောင် အနုပညာကိုနားလည်လာလေလေ တို့အပေါ်မှာလည်း နားလည်ခွင့်လွှတ်နိုင်စွမ်းရှိလာမယ်လို့ မျှော်လင့်ပါတယ်'

မင်းသမီးက သူ့ပခုံးထက်ခေါင်းတင်ကာ နားခိုလာသောအခါသူ့အနေဖြင့်ကြင်နာစွာထွေးပိုက်လိုက်လေသည်။ သူ မင်းသမီးကို နားလည်သည်ထက် နားလည်အောင် ကြိုးစားရင်း တစ်ဘက်မှလည်း အနုပညာဟူသော ဝက်ပါတောကြီးထဲ မျက်စိလည်လမ်းမှားခြင်းမရှိဘဲ ဖြောင့်တန်း ဖြောင့်မတ်စွာ လျှောက်လှမ်းနိုင်အောင် ကြိုးစားရဦးမည်။

'သာသာ'

'ပြောပါ မောင် တို့နားထောင်နေပါတယ်'

'ကျွန်တော် အံ့ဖွယ်အောင်မြင်ဆိုတဲ့ နာမည်တစ်လုံးနဲ့ရပ်တည်နိုင်ဖို့အရင်ကြိုးစားဦးမယ်။ ဒီကြားထဲ သာသာနဲ့အနေဝေးခဲ့ရင် ကျွန်တော့်ကို နားလည်ပေးနိုင်မယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'နားလည်ပါတယ် မောင်'

'မောင်ရည်မှန်းချက်ကို မောင်တွေ့ပြီး ရည်မှန်းချက်ပန်းတိုင် ရောက်ဖို့ မောင်လျှောက်လှမ်းတဲ့နေရာမှာ သူများထက် ခြေလှမ်းအနည်းငယ် နောက်ကျခဲ့တဲ့အတွက် သူများတကာထက် ပိုကြိုးစားရမယ်'

မင်းသမီးက သူ့ပခုံးထက်မှခေါင်းခွာလိုက်ပြီး သူ့မျက်နှာကိုစေ့စေ့ကြည့်လေသည်။ မျက်နှာအနည်းငယ်ညှိုးသွားသော်လည်း အပြုံးမပျက်ပေ။

'မောင့်အတွက် ဝမ်းသာပါတယ်။ ဒါပေမယ့်. . ဇော်တော့ မောင့်ကို နည်းနည်းလန့်သွားပြီသိလား'

'ဘာဖြစ်လို့လဲ'

'ရည်မှန်းချက်မရှိတဲ့လူဟာ ကြောက်စရာမကောင်းဘူး။ ကလေးသာသာပဲ အပြစ်ကင်းစင်တယ်။ ဒါပေမယ့် ရည်မှန်းချက် သိပ်ကြီးလာတဲ့လူဟာ သိပ်ကြောက်စရာကောင်းသွားပြီ။ ရည်မှန်းချက်ပန်းတိုင်ကို မရောက်မချင်း သူ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မယ့်အရာတွေ မှန်သမျှကို ဖြုတ်ချခဲ့တတ်တယ်။တို့ဟာ မောင့်အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီထင်တယ် မောင်'





သူက ပြုံးကာ ခေါင်းခါလိုက်ပြီး မင်းသမီးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

'မဖြစ်ပါဘူး မောင့်ကို လက်တွဲခေါ်ပြီး ဖေးမပေးတဲ့သာသာ့ကို မောင်ကျေးဇူးရှင်အနေနဲ့မှတ်ယူထားသလိုမောင့်ရဲ့ အချစ်နတ်သမီးဖြစ် အမြဲ မင်းသတိရနေမှာပါ'

တကယ်တမ်းတော့လည်း. . မချစ်ခဲ့ဖူးသော သူ့အတွက် မင်းသမီးဟာ အချစ်ဦးမို့ ရူးရူးမူးမူးကိုချစ်မိနေတာဖြစ်မှာပါ။ ဒါကြောင့် မင်းသမီး၌ ရည်းစား ၅ယောက် ရှိခဲ့ခြင်းအတွက် မနာလိုဝန်တိုကာ တွေဝေနေခြင်းသာဖြစ်မှာပါဟု သူ့စိတ်ကို သူ သတိပေးလိုက်ပြီးနောက် စိတ်ကို လွှတ်ထားလိုက်သောအခါ မင်းသမီးနှင့်နေရသော အချိန်ကလေးများသည် ပျော်ရွှင်ကြည်နူးဖွယ်အတိဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃၇)

နောက်ပိုင်း ဂျာနယ် မဂ္ဂဇင်းတို့က ထပ်ဆင့်အကယ် ဒမီ မင်းသမီးနှင့်မင်းသားသစ်လေး၏ပူပူနွေးနွေးအချစ်ဇာတ်လမ်းတဲ့။

မထိခလုတ်ထိခလုတ်နှင့် မားသွားထက်ထက်သော ကလောင်သွားက ကလိလာသောအခါ ဦးအောင်နိုင်မျောက်မီးခဲကိုင်မိသလိုဖြစ်နေလေပြီ။

'ထင်ရှား ဒီတိုင်းတော့ လွှတ်ထားလို့ မဖြစ်တော့ဘူးထင်တယ်'

'ဘာဖြစ်လို့လဲ'

'ဒီကောင်ကို ငါ့ကတိအတိုင်း နှိုင်ငံခြားပို့လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ ဖြစ်မှာ။ တစ်ကားတည်းနဲ့ ပေါက်သွားတော့ သူနိုင်တယ် ပေါ့ကွာ'

ထင်ရှားက မဆိုင်းမတွပင်

'ဒါပဲ ရှိတာပေါ့။ ဒါပေမယ့် လေးလေးမှ မခွဲနိုင်တာ'

ဦးအောင်နိုင် သက်ပြင်းချလိုက်လေသည်။ ပြီးမှ

'အင်း ဒါလဲဟုတ်တာပဲ။ ငါ့မှာ ဒီသားတစ်ယောက် တည်းတွယ်တာစရာရှိတာ သူကခွဲနိုင်တယ်ထား ရပ်ဝေးမြေ ခြားတိုင်းတစ်ပါးအထိ ခွဲဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူးထင် တယ်။ ဒီကောင် မတောင်းဆိုသရွေ့ ငြိမ်နေလိုက်ပြန်တော့ လည်း ဟိုမင်းသမီးနဲ့က ငြိစွန်းပြီး ယူဖြစ်သွားရင်ခက်မယ်'

ထင်ရှားက စဉ်းစားသလိုလုပ်ပြီးမှ

'လေးလေး လွမ်းရလည်း ခဏပါပဲ လေးလေးလည်း သွားလိုက်လာလိုက် လုပ်နေတာပဲ'

'ဒါတော့ ဒါပေါ့ အေးပါကွာ ငါ စဉ်းစားဦးမယ်'

ဦးအောင်နိုင် ဆံလည်ကုလားထိုင်ကို လှည့်ကာ စား ပွဲကိုကျောခိုင်းလိုက်သည်။ လိုက်ကာကြိုးကို ဆွဲလိုက်သော အခါ ရန်ကုန်မြို့လယ်ရှုခင်းကို သူ . . လှမ်းတွေ့လိုက်ရလေ သည်။





သူသည် ကိုယ့်ကိုကိုယ်သာ အားထားသူဖြစ်သည်။ ခန့်နေးဂျင်းရာထူးကို သူယူထားရသော်လည်း တစ်နေ့နေ့၌ သားဖြစ်သူကို လွှဲပေးရန် ရည်ရွယ်ထားသည်။ သားက စိတ် ပေါ။ အသက်အစိတ်ရှိလာပြီ။ ဝါသနာပါမယ့်ပါတော့ ရုပ်ရှင် ခင်းသားတဲ့။ သူစိတ်မကောင်းဖြစ်သွားသည်။ ချွေးမကိုမျှော် သင့်သည်။ ချွေးမမှ တစ်ဆင့် မြေးအထိ သူ မျှော်လင့်မိပြန် သည်။ ချွေးမလောင်းကလည်း ရုပ်ရှင်မင်းသမီးဆိုတော့သွား ပြီ။ သူ၏အောင်ကုမ္ပဏီကြီးသည် အမွှန်ရှည်တည်တံ့နိုင်ပါ့ မလား။

ထင်ရှားက သူ့တူတော်သည်။

ထင်ရှားကို သူပေးလည်း ရှယ်ယာရှင် အနေနှင့်သာ အစုရှယ်ယာအချို့ကို ပေးနိုင်မည်။ သားစဉ်မြေးဆက်တော့ ပေးနိုင်မည် မဟုတ်။ ကိုယ့်မှာ သားသမီးအရင်းအခြာ ရှိနေ သည်ပဲ။ အတ္တဆန်သည်ပြောပြော၊ အောင်မိသားစု၏တစ်ဦး တည်းသောအမွေဆက်ခံသား၏ လက်ထဲပဲ ရှိစေချင်သည်။ သူတာလုပ်သင့်သနည်း။ သူ Hand Phoneကိုစက်ခလုတ်ဖွင့် ကာ ဦးတိုက် ဖုန်းနံပါတ်ကို လှမ်းဆက်လိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဦးတိုက်နှင့်တန်းတိုးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးတိုက် အောင်နိုင်ပါ'

'ပြောပါ ဦးအောင်နိုင် ကျွန်တော် ဘာကူညီပေးရ မလဲ။ ဂုဏ်ပြုပွဲလုပ်မလို့လား'

ရန်ကုန်ရုံတင်ရက်မရသေး နယ်သာ ရုံတက်ရက်ရ သေးသော 'အိပ်မက်နန်းတော်'ကားသည် နယ်မှာ အောင်ပွဲခံ နေပြီ။ နယ်ပရိသတ်များဆီမှ လာလိုက်သည့်ဖုန်း မိတ်ဆက် စာတွေက သူ့သားမှာ ပလူပျံနေလေပြီ။

'ဟုတ်တယ် ခင်ဗျားအားရက် သားအားရက် ညှိပြီး ကျွန်တော့်ကို အချိန်ပေးလေဗျာ'

ချော်လဲရောထိုင်လိုက်ရသည်။ အမှန်တော့ မင်းသမီး ကိစ္စ ဦးတိုက်အား ဆွေးနွေးမေးမြန်းရန်ဖြစ်သည်။

'ကောင်းပါပြီ ဘော့စ်ရယ် ကျွန်တော် မင်းသားနဲ့ညှိ လိုက်ပါ့မယ်။ မင်းသမီးကော ဖိတ်မှာလား'

ဒီမေးခွန်း ဘာကြောင့် မေးသနည်းဟု သူအပြေးအ လွှား စဉ်းစားလိုက်သည်။ ဦးတိုက်က မင်းသမီးဘက်က ဖြစ် ကောင်းဖြစ်လိမ့်မည်။ သူ လျှပ်တစ်ပြက်အတွင်းပင်ဆုံးဖြတ် ချက်ချကာ

'အာ. . ဖိတ်ရမှာပေါ့ အိပ်မက်နန်းတော်မှာ ပါသမျှ





အနုပညာရှင်အားလုံးနဲ့ ဒါရိုက်တာတွေ အနုပညာအသိုင်း အဝိုင်း လက်လှမ်းမှီသလောက် ခင်ဗျား ဖိတ်ပေးရမယ်။ ခင် ဗျားကို ဖိတ်စာတစ်ရာ ပေးမယ်။ သားတစ်ရာ ကျွန်တော် တစ်ရာဆို ဖြစ်မလား'

'ဖြစ်ပါတယ်ဘော့စ် ဒီလုပ်ငန်းကို စိတ်ဝင်စားလာပြီ လား'

'ဒီလိုပေါ့ဗျာ ကျွန်တော့်ဘဝက အံ့ဖွယ်အောင်ပဲလေ။ သူ့အတွက်ဆိုကျွန်တော်ဘာပဲဖြည့်ဆည်းပေးရပေးရပေါ့ဗျာ'

သားနှင့်ပတ်သက်လာလျှင် သူ့မှာ အင်အားတွေ အ ပြည့်ရှိနေတတ်သည်။

'ကောင်းပါပြီ ကျွန်တော် ဖိုးသားနဲ့တိုင်ပင်ပြီး ရက် ပေးပါ့မယ်'

'အိုကေ စိတ်ချလိုက်ပြီဗျနော် ဒါရိုက်တာကြီး'

'စိတ်ချလိုက်ပါ ဘော့စ် ဘိုင့်'

ဖုန်းခလုတ် ပိတ်လိုက်သည်။ စိတ်ထဲ ဦးတည်ထား သည်ကတခြား၊ပြောမိသွားသည်ကတခြားစကားဖြစ်ဖြစ်သွား လေသည်။ ထင်ရှားဘ်အား ထပ်မံခေါ်ကာ မင်းသမီးအား သွား တွေ့ခိုင်းလိုက်သည်။ မင်းသမီးနှင့် ထင်ရှားက ကျောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆိုတော့ မင်းသမီးက သူ့ဆန္ဒကိုထင်ရှားအားဖွင့်ပြောနိုင်သည်။ မင်းသမီးဆန္ဒကိုသိခွင့်ရပါက သူဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချနိုင်သည်။ သူသည် သားရှင်တစ်ယောက်ဖြစ်သည်။သားရှင်တစ်ယောက်အနေဖြင့်အတွက်ကြီးသည် အတွေးအခေါ်တွေက ဘိုးတော်ဘုရားလက်ထက်မှာ ကျန်ခဲ့သည် ပြောပြောဘာပဲပြောပြော ယောက်ျားတကာနှင့်သဏ္ဍာန်လုပ် သရုပ်တူစေ တွဲဖက်သရုပ်ဆောင်ရသောရုပ်ရှင်မင်းသမီးတစ်ယောက်နှင့်တော့ သားကို သဘောမတူနိုင်။သားအမေသာ ရှိလျှင် ပိုဆိုးပေလိမ့်မည်။ ဦးအောင်နိုင် ရတက် မအေးနိုင်အောင် အတွေးအာရုံထဲနည်းလမ်းမျိုးစုံရှာဖွေရင်း စိတ်မောနေရလေပြီ။

■





## အခန်း(၁၈)

သွန်းနဲ့သာခင်သည် ထင်ရှားက တယ်လီဖုန်းနှင့်ချိန်းသောအခါ အိမ်၌ပင် နာရီဝက် အချိန် ပေးလိုက်ရသည်။

အခြားနေရာတွေ ဆိုပါက မီဒီယာများနှင့် တိုးလျှင် သတင်းဖွနိုင်သည်။

ထင်ရှားကလည်း နယ်နယ်ရရမဟုတ်။ အောင်ကုမ္ပဏီမန်နေဂျာတစ်ဦး၊ နောက် သူနှင့်ကျောင်းနေဖက်၊ မင်းသားအစ်ကို။ မီဒီယာတွေအတွက်ကလည်း ရေးမယ်ဆိုလျှင် ရေးစရာတွေချည်းပဲ။

'ပြောပါ ထင်ရှား ကျောင်းတုန်းကလိုပဲ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပြောရအောင် နင်နဲ့ငါဆိုတဲ့ အသုံးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ သုံးမယ်နော် ဖြစ်မလား'

သွန်းနုံ့သာခင်ကပင် ဖွင့်ပြောရခက်နေဟန်တူသော ထင်ရှားအား အခက်အခဲမှ ဖြေရှင်းပေးလိုက်သည်။

'အေးပါ မင်းသမီးရယ် ငါလည်း လေးလေးအတွက်နဲ့ နင့်ဆီလာခဲ့ရတာပဲ။ နင့်ရဲ့အဘိုးတန်အချိန်တွေ ဖဲ့ပေးရတဲ့အတွက် ငါတောင်းပန်ပါတယ်'

'ရပါတယ်ဟ လေးလေးဆိုတာ အံ့ဖွယ်ရဲ့အဖေကို ပြောတာလား'

'ဟုတ်တယ်'

'ဒါဆို ငါ သဘောပေါက်ပြီ. . သူက အံ့ဖွယ်နဲ့ ငါ့ကို သဘောမတူနိုင်ဘူး နောက်ဆုတ်ပေးပါလို့ ပြောခိုင်းလိုက်တာ မဟုတ်လား။ ပြီးတော့ ငါ့ဘက်က ဘာတောင်းဆိုမလဲ သူ့သားကို စွန့်လွှတ်ပေးရင် ငါတောင်းဆိုသမျှ လိုက်လျောမယ်လို့ စသည်ဖြင့် နင့်ကို ဆွေးနွေးခိုင်းလိုက်တာ မဟုတ်လား'

ထင်ရှားမျက်နှာပျက်သွားသည်။

သူ့စကားတို့သည် ကွက်တိပင် ဖြစ်နေ၍ ထင်ရှား ဖြုန်သွားခြင်းဖြစ်ပေမည်။





အမှန်တော့ ထင်ရှားနှင့် သူသည် တက္ကသိုလ် ပထမနှစ် ဒုတိယနှစ်များ၌အတန်းဖော်ဖြစ်ခဲ့သည်။

ထိုမျှမကသေး ထင်ရှား၏သူငယ်ချင်းနှင့်လည်း သူ ဇာတွဲဖြစ်ခဲ့သေးသည်။ ထင်ရှားသည် သူ့ညီဝမ်းကွဲကို မိမိအကြောင်းပြောပြသလို ဦးလေးကိုလည်း ပြောပြမှာသေချာသည်။ မိဘနေရာက စာနာကြည့်မိသည်။

မိမိမိဘတွေတောင် မိမိအား ရုပ်ရှင်မင်းသမီး လုပ်မှာ သဘောမတူခဲ့ကြ။

အံ့ဖွယ်အဖေနေရာနှင့်က သူ့သားကိုမင်းသားအဖြစ်တောင် မလွဲမရှောင်သာလို့ခွင့်ပြုရပါလျှင် မင်းသမီးကို ယူဖို့ဆိုတာ ဘယ်နည်းနှင့်မျှ သဘောတူနိုင်မည် မဟုတ်ပေ။

ကြိုတင်တွက်ကိန်းရှိပြီးသား။

ထို့ကြောင့် ထင်ရှားကို အေးအေးဆေးဆေးပင် မေးခွန်းတွေ ထုတ်လိုက်သည်။

'နင်လည်း မှန်းဆပြီးသား ဖြစ်မှာပါ။ ဒါနဲ့တောင် နင့်ရဲ့ဆဋ္ဌမမြောက်ရည်းစားအဖြစ် အံ့ဖွယ်ကို ရွေးခဲ့ရသလား'

သွန်းနုံ့သာခင် လှလှပပလေး ပြုံးလိုက်သည်။

ရင်နာ၍ပဲ ပြုံးပြုံး၊ ပျော်ရွှင်၍ပဲပြုံးပြုံး အမြဲတမ်းလှ



www.burmeseclassic.com

www.burmeseclassic.com



လှပပကလေး ပြုံးနိုင်အောင် အလေ့အကျင့် ရှိပြီးသား ဖြစ်သည်။

'အချစ်ဆိုတာ တားဆီးလို့ရတဲ့ အရာမှ မဟုတ်တာ ထင်ရှား နင့်မှာကော အချစ် ဆိုတာ ခုထက်ထိ မပေါက်ဖွား သေးဘူးလား'

ထင်ရှားက ခေါင်းခါလိုက်ပြီး

'ငါစိတ်မဝင်စားသေးဘူး ကဲပါ ငါလာတဲ့အကြောင်း ရင်းလည်း နင်က ကြိုတင်တွက်ထားပြီးပြီဆိုရင် ပြောပါ နင် ဘာလိုချင်သလဲ'

'အဟင်း ဟင်း ဟင်း ထင်ရှားရယ် ငါလိုချင်တာကို ဦးအောင်နိုင်က ငြင်းမှာပဲလေ။ ငါလိုချင်တာ ငါ့ချစ်သူအံ့ဖွယ် အောင်ကိုပဲလေ။ ပြောလိုက်ပါ ငါသူ့ကိုပဲချစ်တဲ့အတွက် ဘာနဲ့မှ မလဲနိုင်ပါဘူးလို့'

'ဒါတော့ နင် မှားပြီထင်တယ်'

'ငါ ဘာလို့မှားရမှာလဲ'

ထင်ရှားကို အထူးအဆန်းသဖွယ် သူငေးကြည့်လိုက်ပြီး မေးခွန်းထုတ်လိုက်လေသည်။

'နင်လည်း ဇာတ်လမ်းအမျိုးမျိုးကိုရိုက်ကူးနေတဲ့သူ





တစ်ယောက်ပဲဟာ. . ချစ်သူကောင်းစားရေးအတွက် ဆိုပြီး အနစ်နာခံတဲ့အခန်းတွေလည်း ရိုက်ခဲ့ရမှာပဲ။ အဲဒီလိုပဲပေါ့။ အံ့ဖွယ်ကို လေးလေးက အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် ပဲ ဖြစ်စေချင်တယ်။ ဒီတော့ နင် သူ့အတွက် အနစ်နာခံသင့် တယ်'

သွန်းနံ့သာခင် လက်မခံနိုင်။

'အံ့ဖွယ်ဟာ ငါနဲ့ ယူလို့ဘဝပျက်မယ်ဆိုရင် ငါ နောက်ဆုတ်ပေးနိုင်ပါတယ်။ ငါနဲ့ယူလို့ အံ့ဖွယ်ဘဝ မနိမ့် ပါးစေရဘူး။ သူ့မှာ အနုပညာပါရမီ ပါလာတယ်လို့ ငါ ထင် တယ်။ အနုပညာငွေကြယ်တစ်ပွင့်ဖြစ်လာအောင် ငါက ကူ ညီ ဖေးမသွားချင်တယ်။ ထင်ရှားရာ ကိုင်း နင့်အတွက် ငါ လည်း အချိန် သိပ်မပေးနိုင်ဘူး။ ငါ တောင်းပန်ပါတယ်။ ငါ အံ့ ဖွယ်ကို တကယ်ချစ်တာပါ။ သူ့ကိုခွဲခွာဖို့အရေး ငါမတွေး ရဲဘူး။ ဒါကြောင့် အံ့ဖွယ်ဖခင်ရဲ့ဆန္ဒကို ငါမလိုက်လျောပေး နိုင်ဘူး။ ငါ အခုမှ အချစ်စစ်တွေ့တာပါ။ ငါ့ကို မျက်နှာများ တဲ့မိန်းမတစ်ယောက်ဆိုပြီး နင်က အထင်သေးနေရင်လည်း မတတ်နိုင်ဘူး။ ချစ်သူကောင်းစားရေး ငါရှေ့ရှုလို့ ငါ့အံ့ဖွယ် ကို လက်မလွှတ်နိုင်ဘူး။ ဒါပါပဲ ငါ့ကို ခွင့်ပြုပါ'



www.burmeseclassic.com

www.burmeseclassic.com



သွန်းနံ့သာခင် ထင်ရှားကို ယဉ်ကျေးစွာနှင့်ပင် နှင် ထုတ်လိုက်သည်။ ရင်ထဲ နာကျင်လာသည်။

ကိုယ်က တကယ်ချစ်ရတော့ ရင်ထဲ ပင်ပန်းလိုက် သည့်ဖြစ်ခြင်း။ အချစ်ဆိုတာ အမြဲတမ်း ပန်းမွေ့ရာရွှေကော် ဇော‌တော့ ဖြစ်နိုင်မည်မဟုတ်။ တစ်ခါတစ်ရံ ဆူးခင်းလမ်း လည်း ဖြတ်သန်းရပေမည်ပေါ့။

ချစ်သူထံ အားကိုးတကြီးဖုန်းလမ်းဆက်လိုက်သော အခါ ဖုန်းစက်ခလုတ်ပိတ်ထားသည်နှင့် တိုးနေလေသည်။

မိမိရင်ထဲက အချစ်နှင့်ပဲ သစ္စာတိုင်တည်လိုက်မိ သည်။

■





## အခန်း(၁၉)

အံ့ဖွယ်အောင်မြင် အားလပ်ချိန်၌ သွန်းနံ့သာခင်ဆီ ဖုန်းဆက်ကြည့်သည်။

အားလပ်ချိန်ချင်းတိုက်ဆိုင်သည့်အခါ၌ ချိန်းပြီး ဟို တယ်တစ်ခု၌ ညစာစားခြင်း၊ ဇာတ်လမ်းကောင်းကောင်း အ ခွေများကို သွန်းနံ့သာခင်အိမ်၌ ကြည့်ခြင်းတို့ကို ပြုလုပ်ကြ သည်။ ရက်လ အလီလီပြောင်းရွှေ့လာခဲ့သည်။

အံ့ဖွယ်အောင်မြင် ဖခင်နှင့်သူ နှစ်ဦးသဘောတူ ချုပ် ဆိုထားသော ကတိစကားအရ 'အိပ်မက်နန်းတော်'နယ်မြေ ရှိတင်အပြီးတွင် အံ့ဖွယ်အောင်မြင် ရုပ်ရှင်မင်းသားဖြစ်လာ လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ တောင်းဆိုထားသော အရာကို ဖေဖေက ခွင့်ပြု လိုက်မှာ အစဖော်လိုက်မှာကိုပင် သူ စိုးရိမ်လာသည်။

သို့သော် သူ စိုးရိမ်ကြောင့်ကြနေသောနေ့သို့ဆိုက် ရောက်လေပြီ။

'ဖိုးသားရေ'

'ဗျာ ဖေဖေ'

'မင်းနဲ့ဖေဖေ ကတိစကားအရ ဖေဖေရှုံးတယ်နော်'

ဖခင်၏စကားကို သူထောက်ခံဖို့ကိုပင် မေ့လျော့နေ သည်။

ဘာပြောရမည်နည်း။

သူ့မှာ ခိုင်လုံသော အကြောင်းပြချက် ရှိနေရမည် သာသာကို သူတွယ်တာနေသည်။

နောက် အလုပ်။ သူ အလုပ်ကို. . . . .။

'ဒီတော့ သား တောင်းဆိုထားတဲ့အတိုင်း'

'နေဦး ဖေဖေ သား တောင်းဆိုချက်ကို ပြစ်ဆင်လို့ ရမလား'

ဖခင် မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်းပင် ပြင်လိုက်ပြီး





'ဘယ်ပြင်လို့ရမလဲ'

'သား ဖေဖေနဲ့ မခွဲနိုင်ဘူး'

'ဟုတ်လို့လား ဖိုးသား. . အဖေနဲ့လား ရည်းစားနဲ့ လား'

'နှစ်မျိုးစလုံးပါတယ်။ နောက် သား ရိုက်လက်စ ကား တွေ မပြတ်သေးတဲ့အပြင် နောက်ထပ် ကမ်းလှမ်းလာတဲ့ကား တွေလည်း ရှိနေပြီ။ အဲဒါ ဘယ်လိုလုပ်မလဲ ဖေဖေ'

သူသည် တာဝန် ဟူသော စကားရပ်၏ အဓိပ္ပာယ် သည် ကျယ်ဝန်းနက်ရှိုင်းကြောင်း ယခုမှ သဘောပေါက်စပြု လာသည်။

ဖခင်က သူ၏မျက်လုံးကို စူးစိုက်ကြည့်လေသည်။

ဦးအောင်နိုင်စိတ်ထဲ၌ သူ့သားသည် ယခုမှ အရွယ် ရောက်လာသည်ဟု မြင်လာမိသည်။

သားသည် ယခင်ကလို ပေါ့တီးပေါ့ပျက် မျက်နှာမျိုး မဟုတ်တော့။ တည်ငြိမ်လာလေပြီ။

ဒါကလည်း တစ်မျိုးချစ်စရာဟု သူမြင်သည်။ အချိန် ၌ သား၏အတွေးအခေါ်သည် မှန်ကန်နိုင်ပါ့မလားဟုလည်း စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း စရိယူထားရင် ဖေဖေ ပြန်အမ်းပေးလို့ ရပါတယ်၊ စာချုပ်ကိုလည်း ညှိနှိုင်း လျော်ကြေးပေးပြီးဖျက်လို့ရတယ်'

'ရိုက်လက်စကားတွေကို သားပြီးဆုံးအောင်ရိုက်ချင်သလို မျှော်လင့်ထားတဲ့ ပရိသတ်တွေအတွက် သား ပေးဆပ်ချင်တာကကော ဖေဖေ'

ဦးအောင်နိုင်က သူ့ကို အထူးအဆန်းသဖွယ်ကြည့်လာလေသည်။

ချက်ကောင်းကို ဆိုက်ရောက်လာလေပြီ။

'ပရိသတ်အတွက်တောင် သား အလေးထားတတ်လာပြီဆိုရင် သားရဲ့အဖေအတွက်ကို သားအလေးထားတတ်ပြီလား ဖိုးသား'

ဖခင်၏စကားက အံ့ဖွယ်အောင်နှလုံးသားကိုထိမှန်သွားလေပြီ။

အဖေနေရာအပြင် အမေ နေရာကော ညီအစ်ကိုမောင်နှမနေရာ သူငယ်ချင်းနေရာကိုပါယူပြီး သူ့ဘဝကိုလစ်ဟာမှုမရှိအောင် ပြည့်စုံအောင်ဖန်တီးပေးခဲ့သောဖခင်ကြီး၏ကျေးဇူးတရားကို သိတတ်နားလည်လာပြီဖြစ်သောကြောင့်





သူ ရင်ထဲ ထိရှသွားသည်။

'ဟင် ဖိုးသား မင်း ဖြေရခက်နေပြီလား။ ဒါဆို ဖေဖေ ထပ်မေးမယ်။ ဖေဖေရဲ့စိတ်ချမ်းသာမှုကို သား အလေးထားချင်ရဲ့လား'

'ဘယ့်နှယ်မေးလိုက်တာလဲ ဖေဖေ ကျွန်တော့်ဘဝမှာ ဖေဖေဟာ မရှိမဖြစ်အလေးထားရဆုံး သူတစ်ယောက်ပါ ဖေဖေ။ ဒါပေမယ့် အလုပ်နဲ့ အဖေကို ချစ်ခြင်း အလေးထားခြင်းက တစ်ခြားဆီ တစ်ကဏ္ဍဆီပါ'

'အလုပ်နဲ့ဖေဖေကို မယှဉ်ပါဘူး။ ဒါပေမယ့် ချစ်သူနဲ့ယှဉ်ရင်ကောကွာ ဖေဖေ့ကို သားစွန့်လွှတ်နိုင်သလား'

အံ့ဖွယ်အောင် ကြိုတင်မျှော်လင့်ထားပြီးသား ကိစ္စပင်။ သို့သော် ကြိုတင်ပြင်ဆင်ထားခြင်းမရှိသော အချိန်၌အငိုက်မိသွားလေသည်။

'ဒါလည်း တခြားဆီပါ မေတ္တာအရေးအတွက် ကိန်းဂဏန်းအားဖြင့်တော့ သူဟာ များနေပေမယ့် မိဘ ဆိုတဲ့ အနန္တဂိုဏ်းဝင်နဲ့တော့ နှိုင်းလို့ရမလား ဖေဖေ။ သား ဖေဖေစိတ်ဆင်းရဲရမယ့်အလုပ်မျိုးဇွတ်မလုပ်ပါဘူး။ ဖေဖေသဘောမတူရင် သား သူ့ကို လက်မထပ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်အောင် ပြောရှင်း ချစ်သူသာသာမျက်နှာ မြင်ယောင်လာသောအခါ ရင်ထဲ နာကျင်လာသည်။ သာသာ ကို အစက အနေနီးစပ်၍လား မမြင်ဖူး၍ မှူးကို မြစ်ထင်ခြင်း လားဟု သူအမျိုးမျိုးစဉ်းစားခဲ့မိသေးသည်။

သို့သော် နောက်ကားများတွင် အခြားမင်းသမီးများ နှင့်တွဲရိုက်သည့်အခါ၌ သာသာကို သူချစ်မိခြင်းကိုကွဲကွဲပြား ပြားသိမြင်လာသည်။

သာသာသည် သူ၏ အချစ်ဦး ဖြစ်သကဲ့သို့ အချစ် ဆုံး ဖြစ်သွားလေသည်။ သာသာအပြင် နောက်ထပ် အချစ် ဆိုတာ သူ့ဘဝတွင် ရှိလာတော့မည်မဟုတ်ကြောင်း သိလာ သောအခါ အချိန်ရသရွေ့ သာသာထံ သွားတွေ့ချင်သော် လည်း သာသာနှင့်သူတို့ချစ်သူနှစ်ဦးအကြောင်း တိုင်းသိပြည် သိဖြစ်လာသည့်အတွက် သူ ဆင်ခြင်ကာ နေခဲ့သည်။

ဒါကလည်း သာသာအပေါ် တန်ဖိုးထားခြင်းကြောင့် ဖြစ်သည်။ သာသာအား သူ့ကြောင့်နာမည်ပျက်သွားမှာစိုး ရိမ်သည်။

သာသာနှင့်သူ သိုသိုဝှက်ဝှက်လေး အချိန်းအချက် လုပ်ပြီးမှ တွေ့ဆုံသည်။





ထို့ကြောင့် စာနယ်ဇင်းသမားတို့ မျက်စိလည်ကာ တို့ကိစ္စကို ရှုဒိုးလုပ်ဖို့ငိုက်မြည်းလာပြီး အခြားစူပါများဆီ ခြေဦးလှည့်သွားကြသည်။

ထိုအချိန်၌ ဖခင်ဆီမှ မျှော်လင့်ထားသော်လည်း မျှော်လင့်သောအချိန်မှာ ဖြန်းစားကြီး ကြားလိုက်ရသော ခါ အံ့ဖွယ်အောင်ကြိုတင်ပြင်ဆင်ထားခြင်းမရှိသော်လည်း ထဲရှိသောစကားများ ဖြစ်ခြင်းကြောင့် အမှန်အကန်ပင် လိုက်လေသည်။

'သား ပြည်ပသွားဖို့ကိစ္စကိုကော'

'သား ဒီမှာလုပ်စရာတွေလုပ်ကွက်တွေ အများကြီး နေတာကို တွေ့ရပြီပဲ ဖေဖေ ဖေဖေရဲ့အောင်ကုမ္ပဏီကို ား ဆက်လက်ထိန်းသိမ်းသွားမယ် သားစဉ်မြေးဆက် မ က်ပျက်စေရဘူး သားလက်ထက်မှာ မကျဆင်းစေရဘူး တော့ သားကို ကတိမတည်တဲ့လူလို့ ဖေဖေသတ်မှတ်ချင် တ်မှတ်တော့ ပြည်ပခရီးစဉ်ကို လေ့လာရေးသဘောနဲ့ အ ည်အပတ်ကလွဲရင် သားမသွားတော့ဘူး အိမ်ထောင်ရေး မှာတော့ ဖေဖေ သားချစ်သူကို လေ့လာကြည့်ပါဦးလို့ ပြောပါရစေ'



www.burmeseclassic.com

www.burmeseclassic.com



သားသည် တည်ငြိမ်ရင့်ကျက်လာသည်။ အသက်ကပဲ ပြုပြင်ပြောင်းလွဲစေတာလား အတွေ့အကြုံကပဲပြုပြင်ပြောင်းလဲစေတာလားကိုတော့ ဦးအောင်နိုင် ကွဲကွဲပြားပြားနားမလည်နိုင်အောင်ပင် ဖြစ်မိလေသည်။

မည်သို့ဆိုစေကာမူ သားသည် လူကြီးဖြစ်လာပြီး

သား၏ ပြောင်းလွဲလာမှုကို သူသဘောကျမိသည်။

ထို့ကြောင့် သားဆန္ဒအတိုင်း သားချစ်သူကိုလေ့လာကြည့်ရန်ဆုံးဖြတ်လိုက်သည်။

သားနှင့် သွန်းနုံ့သာခင်ခေါင်းဆောင်ပါဝင်သည့် သူထုတ်လုပ်သည့် 'အိပ်မက်နန်းတော်'ကား ပရက်ရှိုးပြစဉ်က မင်းသမီးနှင့် မဆုံခဲ့ရ။

သူ ဧည့်ခံပွဲပြုလုပ်တော့လည်း မင်းသမီးသည် နိုင်ငံတော်ကားရိုက်ရက်နှင့်ကြုံနေ၍ သူ့ပွဲသို့ မတတ်ရောက်နိုင်ခဲ့။

ထို့ကြောင့် သူသည် သွန်းနုံ့သာခင်နှင့်တစ်ခါမှမဆုံဆည်းခဲ့ရသေး။

'ဖေဖေ'

'ဗျား'





'သားအတွက် ဖေဖေ ဂုဏ်တက်ရဲ့လား သား မင်းသားဖြစ်ခြင်းအတွက်ကော ဖေဖေ ဂုဏ်ယူတတ်ရဲ့လား'

သားဖြစ်သူ၏မေးခွန်းအတွက် မဆိုင်းမတွပင် ခေါင်းညိတ်ကာအဖြေပေးလိုက်သည်။

'ဘယ်နှယ့် သားရယ် မေးတတ်ပါလေ့ ဂုဏ်ယူတာပေါ့ သားက အလုပ်တစ်ခုလုပ်တယ်ဆိုရင် ဖြစ်မြောက်အောင်လုပ်ပြခဲ့တာ ဒါပထမဆုံးဆိုတော့ ဖေဖေ အံ့ဩဝမ်းသာဂုဏ်ယူတာပေါ့ကွ'

အံ့ဖွယ်အောင် 'ဟက်ကနဲ'ရယ်လိုက်ပြီးမှ ကုန်ဆုံးသွားခဲ့သော အချိန်များကို တသသ ဖြစ်ခဲ့မိလေသည်။ သို့သော် အချိန်မနှောင်းဟု သူသိလိုက်လေသည်။

'အနုပညာရှင်ဟာ လူတစ်သိန်းမှာတစ်ယောက် ဖြစ်နိုင်ခဲပါတယ်ဖေဖေ'

'အေးပေါ့ကွ ပါရမီမျိုးဗီဇနဲ့ စန်းအပြင် ကံဉာဏ်ဝီရိယပါအားထုတ်ရမယ် နောက် ကိုယ့်အလုပ်ကို တန်ဖိုးထားတာဝန်ယူတတ်မယ်ဆိုရင် အောင်မြင်မှုဇာတ်ခုံပေါ်မှာ ရှေ့ရှည်တည်တန့်တာပေါ့ကွာ ဘာပဲဖြစ်ဖြစ်. . သား တာဝန်ယူတတ်မှုကို နားလည်လာပြီဆိုရင်တော့ ဖေဖေစိတ်ချပါပြီ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကွက္ကိုယ်တွေအပေါ်တော့ သားအရမ်းမယုံစားလိုက်ပါနဲ့ အချိန်ယူလေ့လာပါဦး သားအသက်အစိတ်ပဲ ရှိပါသေးတယ် ဟုတ်လား၊ သား ဖေဖေကို အသိမပေးဘဲနဲ့ လက်မထပ်ရဘူးနော်'

'စိတ်ချပါဖေဖေ ဖေဖေလည်း သားသဘောမတူတဲ့ မိန်းမနဲ့ဇွတ်လက်ထပ်ပေးတာမျိုး မလုပ်နဲ့နော်'

'အေးပါကွာ'

သားအဖနှစ်ယောက် အပြန်အလှန်နားလည်မှု ယုံကြည်မှုများရသွားလေသည်။

ဦးအောင်နိုင်သားအတွက် စိတ်ချသွားသည်။ ထို့ကြောင့် ရင်ထဲပေါ့ပါးသွားလေသည်။

အံ့ဖွယ်အောင်ကတော့ ဖခင်စိတ်ချမ်းသာသွားခြင်းအတွက် ကြည်နူးခြင်းဖြစ်မိသော်လည်း ချစ်သူက. . .

'မောင်က ယောကျာ်း အသက်အရွယ်အတွက်ကအကြောင်းမဟုတ်ဘူး ကျွန်မတို့မိန်းမသားတွေက အရွယ်ကျ ယ် အသက်က စကားပြောတယ် မောင် သားသမီးရတနာအတွက်လည်း အချိန်ပေးရဦးမှာဆိုတော့ အသက်နှစ်ဆယ့်ရှစ်နှစ်ကျော်လာပြီဖြစ်တဲ့ကျွန်မအတွက် အိမ်ထောင်ပြု





င့်တဲ့အချိန်တောင် လွန်စပြုနေပါပြီမောင်'ဟု ချစ်သူ သာ ၏ အကြောင်းပြချက်ကလေးကို ကြားယောင်မိသော ခါ ချစ်သူအတွက် စိတ်မကောင်းတော့ဖြစ်ရလေသည်။

ဝမ်းသာဝမ်းနည်းခြင်းဖြင့် သူ့နှုတ်ခမ်းကို တွန့်ရုံပြုံး ိုက်မိလေသည်။

ထိုအပြုံးကို ချစ်သူကသဘောကျသည်ဟု ပြောခဲ့ ည်ကို သတိရသွားပြန်သည်။

ခက်နေပြီ။

နေရာတိုင်း အချိန်တိုင်းမှာ ချစ်သူ၏အရိပ်ကလေး င်ဟပ်နေပါလား။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂၈)

သွန်းနုံ့သာခင် ချစ်သူအား မျှော်ရသော နေ့ရက်တို့ကို အလုပ်ထဲ၌ နှစ်မြှုပ်ခြင်းဖြင့်ကုန်ဆုံးစေခဲ့သည်။

'မင်းသမီး ဘယ်တော့စားရမလဲ' ဟု ချစ်သူ ဖြစ်ခဲ့ဖူးသော မင်းသားတစ်ဦးကမေးသည့်အခါ၌ သွန်းနုံ့သာခင်က ရှင်နာသော်လည်း အပြုံးမပျက်. .

'လာမယ် ကြာမယ်လေ လက်ဖက်ကောင်း စားချင်ရင် ပလောင် တောင်တက်ရွေး ဆိုတဲ့ ဆိုရိုးစကား ရှိတယ် မှတ်လား'

'တော်သေးတာပေါ့ လင့်စံရွေး လင်ခွေးနဲ့တော့ တိုးတာက ရှင် မင်းသမီးအတွက်ပြောတာပါ ရှိုင်းသွားရင် ခွင့်လွှတ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ ဘယ်တော့မှ မဖြစ်စေရဘူး ခုလို ပူပန်ဖော်ရပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

စကားများနှင့် စီးချင်းထိုးလိုက်ရသည်။

အုံ့ဖွယ်အောင်မြင်နှင့်ပတ်သက်လာလျှင် သွန်းနုံ့သာခင်လုံးဝအထိအခိုက်မခံနိုင်ပါ။ အချစ်စစ်ကိုမတွေ့မီ အချစ်ကိုရှာဖွေလက်တည့်စမ်းခဲ့မိခြင်းအတွက် နောင်တရနေမိသည်။

အုံ့ဖွယ်အောင်မြင်ကို သူချစ်မိသလို အုံ့ဖွယ်အောင်မြင်ကလည်း သူ့အပေါ် စွဲစွဲမြဲမြဲချစ်သည်ဟု ယုံကြည်လေသည်။

ပူစူးက သူ့လက်ထဲသို့ မိုဘိုင်းဖုန်းလေးလာထည့်သောအခါ ဖုန်းဖြူပေါ်နေသောနံပါတ်ကိုကြည့်လိုက်သည်နှင့် ဖတ်လက်စဇာတ်ညွှန်းကိုချလိုက်ပြီး. .

'ဟဲလို မောင်လား'

'အင်း ဘယ်မှာလဲ'

'ရှုတင်မှာ'

'ဒီနေ့ည အားမလား'

'ဘယ်နှနာရီလဲ မောင်'

'ရှစ်နာရီလောက်'





'အဲဒီအချိန်တော့ မအားဘူး မောင်. . လေးနာရီကနေ ခြောက်နာရီအထိတော့ အိမ်မှာ ပြန်နားမယ့် အစီအစဉ်ရှိတယ်'

'ဟင် မောင်က မအားဘူး'

'မောင့်ရှုတင် ဒီနေ့နောက်ဆုံးအချိန်က'

'ရှစ်နာရီလေ ဒါကြောင့်ချိန်းတာ သာသာကကော'

'အင်း ဆယ်နာရီ ဆယ့်တစ်နာရီပေါ့မောင်'

'ဘယ်မှာလဲ မောင့်လာကြိုမယ်'

သွန်းနုံ့သာခင် ဝမ်းသာသွားသည်။

ချစ်သူထံမှအလေးတယူစကားလေးက သူ့အတွက်အချစ်အင်အားများ တိုးပွားစေသည်။

ရှုတင်ရှိသည့်နေရာကိုပြောပြလိုက်သည်။

'မောင် စောရောက်ချင်ရောက်မယ် သာသာတို့ရိုက်တာကို ပညာယူရင်းပေါ့'

'အိုကေ မောင် တကယ်လာနော် ကျေးဇူးပဲ မောင်ဒါပဲနော် မောင် မာမီစော လာနေပြီ'

မိတ်ကပ်မာမီစော ဝင်လာသဖြင့် စကားကိုအမြန်ဖြတ်တောက်ကာ ဖုန်းစက်ခလုပ် ပိတ်လိုက်သည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပုစူးလက်သို့ ကမ်းပေးလိုက်သည်။

'ဘယ်သူနဲ့စကားပြောနေတာလဲ မင်းသမီး'

'ဘယ်သူနဲ့ဖြစ်ဖြစ်ပေါ့ ညည်းသိဖို့လိုလို့လား'

'လိုတာပေါ့အေ့. . . ညည်းအကြောင်းလည်း မာမီစော မသိဘူးများ ထင်နေလို့လား ဟွန်း. . ဘော့စ်အသေးစားအပျော်တမ်းမင်းသားလေးနဲ့လေ'

'တော်ပါ မာမီစောရယ် ကိုင်း ပြင်စရာရှိပြင်ပါတော့'

သွန်းနှံ့သာခင်ရင်ထဲ အပျော်ရည်တွေစီးဆင်းရစ်ခွေနေလေသည်ဖြစ်ရာ မာမီစောနှင့် အပြန်အလှန် ပြောဆိုရင်းရယ် မောနေမိသည်။

'သိပ်ရယ်မနေနဲ့အေ့. . ရယ်သောသူသည် ငိုရတတ်သည် တဲ့ ကြားဖူးတယ်မှတ်လား မင်းသမီး'

'မာမီစောက သူပဲ ရယ်စရာတွေပြောနေပြီးတော့' ပုစူးက ဝင်ပြောလိုက်သည်။

'ဒါက ကျုပ်ဝသီကိုအေ့'

သွန်းနှံ့သာခင်ရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။

ယခုမှသတိပြုမိလိုက်သည်က တွဲရိုက်နေသည့်မင်းသားက တစ်ချိန်က မိမိနှင့်နာမည်ထွက်ခဲ့ဖူးသော မင်းသား





ဖြစ်သည်။ ယခု ထိုမင်းသားက အိမ်ထောင်ကျသွားပြီး ဖြစ်သည်။ အနုပညာမောင်နှမချင်း တစ်နေ့နေ့တစ်ချိန်ချိန် ဇာတ်ကား တစ်ကား၌ တွေ့ဆုံရသည့်အခါတော့လည်း ရှိသည်။ အနုပညာငွေကြယ်ပွင့်ချင်းအတူတူ တစ်ယောက်ကို တစ်ယောက် နားလည်မှုအပြည့်အချိတ်အဆက်မိမိနှင့် လက်တွဲခဲ့သည်တို့ရှိခဲ့သည့်အတွက် ဘာပြဿနာမှ ထပ်မဖြစ်ခဲ့ပါချေ။

မီဒီယာတို့ ကလိချင်သလောက်သာ ကလိကြပါစေ။ အလုပ်အပေါ် စေတနာထားကာ ကြိုးစားတတ်သောသူ၊ တာဝန်သိတတ်သောသူ့အတွက်ကတော့ အရောင်အမှိန်ပေ။

အနုပညာလောက၏ တက်သစ်စ မင်းသား တစ်လက်အနေနှင့် အံ့ဖွယ်အောင်မြင်သည် မိမိအပေါ် နားလည်နိုင်လိမ့်မည်ဟု ထင်မြင်မိလေသည်။

သွန်းနှံ့သာခင်ခေါင်းထဲရောက်လာသော အတွေးဟူသမျှတို့ကိုဖျောက်ဖျက်ပစ်လိုက်လေသည်။

သူ့အာရုံကို ဇာတ်ညွှန်းထဲက ဇာတ်ကောင်နေရာသို့သာ ပို့ထားလိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂၁)

အုံ့ဖွယ်အောင်မြင် ရင်ထဲ ဒေါသမီးက ဟုန်းကနဲ တောက်လောင်လာသည်။

မင်းသမီးအမူအယာက အသက်ဝင်လွန်းနေသည်။ မင်းသားကလည်း မျက်ဝန်းကိုက ကြည်လို့ တောက်ပနေလိုက်တာ ဘဝပေါင်းများစွာက ချစ်ပန္နက်စိုက်ထူခဲ့သော ချစ်သူစုံတွဲကျနေလိုက်တာဟု မကျေမနပ်တွေးမိရင်း သူကြည့်၍ မရတော့။ ရိုက်ကွင်းမှ ထွက်ခဲ့သည်။ အရံမင်းသားတစ်လက်နှင့် သွားစကားပြောနေလိုက်သည်။

ကြာရှည်ပြော၍မရ၊ မျက်ဝန်းက ရိုက်ကွင်းဆီလိုက် မီးရောင်စုံအောက်ကို ရောက်သွားသည်။ ဖက်ပြီး အလွမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်နေခန်းက ကိန္နရီကိန္နရာ မောင်နှံ တစ်ညတာ ချောင်း
ခြား၍ ငိုပွဲဆင်နေသည့်အလားသဏ္ဍာန်ပင်။

'ခုမှ ကိစ္စတစ်ခုသတိရလို့ ပြန်တော့မယ်'

ဇာတ်ပို့မင်းသားကို နှုတ်ဆက်ပြီး သူ ထွက်ခဲ့သည်။
ကားပေါ်တက်ပြီးမှ ဘယ်မောင်းရမှန်းမသိဖြစ်နေစဉ် ပူစူးက
လိုက်လာပြီး လှမ်းမေးသည်။

'အစ်ကို ဘယ်သွားမလို့လဲ'

'နင့်အစ်မကို ငါသူ့အိမ်မှာပဲ စောင့်နေမယ်လို့ ပြော
လိုက်'

'ဟုတ် ဟုတ်ကဲ့'

ရင်ထဲက မီးသည် ဒေါသမီးမဟုတ် ဝန်တိုမီးဟုသိ
လိုက်ရသောအခါ သူသဘောပေါက်လိုက်မိသည်။ သာသာ
ကို သူချစ်သည့်အချစ်က ပေါ့ပေါ့တန်တန်မဟုတ်တော့ဟု။

သာသာကို သူတစ်ယောက်တည်း ပိုင်ဆိုင်ချင်လာ
သည်။

သို့သော်. . သာသာသည် မိသားစုပိုင် လူသားတစ်
ယောက် မဟုတ်။ သာသာသည် ပြည်သူပိုင် လူသားတစ်
ယောက်ဖြစ်နေသည်။ ပြည်သူအတွက် အချိန်တွေပေးဆပ်





နေရသည်။ ဒါကို သူနားလည်အောင် မနည်းကြိုးစားနေရ
သည်။ သာသာသည် တစ်ဦးတည်းပိုင်ပစ္စည်းမဟုတ်။ ပြည်
သူအတွက်ဖြစ်သည်။

'ဟူး မင်းသမီးကိုချစ်ရတာ မလွယ်ပါလား'

ဟု သူ့ရင်ထဲ၌ ငြီးတွားလိုက်လေသည်။

သာသာ့အနေနှင့် သူ့အပေါ် မေတ္တာစစ်နှင့်ချစ်တာ
ဟု သူယုံကြည်မိသည်။

သာသာ့အိမ်သို့ရောက်တော့ ခြံစောင့်က သူ့ကားမြင်
သည်နှင့် ခြံတံခါးဖွင့်ထားပေးပြီးဖြစ်သည်။ သာသာ၏အနီး
ကပ်ကိုယ်ရံတော် ပူစူးကအချက်ပေးပြီး ဖြစ်မည်။ ဒေါ်သေး
က ပေါ်တီကိုအောက်၌ အသင့်စောင့်ကြိုနေသည်။

'လာ လူလေး ညလည်စာ စားနှင့်မလား ဒါမှမဟုတ်
တစ်ခုခုသောက်မလား'

'ဘာမှ မစားတော့ဘူး. . အခွေကြည့်ရင်း စောင့်နေ
မယ်'

အပေါ်ထပ်ဧည့်ခန်း၌ မင်းသမီးတစ်ဦးတည်း သီးသန့်
ထားနေရင်း အခွေကြည့်သည်။ တစ်ခါတစ်ရံ စလောင်းမှလာ
သော ဇာတ်လမ်းတချို့ကို ကြည့်သည်။ သူရောက်လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူကြည့်ရင်း ဆွေးနွေးကြသည်။ များသောအား
ဝါရင့်ဖြစ်သောမင်းသမီးကပင် သူသိလိုသောအချက်များ
ရှင်းပြသွားခြင်းဖြစ်သည်။

သူစလောင်းမှလာသော ကိုးရီးယားကားကိုကြည့်
လိုက်သည်။

မျက်ဝန်းကသာ တီဗွီဖန်သားပေါ် ရောက်နေသည်
အာရုံကတော့ ပျံ့လွင့်နေလေသည်။

သာသာသူ့အပေါ် မေတ္တာစစ်နှင့်ချစ်ကြောင်းကို
ဖခင်ယုံကြည်လာစေရန် မည်ကဲ့သို့သက်သေပြရမည်နည်း
တွေးမိသကဲ့သို့ ..

မင်းသမီးကပဲ သရုပ်ဆောင်ကောင်းလွန်း၍လား
သိ၊ မင်းသားနှင့် ချစ်တင်းနှောနေသည်မှာ ပီပြင်လွန်း
သည်။

မျက်လုံးက ချစ်ရည်ရွှန်းလက်တောက်ပနေသည်
သူ့အား ကြည့်သောအကြည့်မျိုး . .

'ဟူး မလွယ်ပါလား'

ဆိုဖာ ဆက်တီရှည်ပေါ်၌ သူခေတ္တလှဲလျောင်း
သည်။





တစ်နေ့လုံး မအားရ။ ကြော်ငြာက ဖေဖေ့ 'အောင်'
တယ်နှင့် ခရီးသွားဝန်ဆောင်မှုအတွက် ရိုက်ပေးရသည်။
ဆက် နှစ်ကားက ဗွီဒီယိုအတွက်။

ဒါတောင် စူပါမဖြစ်သေး၍။ စူပါမင်းသမီး ချစ်သူ
ပေါ် စာနာမိသည်။

သဏ္ဍာန်လုပ် သရုပ်တူစေ။ ချစ်ကြိုက်ခန်း ရိုက်မှ
ာ့ အသက်ဝင်အောင် သရုပ်မဆောင်နိုင်လျှင် စူပါတန်း
ပြုတ်ကျသွားပေမည်ပေါ့။

ဒါကို သဝန်တိုနေ၍မရ။ ယောက်ယတ်ခတ်အတွေး
နှင့်လုံးလည်ချာလည်လိုက်ရင်း မျက်တောင်မွေးစင်းကျ
သည်။

အိပ်စက်ခြင်းက ဝန်တိုစိတ်ကို ချေမှုန်းနေစေသည်
င်ပါသည်။

သူ ဘာမှမသိတော့ အိပ်ပျော်သွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂၂)

သွန်းနုံ့သာခင်သည် နှစ်မြိုက်စွာအိပ်မောကျနေသော ချစ်သူကိုပြုံးကာ တစိမ့်စိမ့်ကြည့်နေမိသည်။

ချစ်စရာ မြတ်နိုးစရာကောင်းလိုက်သည့်ဖြစ်ခြင်း. . ။

သူ့ကိုသာ ပိုင်ဆိုင်ခွင့်ရမည်ဆိုပါက အရာရာကိုစွန့်လွှတ်ဖို့ဝန်မလေးလောက်အောင် တန်ဖိုးထားချစ်မိခြင်းဖြစ်သည်။

ဂွမ်းစောင်လေးခြုံပေးပြီးနောက် ချစ်သူ့အနားက မခွာရက်နိုင်အောင်ဖြစ်မိသည်။ ချစ်သူ၏မဟာနဖူးလေးပေါ်သို့ အနမ်းပွင့်လေးကိုခပ်ဖွဖွလေးချွေချမိလေသည်။

ချစ်ခြင်းသည် တသွင်သွင်စီးဆင်းနေသော စမ်းရေ



www.burmeseclassic.com

www.burmeseclassic.com



ပမာတည်း ဖိတ်ဆိုတားဆီးထားပါက ခေတ္တသာရပ်တန့်နေမည်။ ထွက်ပေါက်ကလေးတစ်ခု ရလိုက်သည်နှင့် ဝေါကနဲ အရှိန်အဟုန်ပြင်းစွာစီးထွက်သွားတတ်စမြဲဖြစ်လေသည်။

ချစ်ခြင်းကိုတိုင်းတာနိုင်သောပေတံသည် နှလုံးအိမ်သာလျှင်ဖြစ်သည်။

နှလုံးအိမ်၌ သန္ဓေတည်ပေါက်ဖွားလာသောအချစ်ကို မည်သူတွေကတားဆီးပယ်ဖျက်နိုင်မည်နည်း။ နှလုံးအိမ်သွေးကြောများ လှုပ်ပတ်မှု ရပ်တန့်သွားမှသာလျှင် အချစ်သည်လည်း ပျောက်ပျက်သွားနိုင်မည် ထင်သည်။

ချစ်သူနားက မခွာချင် ခွာချင်နှင့် သွန်းနံ့သာ ခင်ခွာခဲ့ပြီး မိမိအိပ်ခန်းတွင်းဝင်ရောက်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေရန် ကြိုးပမ်းလိုက်သည်။

အိပ်ချိန် ၅နာရီမျှလောက်သာရတော့မည်ဖြစ်သည်။

အတွေးအိမ်ထဲမှ ချစ်သူပုံရိပ်ကို ခေတ္တ ဖယ်ရှားပြီး အိပ်စက်ခြင်းကို ဖိတ်ခေါ်လိုက်ရလေသည်။

'မိန်းကလေး မိန်းကလေး'

သွန်းနံ့သာခင် ဆတ်ကနဲ လန့်နိုးသွားလေသည်။

အိမ်တော်ထိန်းကြီးဒေါ်သေး ဖြစ်နေသည်။





'ဟင် ဘာလဲ ဒေါ်ဒေါ်'

'ရွှေမင်းသား အဖေဆီက ဖုန်းလာတယ် သူ့သား ဒီကို ရောက်နေသလားတဲ့'

'ဒီတော့ဒေါ်ဒေါ်က'

'ရောက်နေတယ်လို့ အမှန်အတိုင်းပဲပြောလိုက်တယ်'

သွန်းနံ့သာခင် ငိုင်ကျသွားသည်။

ယောကျ်ားတစ်ယောက်ရဖို့အတွက် ဂုဏ်သိက္ခာနှင့် လဲလှယ်ယူရမည့်အဖြစ်မျိုးတော့မပြုလုပ်နိုင်။

'ဧည့်ခန်းမှာ အိပ်ပျော်နေတယ်လို့ မပြောလိုက်ဘူးလား'

'ပြောလိုက်ပါတယ် နိုးပြီးပြန်လွှတ်လိုက်ပါတဲ့'

သွန်းနံ့သာခင် ထလိုက်ပြီး ဒေါ်သေးနှင့် အတူ အပေါ်ထပ်ဧည့်ခန်း၌အိပ်ပျော်နေသော အံ့ဖွယ်အောင်မြင်ထံသို့ လျှောက်ခဲ့သည်။

ဒေါ်သေးက အလိုက်တသိပင် အောက်ထပ်သို့ဆင်းသွားလေသည်။

ချစ်သူအနီး ဒူးထောက်ထိုင်လိုက်ရင်း အသာအယာလှုပ်နိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင် မောင် ထတော့'

'အင်'

တွန့်ရှုံလှုပ်ပြီး မနိုးလာချေ။

'မောင်'

'အင်း'

'ထဆို မောင်အိမ်ပြန်တော့ မောင့်အဖေ ဖုန်းဆက်ခေါ်နေတယ်'

'ဟာကွာ မောင် ကလေးမှမဟုတ်တာ'

အံ့ဖွယ်အောင်မြင်ကမထ သူ့မိုဘိုင်းဖုန်းကိုလှမ်းယူရင်း

'ဟဲလို ဖေဖေ သားဒီမှာပဲ စိတ်မပူနဲ့'

ဒါပဲပြောပြီး ဆက်အိပ်နေလေသည်။

သွန်းနှံ့သာခင်က ချစ်သူ၏ကလေးဆန်သော အပြုအမူကိုကြည့်ကာ ပြုံးနေမိသည်။

'နိုးရင် ထတော့ ပြန်တော့'

အံ့ဖွယ်အောင်မြင် ရုတ်တရက် ထထိုင်လိုက်လေသည်။

နောက် သွန်းနှံ့သာခင်ကို ခပ်စိမ်းစိမ်းကြည့်ကာ





'ရီးစားဟောင်းနဲ့ပြန်တွဲနေတဲ့ကြည်နူးမှုလေး မောင့်ကြောင့် ပျက်စီးသွားမှာစိုးလို့လား'

'ဟင်'

သွန်းနှံ့သာခင် အံ့အားသင့်သွားသည်။

ချစ်သူထံမှ ဝန်တိုစကားကိုကြားရလိမ့်မည်ဟု ထင်မထားပေ။

'မဟင်နဲ့လေ သိပ်ကို အသက်ဝင်လွန်းလို့ ဒီကောင်ကြည့်ရဲလို့ ပြန်လာတာဆိုတာကော ခင်ဗျားသိရဲ့လား'

'ဩော် မောင်ရယ်. . မောင်လည်း ရုပ်ရှင်အနုပညာသည်တစ်ယောက်ပဲဟာ တို့ကိုနားလည်စမ်းပါ တို့နှလုံးအိမ်ထဲကလူတစ်ယောက်ကိုချစ်တဲ့ အချစ်နဲ့ပဲ ချစ်ကြိုက်ခန်းမှာ အစားထိုးပြီး Moodသွင်းရိုက်တာပါမောင် မောင့်ကိုပဲ ကျွန်မမြင်တာပါရှင်'

ကလေးဆိုးလိုစိတ်ကောက်နေသော ချစ်သူကိုချော့သည်မှာ လွယ်ကူလေသည်။ သွန်းနှံ့သာခင် ချစ်သူအား နမ်းဖက်ကာ လေသံပျော့လေးနှင့်ချော့လိုက်သည်။

'စိတ်ကောက်တဲ့ရုပ်ကြီးကလည်း အိပ်ပျော်နေလိုက်တာ သိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



'သာသာနော် မောင့်ကို'

ချစ်သူက ပြန်လည်ထွေးပွေ့လာသောအခါ သွန်းနုံ သာခင် မရုန်းချင်တော့။

စိတ်ကောက်ပြေသွားသော ချစ်သူ အလိုကျ လိုက် လျောလိုက်မိလေသည်။

အောက်ထပ် တယ်လီဖုန်းပလပ်ကို ဖြုတ်ပြီး ဒေါ် သေးသည် သူမ၏အိပ်ခန်းသို့ ဝင်သွားလေတော့သည်။

■





# အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၃)

သွန်းနို့သာခင် အံ့သြဝမ်းသာသွားသည်။

'ဟင် အမေ အမေ ရောက်နေတယ် ဘယ်တုန်းက လည်း ဘာဖြစ်လို့ ကျွန်မကို ကြိုအကြောင်းမကြားတာလဲ'

သွန်းနို့သာခင် မိခင်ဘေးပြေးကပ်ထိုင်လိုက်ပြီး မေးခွန်းတွေ မမောတမ်းဆက်တိုက်ထုတ်လိုက်လေသည်။

'နေ့လည်က ရောက်တာ'

'အဘကော ပါလား'

'အဲဒီကိစ္စလာတာပဲ. . . ညည်း ခရီးရောက်မဆိုက် မပြောချင်သေးတာ မေးတော့ပြောရမှာပဲ'

သွန်းနို့သာခင် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသတင်းတော့ ဟုတ်လိမ့်မည် မထင်ချေ။

'ဘာ ဘာဖြစ်လို့လဲ အမေ'

'ညည်းအဘကို ဆေးရုံလာတင်တာ'

'ရှင် အမေ အဘ ဘာဖြစ်လို့လဲ'

'သွေးတိုးနဲ့ နှလုံးသွေးကြောကျဉ်းတယ် ဆိုလားပဲ မောမောပြီး အသက်ရှူကျပ်ကျပ်နေလို့ ညည်းအစ်ကိုကြီးက လာခေါ်ပြီး ဒီမှာကုခိုင်းတာ'

'ဘယ်ဆေးရုံမှာ တင်ထားလဲ'

'အက်စ်အက်စ်စီ'

'သမီးကို သူတွေ့ချင်မှာမဟုတ်ဘူး တွေ့ရင်ရောဂါပို တက်သွားလိမ့်မယ်'

သွန်းနုံ့သာခင်စိတ်မချမ်းသာနိုင်။ မိခင်ကတော့ သူ့ အလုပ်အပေါ် နားလည်ခွင့်လွှတ်လာလေပြီ။ ဂုဏ်ယူတတ်သည် မတတ်သည်တော့ မသိနိုင်သေး။ ခွင့်လွှတ်ကာစကား ပြောလာသည်ကိုကပဲ သွန်းနုံ့သာခင်အတွက် အကောင်းဆုံးသော ဆုလာဘ်တစ်ခုပင်။ အဘကတော့ သူနောက်ဆုံးတစ်ခေါက်ကို အံ့ဖွယ်အောင်မြင်နှင့်အတူသွားခဲ့စဉ်ကတည်းက နှရှာင်ထွက်သွားခဲ့သည်။





ထိုအပြုအမူကိုကြည့်ခြင်းဖြင့် သူ့အားခွင့်မလွှတ်နိုင်သေးဘူးဟု နားလည်ထားလေသည်။

စိတ်ထိခိုက်နေ၍မဖြစ်၊ ခွင့်လွှတ်လာအောင်ကြိုးစားမှုက သူ့တာဝန်ပင်။

အရိုးစွဲနေသော အဘတို့၏ရှေးရိုးအစဉ်အလာအစွဲအရ သမီးတွေကို ဗိုင်းကောင်းကျောက်ဖိ ဖြစ်စေချင်သည်။

အိမ်ရှင်မကောင်းတစ်ယောက် အနေနှင့်သာ အိမ်ထောင်တာဝန်ကို ထမ်းဆောင်ပေတော့။

ထင်ပေါ် ကျော်ကြားစရာ မလို။ ယောကျ်ားတကာနှင့် တွဲဖက်သရုပ်ဆောင်ရသည့် အလုပ်ကိုဆို ခါးခါးသီးသီးခင် လက်မခံ။

'အမေရယ်'

ဖခင်၏ ခွင့်လွှတ်မှုကို သွန်းနုံ့သာခင် မျှော်လင့်မိသည်။

ဒီကြားထဲ လက်ထပ်ဖို့အထိရည်ရွယ်ပြီး ချစ်မိသူကသည်း ရုပ်ရှင်မင်းသားဖြစ်လာပြန်သည်ဆိုတော့ ဖခင်၏ခွင့်လွှတ်မှုကို ဒီတစ်သက်ရနိုင်ပါတော့မည်လားဟု တွေးမိကာ စိတ်ထိခိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အံ့ဖွယ်အောင်မြင်နဲ့က ဘယ်လိုလဲ ယူဖို့အထိဆုံး ဖြတ်လိုက်ပြီလား'

နှလုံးသားအက်ကွဲကြောင်းမှစီးထွက်လာသော မျက်ရည်တို့ကို မသုတ်သင်မိ။

အမေကို မော့ကြည့်လိုက်သည်။

အမေ့မျက်ဝန်း၌ ကရုဏာအရိပ်အယောင်ကို တွေ့ လိုက်ရသည်။

အမေက သူ့နှုတ်ဖျားမှစကားသံထွက်ပေါ်လာခြင်း မရှိသော်လည်း မျက်ဝန်းကိုကြည့်ရုံနှင့် သိပုံရလေသည်။

'ဒီအတိုင်းသာဆိုရင် ညည်းအဖေဟာ ညည်းကိုသေ တဲ့အထိ ခွင့်လွှတ်သွားမှာမဟုတ်ဘူး နှံ့သာခင်'

'ဘာဖြစ်လို့လဲ အမေ'

ဟု သူမေးခွန်းထုတ်စရာ မလိုပေ။ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

'သမီး ကြီးကြီးမှုံနှံ့သာအကြောင်းကို မှတ်မိသေး လား'

အမေခြေရင်းမှာထိုင်ရင်း အမေ့ပေါင်ပေါ်ခေါင်းတင် လိုက်သည်။





စိတ်ပင်ပန်းခြင်းက လူပင်ပန်းတာထက် ဆိုးသည်။

အလွမ်းခန်းတို့ကိုရိုက်သည့်အခါ၌ နှလုံးအိမ်သို့ထည့် ၍ အမှန်တကယ်ပင်မျက်ရည်ကျအောင် အားထုတ်ခဲ့သည်။ မျက်ရည်တုသုံးစရာမလို။ ဒါက သွန်းနှံ့သာခင်၏အောင်မြင် ခြင်း သော့ချက်ပင်။

သွန်းနှံ့သာခင်သည် ခံစားမှုကိုရင်နှင့်ရင်းကာ သရုပ် ဆောင်တတ်သည်။

နှလုံးအိမ်ကတော့ နာကျင်မှုဝေဒနာ ခဏခဏရလေ သည်။

စောစောက ရိုက်ကွင်းမှာလည်း အလွမ်းမျက်ရည်ကျ ခဲ့ရသည်။ ယခု အမေနှင့် တွေ့တော့လည်း ရင်နာစရာကြုံရ သည်။

စိတ်ပင်ပန်းလွန်းသဖြင့် သွန်းနှံ့သာခင် အမေ့ပေါင်၌ ခေါင်းမှေးတင်ကာ နားခိုလိုက်သည်။

'ကြီးကြီးဒေါ်မှုံနှံ့သာက ဘာဖြစ်လို့လဲအမေ'

သူငယ်စဉ် မသိတတ်ခင်အရွယ်က ဆုံးသွားခဲ့သော အငြိမ့်မင်းသမီးမှုံနှံ့သာ၏အကြောင်းက သူ့အတွက်အိပ်ရာ ဝင်ပုံပြင်တစ်ပုဒ် ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မှုံနံ့သာ လိုက်ပြေးသွားတဲ့ အဆိုတော် တက်သစ်စ ရုပ်ရှင်မင်းသားရဲ့နာမည် သမီးသိသလား'

'နေပါဦး ကျွန်မ မှတ်ဉာဏ်တွေ မကောင်းတော့ဘူး စဉ်းစားလိုက်ဦးမယ်'

'စဉ်းစားမနေပါနဲ့တော့ နောင်လတ်တဲ့ ကျော်ကြားမှု မရလိုက်ဘဲ ရုပ်ရှင်နယ်ကနေ ပျောက်ကွယ်သွားတဲ့ လူတစ်ယောက်ပဲ အဲဒါဘယ်သူလို့ထင်သလဲ နံ့သာခင်'

သွန်းနံ့သာခင် မိခင်အား မော့ကြည့်လိုက်သည်။

ရင်ထဲမှာရှုပ်ထွေးမှုဖြင့် မွန်းကြပ်လျက်ရှိလေသည်။

ကြီးကြီးဒေါ်မှုံနံ့သာသည် အငြိမ့်မင်းသမီးဖြစ်သည်။ ထိုမှ ရုပ်ရှင်နယ်သို့ ကူးပြောင်းရင်း ရုပ်ရှင်မင်းသား နောင်လတ်ဆိုသူနှင့် လိုက်ပြေးသည်။

မိဘများ သဘောမတူ အမွေဖြတ်လိုက်သည်။ ကိုယ်ဝန်ဆောင်စဉ်ကာလ ကားအက်ဆီးဒင့်နှင့်ကြုံကာ ဆုံးသွားသည်။

ထိုမှစ၍မင်းသားနောင်လတ်လည်း ဘဝပျက်ကာ ၆ လအကြာတွင် မူးယစ်ဆေးဝါး သုံးစွဲရင်း ဟူသော နာမည်ပျက်နှင့်သေဆုံးသွားခဲ့လေသည်။





ဒါကို အဘနှင့် အမေတို့က အနုပညာလောကကို မုန်းသည်။ နာကျည်းသည်။

သွန်းနံ့သာခင်က ထိုသို့မမြင်။

စိတ်ပျော့သူ စိတ်ထားပျော့ညံ့လွန်းသူတို့၏ ဇာတ်သိမ်းမလှမှုဟု မြင်သည်။

အနုပညာလောကနှင့် ဘာမှမဆိုင်။

ကြီးကြီးမှုံနံ့သာ သေဆုံးမှုက သူ၏ အတိတ်ကံအရ ဖြစ်သည်။ ဉပစ္ဆေဒကကံပါ၍ သေဆုံးခြင်းဖြစ်သည်။

မင်းသားနောင်လတ်က စိတ်ဓာတ်ပျော့ညံ့၍ မိန်းမနှင့်မမွေးဖွားသေးသောရင်သွေးအတွက် ကြေကွဲကာ ထွက်ပေါက်ရှာရင်း အပေါင်းအသင်းများ မူးယစ်ဆေးစွဲရာက မူးယစ်ဆေးထိုးရင်း သေဆုံးသွားသည်။

ဒါ စိတ်ပျော့ညံ့လွန်းဖြစ်သည်။

အနုပညာလောကနှင့် ဘာမှမဆိုင်။

ညောင်ဦးကမ်းပါးပြိုတာနှင့် စမ္ပါနဂိုရ်က နွားမပေါင်ကျိုးသလိုဖြစ်နေလေပြီ။

'ဘယ့်သူလဲ မေမေ ဦးနောင်လတ်ဆိုတာ ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အုံ့ဖွယ်အောင်မြင်ရဲ့ဦးလေးအရင်းပဲ'

'ဟင်'

'ဟုတ်တယ် ဦးအောင်နိုင်ရဲ့ယောက်ဖပဲ'

သွန်းနုံ့သာခင်ရင်ထဲ၌ ဒိန်းကနဲမြည်ဟည်းသွားလေသည်။

ဒေါ်မှုံနံ့သာ ဝင်စားသည်ဆိုရအောင်ကလည်း ဒေါ်မှုံနံ့သာ သေတော့ သူပင် နှစ်ခါလည်ကျော်နေပြီ။ အင်းလေး၌ အုံ့ဖွယ်အောင်မြင်နှင့်ပြောခဲ့သောစကားများကို သွားသတိရသည်။

'မင်းမှာ မျိုးရိုးဗီဇပါလို့လား'

ဟု သူမေးခဲ့စဉ်က

'အင်း . . ဆိုပါတော့ ဘိုးလေးနဲ့ အမေ့မောင် တစ်ယောက်တော့ ရုပ်ရှင်မင်းသားဖြစ်ခဲ့ဖူးတယ် ဒါပေမယ့် သူတို့က သက်တမ်းတိုတော့ မမှတ်မိပါဘူး'ဟု မယုတ်မလွန်ဖြေကြားခဲ့ခြင်းကို သတိရမိလေသည်။

အဘက သူ၏အမွှာအစ်မ မှုံနံ့သာကို အလွန်ချစ်လေသည်။ မှုံနံ့သာသေဆုံးခြင်းမှာ အုံ့ဖွယ်အောင်မြင်၏ဦးလေးကြောင့်ဟု စွပ်စွဲလေသည်။





အမှန် အငြိမ့်မင်းသမီး လုပ်ခြင်းကိုလည်း အဘက ခနှစ်သက်ခဲ့ပေ။

သွန်းနုံ့သာခင် နားလည်လေပြီ။ အဘ၏ အမျက်သည် ပျောက်ကွယ်တော့မည်မဟုတ်ချေ။

'အုံ့ဖွယ်အောင်မြင် အကြောင်း စုံစမ်းရင်းနဲ့ နောင်လတ်ရဲ့တူမှန်း သိလိုက်ရတာနဲ့ သံသရာစက်ဝန်းတစ်ကျော့ ပြန်လာပြီ ဆိုပြီး ညည်းအဘ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ဆေးရုံတင်ရတဲ့အထိ ဖြစ်တော့တာပဲ'

အဘအတွက် သွန်းနုံ့သာခင် စိတ်ထိခိုက်ရလေပြီ။

အဘရယ် ခေတ်ချင်း မတူတော့ပါဘူး။ ပြည်သူတွေရဲ့ အားပေးမှု မြှောက်စားမှုတွေကလည်း အနုပညာရှင်တို့ရပ်တည်မှုတစ်ခုပါ။

ပြည်သူတွေကို ဖျော်ဖြေနိုင်တဲ့ အနုပညာ ဆိုတာကလည်း ဖန်တီးယူလို့ရတဲ့ အလုပ်တစ်ခု အသက်မွေးဝမ်းကျောင်းတစ်ခုမဟုတ်ပါဘူး။

ပါရမီပေါ် အခြေခံပြီး ကြိုးစားအားထုတ်မှရတာပါ။

အနုပညာရှင်တစ်ယောက်ရဲ့ မှတ်ကျောက်ဟာပြည်သူတွေရဲ့လက်ခံနိုင်မှုမှတ်ကျောက်နဲ့ အကဲဖြတ်နိုင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သွန်းနံ့သာခင် အဘကို ရင်ထဲမှ တောင်းပန်စကားတွေနှင့် ဖြေရှင်းနေမိလေသည်။

'အမေရယ် ကျွန်မ ဘာလုပ်ရမလဲ ကျွန်မ အံ့ဖွယ်ကို ခွဲနိုင်မှာမဟုတ်ဘူး အဘကိုကူပြောပေးပါ အမေရယ် ကျွန်မလေ နှစ်ဖက်မိဘသဘောတူတဲ့မင်္ဂလာပွဲကိုပဲ လိုချင်ပါတယ်'

သွန်းနံ့သာခင်မျက်ရည်ကျရင်း အမေ့အား အားကိုးတကြီး တိုင်တည်လိုက်လေသည်

'ကျွန်မ မောင့်ကို သိပ်ချစ်လို့ပါ အမေရယ်'

ဟု ရှိုက်ကြီးတငင်ငိုရှိုက်ရင်း ပြောမိသည်။

အမေက သူ့ခေါင်းကို အသာပွတ်သပ်ရင်း. .

'ငိုမနေနဲ့တော့. . . ငိုနေရုံနဲ့ မပြီးဘူး သားသမီးဘဝ မသိမ်ငယ်ဖို့အတွက်တော့ အမေတို့ရင်ကွဲခံလိုက် လျှော့ပေးမယ် ကောင်လေးဘက်ကသာ လာတောင်းပါစေ နောက်နာမည်ပျက် လုံးဝမရှိအောင် ညည်း ထိန်းနိုင်ပါစေ နံ့သာခင် အမေ ညည်းအဘကို နားချနေပါတယ်'

'ဟာ တကယ်'

သွန်းနံ့သာခင် ဝမ်းသာအားရ အမေ့ကိုမော့ကြည့်လိုက်သည်။





မျက်ရည်ပွွန်းသော မျက်ဝန်းဖြင့် အမေက ပြုံးကာခေါင်းညိတ်လေသည်။

'ဝမ်းသာလိုက်တာ အမေရယ်'

သွန်းနံ့သာခင်အတွက် အမေ ဟူသောစစ်ကူကို ရထိုက်လေပြီမို့အောင်မြင်ဖို့ တစ်ဝက်တော့သေချာသွားလေပြီတည်း. . ။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၄)

အံ့ဖွယ်အောင်မြင် အောင်မြင်မှုကိုရလိုက်ပြီးနောက် စိတ်ဓာတ်ပြောင်းလဲလာသည်။

အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းဖို့တာဝန်က သူ၏ ကြိုးစားအားထုတ်မှု ဖြစ်သည်။

သူ့ဖခင်က ရန်ကုန်မြို့၌ ရုံတင်နေပြီဖြစ်သော သူ၏ 'အိပ်မက်နန်းတော်'ကား ရုံပြည့်လျှံမှု၊ လက်မှတ်ကုန်ပြီ ဟူသောစာတမ်းများကို လှည့်ပတ်ကြည့်ရင်း သားဖြစ်သူ၏ပိုစတာကြီးများကိုကြည့်ကာ ကျေနပ်အားရနေလေသည်။

ဦးအောင်နိုင်အတွက် သားပုံနှင့်တွဲရက်မှ မင်းသမီး သွန်းနုံ့သာခင်၏ ပုံရိပ်သည်လည်း သူနှင့် ရင်းနှီးလာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်းရင်းနှီးနှီး မြင်ဖူးသလိုလို ခံစားရလေသည်။ မင်းသမီးအတော်ချောတာပဲဟုလည်း မှတ်ချက်ချမိလေသည်။

ကုမ္ပဏီမှ ဝန်ထမ်းများကလည်း မေတ္တာလက်မှတ် မရချင်နေပါ ကြိုတင်လက်မှတ်ဝယ်ပေးပါဟု မှာယူတတ်နေပြီ။ ဒါကိုဂုဏ်ယူကာ ဖုန်းနှင့် ဦးတိုက်ထံ လက်မှတ်တောင်းပေးရသည်ကလည်း အလုပ်တစ်ခု။

ကုမ္ပဏီရုံးခန်း၌ပင် ဦးအောင်နိုင် ကြာရှည်မထိုင်ချင်တော့။

ရုပ်ရှင်ရုံတွေ လှည့်ပတ်ကြည့်ရင်း မင်းသားအံ့ဖွယ် အောင်မြင်အပေါ် ဝေဖန်သံများ နားထောင်ရင်း ပီတိသော မနသာဖြစ်နေလေပြီ။

'ဖေဖေ'

'ဘာလဲ ဖိုးသား'

'ထမင်းစားလေ ဘာပြုံးနေတာလဲ'

'ဩော် သားကို သမ္မာရင့်ကြီးကျနေတာပဲလို့ ဝေဖန်နေတာကို ဖေဖေ အားရလို့ပါ ငါ့သား သိပ်တော်တယ်'

'တော်တဲ့ မင်းသမီးနဲ့ တွဲလိုက်မိတာ သားအတွက် ကံကောင်းသွားတာလည်း ပါတယ်'





ဖခင်ဦးအောင်နိုင်၏ မျက်နှာပြင်ထက်မှ ပီတိရောင် ပျောက်ကွယ်သွားလေသည်။

ထိုစဉ် အိမ်တော်ထိန်းက တယ်လီဖုန်း ယူလာပေးသည်။

'ဖိုးသား ဖုန်း'

'ဘယ်သူလဲ'

'သာသာတဲ့ အရေးကြီးလို့ပါတဲ့'

'ဩော် ပေး ပေး'

သူတို့သားအဖ၏ စည်းကမ်းချက်ကို သူဖောက်ဖျက်လိုက်လေသည်။

'ဖေဖေ ခွင့်လွှတ်ပါ အရေးကြီးပုံ ရလို့ပါ'

ဦးအောင်နိုင် သက်ပြင်းချလိုက်မိလေသည်။

သားက သူ့အား ခွင့်ပန်ပြီး သူ့ရှေ့မှပင် ပြောလေသည်။

'သာသာ ပြော'

'သိပ်အရေးကြီးလို့လား . . . ဖုန်းနဲ့ ပြောလို့ မရဘူးလား'

'xxxxxx'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ. . ဒါဖြင့် မောင် ထမင်းစားပြီးတာနဲ့ ထွက်ခဲ့မယ်'

'သား အရေးကြီးရင် အိမ်ကိုပဲ ခေါ်လိုက်ပါ ဖေဖေလည်း သူနဲ့တွေ့ချင်တယ်'

အဲ့ဖွယ်အောင်မြင် အံ့အားသင့်သွားပြီး ဖခင်အား လှမ်းကြည့်လေသည်။

'ဖေဖေ သူနဲ့ စကားပြောကြည့်ချင်တယ်'

ဒါ့ ဖခင်ထံမှလိုက်လျောမှုတစ်ခုဟုသူမြင်ကာ အလိုလို ပြုံးသွားမိပြီး. .

'သာသာ ခုပဲ သာသာထွက်ခဲ့ပါ မောင့်အိမ်ကိုလာခဲ့ ဖေဖေက သာသာနဲ့ တွေ့ချင်တယ်တဲ့'

'ဟင် ဟုတ်ရဲ့လား မောင်နောက်နေတာလား'

သွန်းနုံသာခင်က မယုံကြည်နိုင်သလို လှမ်းမေးလေသည်။

'တကယ်ပါ'

'ကျွန်မကိုတော့ အရှက်မခွဲပါနဲ့နော်. . ကျွန်မ အခုတကယ်ထွက်လာမှာ ကျွန်မ ရင်ထဲမှာ မောင်နဲ့ အရမ်းတွေ့ချင်နေလွန်းလို့ မိန်းကလေးဂုဏ်သိက္ခာကို ခဏဘေးချိတ်ပြီး





မိန်းမတန်မဲ့ မျှော်လိုက်ရတဲ့အဆင့်ကိုဖယ်ချပြီး မောင့်ဆီကို ဆိုက်ဆိုက်လာရတော့မယ့်အဖြစ်နော် မောင်'

'အင်းပါ သာသာ လာခဲ့ပါ မောင် စောင့်ကြိုနေမယ် ဒါပဲ သာသာ ထမင်းမစားရသေးရင် ဒီမှာပဲ စားလေ'

'ဒါတွေက အရေးမကြီးပါဘူး. . . မောင်နဲ့ တွေ့ဖို့ပဲ အရေးကြီးတယ် သာသာ ခုပဲထွက်လာပြီနော် မောင် ဒါပဲ နော်'

အံ့ဖွယ်အောင်မြင် ဖုန်းခလုတ်ကိုပိတ်ပြီး အိမ်တော်ထိန်းလက်သို့ လှမ်းထည့်ပေးလိုက်လေသည်။

နောက် ဖခင်ကို ကြည့်လိုက်သည်။ ဖခင်က အေးဆေးစွာပင် စားသောက်နေသည်။

ဖခင်မျက်နှာ တည်ကြည်နေသဖြင့် သူ မယုံရဲသေး။ ထို့ကြောင့်. .

'ဖေဖေ'

'ဘာလဲ သား စားလေ စကားပြောစရာတွေ ရှိတယ်ဆို ပြောရအောင် စားထားလိုက်'

'ဖေဖေနဲ့အရင်မိတ်ဆက်ပေးရမလား သူစကားပြောပြီးမှ မိတ်ဆက်ပေးရမလား'



www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆက်ပေးပါ ဖေဖေ တစ်ခွန်း နှစ်ခွန်း ပြောပြီး သွားစရာရှိတာသွားမှာပါ'

သူ ကျေနပ်သွားသည်။

ဖခင်သည် သူ့ကို ချစ်သည်။ သူ စိတ်ဆင်းရဲအောင်တော့ လုပ်မည်မဟုတ်ဟု သူ ယုံကြည်လေသည်။ သူကိုယ်တိုင်လည်း ဖခင်စိတ်ဆင်းရဲရမည့် ကိစ္စကို ရှောင်ရှားခဲ့သည်ပဲ။ တားဆီးရခက်ခဲသောအချစ်ကိစ္စကိုတော့ သူမရှောင်ရှားနိုင်ခဲ့။

သူကိုယ်တိုင်လည်း မင်းသမီးသွန်းနဲ့သာခင်ကို ချစ်မိနေလေပြီ။

နှိုင်းယှဉ်စရာ ရှိသောအခါမှ အချစ်စစ်သည် ပိုမိုပေါ်လွင်ထင်ရှားလာသည်။

'ဖေဖေ သားကိုယ်တိုင် သူ့ကိုချစ်သွားတာနော် သူကလွဲရင် ဘယ်မိန်းမကိုမှ သားလက်ထပ်နိုင်မယ်မထင်ဘူး'

'အချစ်ဆိုတာ အောင့်ထားလို့ရတဲ့အရာမဟုတ်ဘူးသား သူ့ကိုချစ်နိုင်တယ် လက်ထပ်ဖို့ကိုတော့ ဖေဖေအလေးအနက်ထားပြီး စဉ်းစားပေးနေတုန်းပဲ သား အဖြေမရသေးဘူး'





'သားစိတ်ထဲမှာ သူဟာ သားကိုတကယ်ချစ်တယ်လို့ ခံစားနေရတယ် ဖေဖေ သူ့အတိတ်က ဆူရှုပ်ခဲ့တာတွေကို သူ ဝန်ခံပြီးပါပြီ'

'မေတ္တာဆိုတာ ခွင့်လွှတ်ခြင်းလို့ ဖေဖေ နားလည်ထားပါတယ် ဒါပေမယ့်. . ဖေဖေ့စိတ်ထဲ လေးနေတာတော့ အမှန်ပဲ ဒါကလည်း သားဟာ အနုပညာလောကတည်း ခြေစုံပစ် ဝင်သွားမှာကို စိုးရိမ်နေတာလည်း ပါကောင်း ပါလိမ့်မယ်'

အံ့ဖွယ်အောင်မြင် ဖခင်ကို ငေးကြည့်ရင်း. . စိတ်မကောင်းဖြစ်သွားသည်။

အဖေကဲ့သို့ စီးပွားရေးလောကကို ခြေစုံပစ် ဝင်နိုင်ခြင်းမရှိဘဲ အနုပညာလောကကို ခြေလှမ်းလှမ်းနေသောသူ့ကို ဖခင်သည် အပြစ်မဆို အတင်းအဓမ္မမတားမြစ်ဘဲ လိုက်လျောရှာသည်။

အဖေတစ်ခု သားတစ်ခု ဖြစ်ခြင်းကြောင့် သူ့ဖခင်ကို အသနားပိုကာ. .

'ဖေဖေ သား ကားတိုင်းမရိုက်ပါဘူး ဖေဖေ့လုပ်ငန်းတွေကိုလည်း ဆက်ခံနိုင်အောင် ကြိုးစားမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ခေါင်းတစ်လုံးနဲ့ ရေအိုးနှစ်လုံးရွက်ရတာ ပင်ပန်းပါမယ် သားရာ ဘာအလုပ်ပဲ လုပ် လုပ် အောင်မြင်နေရင် ပြီးတာပါပဲ ဖေဖေ အရွယ်ရှိသေးတယ် သားက အမွေမဆက်ခံနိုင်ရင် မြေးအထိတော့ ဖေဖေမျှော်လင့်ပါတယ်'

သားအဖနှစ်ယောက်. . ညှိခန်း၌ အေးအေးလူလူ စကားထိုင်ပြောနေစဉ်မှာပင် သွန်းနုံသာခင်ရောက်လာသည်။

ရိုးရိုးယဉ်ယဉ် ဝတ်စားထားသော သွန်းနုံသာခင်၏ ပင်ကိုယ်အလှသည် ရိုင်းမနေဘဲ ယဉ်ယဉ်လေးနှင့်လှနေသဖြင့် အံ့ဖွယ်အောင်မြင် ကျေနပ်သွားလေသည်။

ဖခင်အား သွန်းနုံသာခင်က ဦးညွှတ်ကာ. .

'ကျွန်မ သွန်းနုံသာခင်ပါ ဦး'

ဟု နှုတ်ဆက်လိုက်သည်။

'ထိုင်ပါ'

သွန်းနုံသာခင်က ဆိုဖာဆက်တီတစ်လုံး၌ ဝင်ထိုင်သည်။

တူးတူးက အအေးဘူးများနှင့်ဖန်ခွက်ကို ဗန်းနှင့်လာချပေးလေသည်။

သူက သွန်းနုံသာခင်နှင့် မလှမ်းမကမ်း၌ ထိုင်လိုက်





ပြီး သူမ ကြိုက်တတ်သော(Cola)ဘူးကို ဖောက်ကာ ဖန်ခွက်ထဲ လောင်းထည့်ပေးလိုက်သည်။

'မိန်းကလေးက ဘယ်ဇာတိလဲ'

'အောင်ပန်းက ကျွန်မ မွေးဇာတိပါ ဦး'

'မိဘများကော ရှိသေးလား'

'ရှိပါတယ် ဦးမျိုးဝဏ္ဏနဲ့ဒေါ်နန်းညိုရဲ့ တတိယသမီးပါ'

'ဦးမျိုးဝဏ္ဏ မျိုးဝဏ္ဏ ဒီနာမည်ကြားဖူးပါတယ် သမီးဖခင်က ပညာတတ်ပဲလားကွဲ့'

'ဟုတ်ကဲ့. . အဘက မန္တလေးတက္ကသိုလ်ကနေ ဝိဇ္ဇာဘွဲ့ရခဲ့ပါတယ်'

'အင်း. . ကျောင်းနေဖက်ထဲကတော့ မဟုတ်နိုင်ဘူး ဒါပေမယ့် ဦး ရင်းရင်းနှီးနှီး ကြားဖူးနေတာတော့ သေချာပါတယ်'

ဦးအောင်နိုင် စဉ်းစားလိုက်သည်။

ထိုတဒင်္ဂအတွင်း သွန်းနုံသာခင်စဉ်းစားလိုက်သည်။

ချစ်သူအားဖွင့်မပြောခင် အရေးကြီးသောအကြောင်းအရာကို ဦးအောင်နိုင်အား ဖွင့်ပြောသင့်မသင့်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအား ကြည့်လိုက်သည်။ ပြုံးကာ သူ့ထံသို့ ဖန်ခွက်လေးကမ်းပေးသည်။

ချစ်သူအပြုံးသည် သူ့အတွက် အားအင်သစ်တစ်ရပ် တိုးပွားစေသလို ခံစားရပြီး ပွင့်လင်းရိုးသားစွာဖြင့်. .

'ဦး ဒေါ်မှုံနှံ့သာကို သိပါသလား'

ဦးအောင်နိုင် ဆွံ့အ တက်ကနဲဖြစ်သွားလေသည်။ အံ့အားသင့်သွားသည်။

သူ သိတာပေါ့။

သူ့အား ခြောက်လှန့်ခဲ့သော အိပ်မက်တစ်ခုထဲတွင် ထင်ရှားခဲ့သောနာမည်များပေပဲ။

'မှုံနှံ့သာ. . . ခေါင်းဆောင်အငြိမ့်မင်းသမီး မှုံနှံ့သာလား'

'ဟုတ်ပါတယ်'

ဩော်. . သိလိုက်လေပြီ။

သွန်းနှံ့သာခင်၏ဓာတ်ပုံများကိုမြင်တွေ့စဉ် မြင်ဖူးသည်ဟူသောအတွေးသည် ယခုမှ ရှင်းလင်းသွားလေသည်။

မှုံနှံ့သာနှင့် ရုပ်ချင်းဆင်သည်ကိုး. . ။ ဒါဆို အဖော်သမီးပေပေါ့။





'ကျွန်မ ဒေါ်မှုံနှံ့သာရဲ့တူမပါ ကျွန်မအဖေနဲ့ဒေါ်မှုံနှံ့သာက အမွှာမောင်နှမပါ'

'ဩော်'

မျိုးဝဏ္ဏက သူ့အမွှာအစ်မကိုလိုက်ရှာရင်း သူတို့အိမ်၌ ရမ်းကားသွားခြင်းကို အမှတ်ရမိလေသည်။

ထိုစဉ်က. . ဦးအောင်နိုင်သည် သားအမေ ဒေါ်နုနု လတ်နှင့် လက်ထပ်ပြီးကာစပဲ ရှိသေးသည်။

နုနုလတ်မောင်က သူ့ထက်အသက်ကြီးသော အငြိမ့်မင်းသမီးကို ခိုးပြေးပြီး တစ်နေရာရာ၌ ရှောင်ပုန်းနေချိန်ဖြစ်လေသည်။

'ဩော် မျိုးဝဏ္ဏ မျိုးဝဏ္ဏ ဒါကြောင့် ဒီနာမည်ဟာ ရင်းနှီးပါတယ်လို့ထင်နေတာကို မင်းဟာ မှုံနှံ့သာရဲ့တူမကိုး အေးကွယ် သားကတော့ ဘာမှ သိဦးမယ်မထင်ဘူး'

'ကျွန်မလည်း စောစောကမှ သိတာပါ. . သိသိခြင်းပဲ မောင့်ကို အဲ အံ့ဖွယ်ကို အသိပေးချင်တာနဲ့'

ဦးအောင်နိုင် လက်ကာပြကာ. .

'သမီး ရှင်းရှင်းပဲပြောပါ သမီးမိဘတွေဘက်ကဘာ တောင်းဆိုလိုက်သလဲဆိုတာ သိချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'သမီးကို အဲ့ဖွယ်နဲ့ လူသိရှင်ကြား လက်ထပ်တာကို လိုချင်တယ် အံ့ဖွယ်မိဘက အသိအမှတ်ပြုပေးဖို့ပါပဲ'

ဦးအောင်နိုင်က မေးကြောကြီးများ ထောင်ထသည်အထိ စဉ်းစားလိုက်သည်။

အံ့ဖွယ်အောင်မြင်က နားမလည်စွာဖြင့် ချစ်သူကို တစ်လှည့် ဖခင်ကိုတစ်လှည့်ကြည့်ကာ. .

'မှုန်နှံ့သာက ဖေဖေနဲ့ဘယ်လိုပတ်သက်နေလို့လဲ'

ဦးအောင်နိုင်က မကြား

သွန်းနှံ့သာခင်က ခပ်တိုးတိုး. .

'ကြီးကြီးမှုန်နှံ့သာဟာ မောင့်လေးလေး ဦးနောင်လတ်နဲ့လိုက်ပြေးပြီး မကြာခင်မှာပဲ ကွယ်လွန်သွားခဲ့တယ်'

'ဘာဖြစ်လို့လဲ'

'ဦးနောင်လတ် အရက်မူးပြီးမောင်းတဲ့ကားဟာ အက်စီးဒင့် ဖြစ်ပြီး ကိုယ်ဝန်နဲ့ ဒေါ်မှုန်နှံ့သာ ကွယ်လွန်သွားခဲ့တာပါ'

ဦးအောင်နိုင် သားဖြစ်သူကိုကြည့်လိုက်သည်။ သားကို ကလေးတစ်ယောက်လိုသာ မြင်ထားမိသော သူ့ယူဆချက်ကို ပြောင်းလွဲပစ်ရမည်။





ကျန်လူများ မည်သူမှမသိနိုင်သောအချက်တစ်ချက်သူ့မှာ ရှိနေသေးသည်။

ထိုကိစ္စကို သူနှင့် ဦးမျိုးဝဏ္ဏကလွဲပြီး အခြားသူများမသိနိုင်။

'ဒီကိစ္စအတွက် ဦး မှန်ကန်တဲ့ဆုံးဖြတ်ချက်တစ်ခုကိုပေးမှာပါ ဦးရဲ့သားကို ဒုတိယနောင်လတ်မဖြစ်စေချင်သလိုမင်းကိုလည်း ဒုတိယမှုန်နှံ့သာ မဖြစ်စေချင်ပါဘူးကွယ် ကိုင်းမင်းတို့အချင်းချင်း ဆွေးနွေးကြဦး ဦး သွားစရာလေး ရှိလို့ခွင့်ပြုဦး'

'ဟုတ်ကဲ့ပါဦး'

သွန်းနှံ့သာခင်က ထပြီး သူ့အား တလေးတစားပင်နှုတ်ဆက်လေသည်။ ယဉ်ကျေးမှုရှိပြီး အဆင့်အတန်းရှိသောမိန်းကလေးပါပေပဲ။

သားသည် အဖေတူသား ဖြစ်နေလေရော့လား။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၅)

'သူဌေး ဘယ်ကိုမောင်းရမလဲ'

အမှန်တော့ သူ သွားစရာ မရှိ။ တမင်သက်သက် ရှောင်ထွက်ခဲ့ခြင်းဖြစ်သည်။

'ရွှေတိဂုံဘုရားကိုမောင်းကွာ အနောက်ဘက်မုခ်ကို မောင်း'

'ဟုတ်ကဲ့'

သူတစ်ယောက်တည်း တွေးချင်လာပြီ။ လူတွေသည် ဒုက္ခဟူသောအခက်အခဲနှင့် ရင်ဆိုင်လာရသည့်အခါ ပထမဦးဆုံးသတိရကြသည်က ကိုးကွယ်အားထားမှီခိုရာ မိမိတို့၏ ဘုရားကိုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုံနှံ့သာ. .

သူလူပျိုဘဝ တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားဘဝက သူငယ်ချင်းများနှင့်အတူ မန္တလေးသို့အလည်အပတ်သွားခဲ့သည်။ အထက်မြန်မာပြည်အနှံ့ ဘုရားဖူးရင်း လိပ်ဥတူးရင်းဟုနောက်ပြောင်ရင်း သူငယ်ချင်း၅ယောက် ခရီးထွက်ခဲ့သည်။ ထိုထဲတွင် နောင်လတ်က ကန့်လန့်ကန့်လန့် ပါခဲ့သည်။ နောင်လတ်အစ်ကိုကြီး အောင်လတ်က သူနှင့်သူငယ်ချင်းဖြစ်သည်။

'ဒီကောင်က အငယ်ဆုံးပီပီ ဆိုးတယ်ကွ အဆိုတော်လေးဖြစ်ခါစ ရုပ်ရှင်တစ်ကားနှစ်ကားရိုက်ပြီး မြောက်နေတဲ့ကောင်'

အမှန်တော့ နောင်လတ်ကြောင့် သူတို့ခရီးစဉ် ပို၍ အဆင်ပြေခဲ့သည်။ နောင်လတ်ကို ကြိုဆိုသူများသည်။

မန္တလေး ရောက်တော့ ပွင့်လင်းရာသီဖြစ်၍ အငြိမ့်များနှင့်တိုးလေသည်။

မှုံနှံ့သာအငြိမ့်မှခေါင်းဆောင်မင်းသမီး မှုံနှံ့သာကို အောင်နိုင် ကြိုတ်၍သဘောကျကာ ကြိတ်ပိုးပိုးခဲ့သည်။

နောင်လတ်ကတော့ ငယ်ရွယ်သူပီပီ 'မမမှုံ မမမှုံ'နှင့်





တရင်းတနှီးပင် မိတ်ဆက်ကာရင်းနှီးသွားစေခဲ့သည်။

ရည်းစားသက်စေ့ထားကာ မျက်နှာများသော နောင်လတ်အတွက် မှုံနှံ့သာသည် နံပါတ် ဘယ်လောက်မြောက်ရည်းစားမှန်း မသိသော်လည်း မှုံနှံ့သာထံ သူတို့ လူပျိုသွားလှည့်စဉ် မှုံနှံ့သာ၏အမွှာမောင် မျိုးဝဏ္ဏဆိုသူနှင့် ထိပ်တိုက်တိုး၍ ဘုကြည့်ကြည့်ကာ

'မင်းတို့ ဘာကိစ္စလာတာလဲ'

'လာလည်တာ'

'လာလည်တာ ဆိုရင် ညှော်ခံစကားပြောဖို့ ငါ့အစ်မက အချိန် မပေးနိုင်ဘူး ညက ပွဲကထားရလို့ အိပ်နေတယ် ပြန်တော့ ပညာတတ်တွေဖြစ်ပြီး လူ့ယဉ်ကျေးမှုကို နားလည်ဖို့ ကောင်းတယ်'

သူတို့ . အချင်းမများချင်သဖြင့် တပ်ပြန်ခေါက်ခဲ့ကြသည်။

မန္တလေးက မခွာခင် မှုံနှံ့သာ၏ မျက်နှာကလေးကိုပင် နောက်ဆုံးမြင်တွေ့ခွင့်ရအောင် ဇာတ်ခုံအောက်မှာ ပွဲပြီးသည်အထိ သူတစ်ယောက်တည်းကြိတ်၍ တစိမ့်စိမ့်ကြည့်ခဲ့သည့်အဖြစ်ကိုမြင်တွေ့သွားသူမှာ မျိုးဝဏ္ဏတစ်ယောက်တည်း

www.burmeseclassic.com



ဖြစ်သည်။

မှုံနှံ့သာနှင့် သူ၏ဇာတ်လမ်းမှာ မစလိုက်ရဘဲ လမ်းဆုံးရောက်သွားပြီဟု ထင်မှတ်ခဲ့သည်။

ဘွဲ့ရပြီး စီးပွားရေးလောကသို့ ဖခင်ကသွင်း၏။ တစ်ခါတည်း ခြေငြိမ်စေရန် အိမ်ထောင်ချပေးသည်။

အောင်လတ်၏ညီမ နောင်လတ်၏အစ်မ နုနုလတ်နှင့် ဖြစ်သည်။

အိမ်ထောင်သက် ၆လလောက်ပင် ရှိသေးသည်။

တစ်နေ့ . .

'အောင်နိုင် မင်းအကြံ ဒါအကုန်ပဲလား'

မှုံနှံ့သာအမွှာမောင် မျိုးဝဏ္ဏ ဒေါသတကြီးရောက်ချလာသည်။

နုနုလတ်က နားမလည်။

'မင်း မစားရတဲ့အမဲ သဲနဲ့ပက်လိုက်တာလား ယစ်ထုတ်လိုကောင်နဲ့ လိုက်ပြေးအောင် မင်း ဖန်တီးလိုက်တာလား'

သူ ငယ်ထိပ်မြွေပေါက်ပြီ။

နောင်လတ် ဘယ်အချိန်ကများ မှုံနှံ့သာကို အလယ်





သုတ်သွားပါလိမ့်။

'မဟုတ်သေးဘူး . . အေးအေးဆေးဆေးပြောကြရအောင် ကိုမျိုးဝဏ္ဏ'

'ငါမအေးနိုင်ဘူး သူတို့ဘယ်မှာရှိသလဲပြော ငါ့အစ်မ ငါပြန်ခေါ်မယ် ပြန်ခွဲမယ်ကွာ'

မျိုးဝဏ္ဏသည် သူ၏ အမွှာအစ်မကို အတော်ချစ်ရှာလေသည်။

သူ ဖြောင့်ဖျပါသည်။ သူလုံးဝမသိကြောင်းနှင့် သိရင် အကြောင်းကြားပေးမည့်အကြောင်း ပြောလိုက်သည်။

မျိုးဝဏ္ဏ မယုံကြည်သော်လည်း ပြန်သွားခဲ့သည်။

နောက် သူ အမေရိကားသို့တစ်နှစ်သွားနေစဉ် မှုံနှံ့သာနှင့်နောင်လတ် ရှေ့ဆင့်နောက်ဆင့်ဆုံးသွားကြောင်း သိလိုက်ရပြီးနောက် ထိုကိစ္စသည် သူ့အတိတ်၌ပင် ပြည်ဖုံးကားချထားလိုက်လေသည်။ သူ ပင့်သက်ရှိုက်လိုက်မိလေသည်။ နောက်ဘုရားရှိခိုးပြီး ရင်ပြင်တော်ပေါ်၌ လက်ျာရစ်တစ်ပတ်ပတ်ပြီး သူ ဆင်းခဲ့လေသည်။ မှုံနှံ့သာနှင့် နောင်လတ်အမှုတွင် သူ့ပယောဂ လုံးဝမပါကြောင်း မျိုးဝဏ္ဏ ယုံကြည်ခဲ့ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ယခု . သံသရာစက်ဝန်းအတွင်း တစ်ကျော့ပြန်ကာ မှိုင်းဝန်းနှင့် သူဆုံဆည်းဖို့ အကြောင်းဖန်လာပြန်လေပြီ။

သားအတွက် သူ ရင်လေးမိလေပြီ။

သားသည် သူ့ဦးလေး လေးလေးနောင်လိုတော့. . ဟုတ်မည်မထင်ပါ။ သား အရက်မသောက်တတ်။ ဆေးလိပ်လည်း မသောက်။ ရည်းစားလည်း မများ။ ဒါတွေက သူငယ်ငယ်က လေးလေးနောင်ဟူသော သူ့ဦးလေး၏ရာဇဝင်ကို ပုံပြင်အနေဖြင့် သူ သင်ခန်းစာပေးခဲ့ခြင်းကလည်းပါလေသည်။

သားကိုပင် သန္ဓေမတည်ခင်က နောင်လတ်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဇနီးဖြစ်သူ နုနုလတ်က 'သူ့လေးလေးနောင် ဝင်စားတာ ထင်ပါရဲ့ အစ်ကိုရယ် နုတော့ သားနောင်ရေး သူ့လေးလေးလိုဖြစ်မှာကို စိုးရိမ်တယ်'ဟု ဇနီးဖြစ်သူ၏ အစွဲအလန်းကို သူဖျောက်ဖျက်ခဲ့သည်။

ဇနီး ကွယ်လွန်တော့ သား၏ တာဝန်ကို သူ ပိုယူခဲ့သည်။ အဖေနေရာကော အမေနေရာကောပါ ယူခဲ့သဖြင့် သားသည် ယခုလိုအောင်မြင်မှုရခဲ့ပြီ။

သူရစေချင်သော ကဏ္ဍ၏အောင်မြင်မှုမဟုတ် သူ





ဘာလုပ်ရမည်နည်း။

ဘုရားရှိပ်ကိုခိုရင်း သူမှန်ကန်သောဆုံးဖြတ်ချက်တစ်ခုကို ရှာဖွေနေလေသည်။

သား၏အနာဂတ် သား၏ဘဝ သား၏စိတ်ချမ်းသာမှုအတွက် ဇနီးကောင်းတစ်ယောက်၏လက်ထဲသို့ သူလက်ဆင့်ကမ်းထည့်ပေးရမည်။

သွန်းနုံ့သာခင်ပေါ်၌ သား၏အနာဂတ် တည်နေပြီလား။

သွန်းနုံ့သာခင်သည် သားအတွက် ဘဝအဖော်မွန်ကောင်း ပါရမီဖြည့်ဖက်ဖြစ်နိုင်ပါ့မလား။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၆)

သွန်းနှံ့သာခင် ဟန်ဆောင်ခြင်းမဟုတ်၊ ကြေကွဲစွာပင် ချစ်သူ့ရင်ခွင်မျက်နှာအပ်ကာ ငိုကြွေးမိလေသည်။

'မောင် မောင့်ကို တို့တကယ်ချစ်တာပါ တစ်ခါတစ်ရံ အောင်မြင်မှုဟာ အရေးအကြီးဆုံးလို့ ထင်ထားခဲ့တဲ့တို့ဟာ မောင်နဲ့ အောင်မြင်မှု တစ်ခုခုကိုရွေးပါဆိုရင်တောင် မောင့်ကိုရွေးမိမှာပဲ တို့လေ မောင့်ကိုမခွဲနိုင်ဘူးကွယ်'

ပြောပြောဆိုဆို ချစ်သူရင်ပတ်ကြီး ရွဲရွဲစိုသွားသည်အထိ အားပါးတရပင် ငိုချလိုက်သည်။

အံ့ဖွယ်အောင်မြင်က ချစ်သူကိုအတန်ကြာငေးသွားပွေ့ကာ အငိုတိတ်စေရန်ကြောပြင်ကိုပွတ်သပ်ချော့ရင်းက ကြာ



www.burmeseclassic.com

www.burmeseclassic.com



လာတော့. .

'ဟား မျက်ရည်တွေကလည်း ကုန်မကုန်နိုင်ဘူး ရှပ်ရှင်ရိုက်ရင်လည်းထွက် ခုလည်းထွက်နဲ့ သာသာ့တစ်ကိုယ်လုံး မျှက်ရည်တွေနဲ့ဖွဲ့စည်းထားတာလားကွာ'

ဟု ကျီစားကာ ချော့လိုက်သည်။

'မောင်က ယောကျ်ားကို အသည်းမာမှာပေါ့'

'မမာပါဘူး သာသာနဲ့တွေ့မှ မောင့်အသည်းလည်း အရည်ပျော်သွားခဲ့တာပဲ'

'တို့ဘာဆက်လုပ်ရမလဲ မောင့်အဖေ သဘောတူနိုင်ပါ့မလား'

'တူအောင် ကြိုးစားရမှာပေါ့ မောင့်စိတ်ထင်တော့ ဖေဖေက မောင့်ကို သိပ်ချစ်တာ မောင်ငိုပြလိုက်ရင် ရမယ်ထင်တယ် ဒါပေမယ့် မောင် ငိုမပြရက်ဘူးကွာ'

သွန်းနုံ့သာခင် ချစ်သူရင်ခွင်မှခွာကာ မျက်နှာကိုစေ့စေ့ကြည့်ကာ အဖြေရှာလိုက်သည်။

'ဖေဖေဟာ မောင့်အတွက် သူ ရင်အနာခံပြီး ခေါင်းညိတ်လိုက်ရင် ဖေဖေသိပ်ခံစားသွားရမှာကိုလည်း မောင်စိုးရိမ်တယ်'





သွန်းနုံ့သာခင် သက်ပြင်းချလိုက်လေသည်။ သူချစ်သူသည် တစ်ဦးတည်းသော သား။ အဖေတစ်ခု သားတစ်ခု ဖြစ်သည်။ ဒါကိုတော့ သူ့ရင်ထဲထည့်ထားရမည်။

'ကိုင်း ဘာမှ မတွေးပါနဲ့ဦး မောင် တို့ရှုတင်ရှိတယ် သွားတော့မယ်'

'ဘယ်လဲ မောင်အားတယ် လိုက်ခဲ့မယ်'

'ဖြစ်ပါ့မလား. . မင်းသမီးကို လူဆိုးတွေဖမ်းသွားပြီး မင်းသားက လာကယ်မှာနော် မင်းသား ဒဏ်ရာရလို့ မင်းသမီးဖက်ငိုရမှာ မောင်မနာလိုဖြစ်ဦးမှာလား'

သွန်းနုံ့သာခင်က ပြုံးစစလေးနှင့်မေးလိုက်သည်ကို အံ့ဖွယ်အောင်မြင်က သူ့ထုံးစံအတိုင်း နှုတ်ခမ်းတွန့်ရုံ ပြုံးကာ. .

'မင်းသမီးကို မင်းသမီးအနေနဲ့ပဲ ကြည့်မှာပါ. . သာသာ့အနေနဲ့ မကြည့်ပါဘူးကွာ'

'ဒါဖြင့် လိုက်ခဲ့လေ အိမ်သားတစ်ယောက်ယောက်ကိုလည်း မှာခဲ့ဦး မောင့်အဖေ စိတ်ပူနေဦးမယ်'

'ဒီလောက်သိတတ်လိမ္မာတဲ့ချွေးမလောင်းကို ဖေဖေ မရွေးရင် ဘယ်သူ့ကိုသွားရွေးမှာလဲ'

www.burmeseclassic.com



အုံ့ဖွယ်အောင်မြင်က ချစ်သူပခုန်းကိုဖက်တွဲကာ အိမ်ထဲမှထွက်ခဲ့လေသည်။

သူ့ရင်ထဲမှာတော့ သွန်းနုံ့သာခင်ကိုသာ လက်ထပ်ယူရန် ဆုံးဖြတ်ထားပြီးဖြစ်လေသည်။ အစက အချစ်ဆိုတာကို တိတိကျကျနားမလည်။

အနေနီးစပ်ခြင်းကြောင့်လားဟု ထင်ထားခဲ့သည်။

နောက်ကားတွေ၌ အပျိုချောချော တက်သစ်စ မော်ဒယ်လ်လေးများနှင့်တွဲဖက်ကာ သရုပ်ဆောင်ရသော်လည်း သူ စိတ်လှုပ်ရှားမှုမရှိချေ။

သွန်းနုံ့သာခင်ကိုသာ သတိရစိတ် လွမ်းစိတ်များဖြစ်ပေါ်လာမှ ဝေးတသက်သက်ဟူသောအဓိပ္ပာယ်ကို နားလည်လာသည်။ သွန်းနုံ့သာခင် တစ်ဦးတည်းဆို မသိသာသော်လည်း အခြားယှဉ်ပြိုင်စရာ အနေအထားရှိလာမှ အချစ်ကို နားလည်လာသည်။

သွန်းနုံ့သာခင်ကို သူ့ဘဝသက်ဆုံးတိုင်အတွက် ရည်ရွယ်ခြင်းဖြစ်သလို လေးစားသောစိတ် ပါဝင်နေသည်။ သာသာသည် အနုပညာကို တကယ်ဝါသနာပါ စိတ်ဝင်စားကာ အမြဲကြိုးစားအားထုတ်နေသူ ဖြစ်သည်။ ပြီးပြီးရော ဆိုကာ





အသက်မွေးဝမ်းကျောင်းတစ်ရပ်အနေနှင့် သရုပ်ဆောင်ခြင်းမဟုတ်ကြောင်း တွေ့ရှိရသည်။ သူနှင့်တွဲဖက်သရုပ်ဆောင်ရသူတို့၏လိုအပ်ချက်ကို မြင်လျှင်မြင်သလို ပြုပြင်ပေးတတ်သည်။ လက်တွဲခေါ် ဆောင်တတ်သည်။ တစ်ခါတစ်ရံ ချစ်ခြင်းသည် လေးစားမြတ်နိုးခြင်းက ပေါက်ဖွားလာတတ်သည် ထင်ပါသည်။ အုံ့ဖွယ်အောင်မြင် ကိုယ်တိုင် ကားမောင်းပြီး ချစ်သူကို ဘေးမှာထားစီးရသောအရသာကို သူသဘောကျလာတတ်လေပြီ။

'မောင် ဘာပြုံးတာလဲ'

'ဩော် မောင်မင်းသားမလုပ်ဘဲ မင်းသမီးယောကျ်ားပဲ လုပ်ပြီး သာသာ့ကို ခုလို ကြိုပို့လုပ်နေရရင်ကောင်းမလားလို့'

'မောင်ရယ် ပေါက်ပေါက်ရှာရှာမတွေးပါနဲ့. . မောင့်အရည်အသွေးတွေကို မင်းသမီးယောကျ်ားဆိုတာလောက်နဲ့ပဲ ကျေနပ်တော့မှာလား'

'မောင်ကနောက်တာပါ မောင်က မင်းသား နောက်မောင်ကိုယ်တိုင်ပရိုဂျူဆာလုပ်တော့မယ် အောင်ကမြင်ကားတွေရဲ့ပင်တိုင်မင်းသမီးချောက သွန်းနုံ့သာခင်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မရဘူးမောင်.. သွန်းနုံ့သာခင်ဟာ အောင်ကုမ္ပဏီ ပိုင်ပစ္စည်းမဟုတ်ဘူး ပြည်သူနဲ့ဆိုင်တဲ့ အနုပညာထုတ်ကုန် ပစ္စည်းလို့ မှတ်ယူထားပါ'

'မောင်နဲ့လက်ထပ်ပြီးရင်ကော'

'မောင်ပိုင်တယ် ဒါပေမယ့် ပြည်သူနဲ့ဆိုင်တယ်လေ ဟင်း ဟင်း ဒါပေမယ့် မောင့်အတွက် ကျွန်မအချိန်တွေပေး မှာပါ ကျွန်မရဲ့ကိုယ်ပိုင်အချိန်ဟူသမျှတို့ဟာ မောင့်အတွက် ပဲပေါ့'

'ဖေဖေတွေးတဲ့အထဲမှာ ဒါတွေလည်း ပါမှာပေါ့နော် သူ့သားအတွက် ရုပ်ရှင်မင်းသမီးဟာ အချိန်ပေးနိုင်ပါ့မလား အိမ်ရှင်မကောင်းကော ဖြစ်ပါ့မလား မိခင်ကောင်းအနေနဲ့ ကော သားသမီးတွေ ယူပါ့မလား သားသမီးတွေအတွက် ကော အချိန်ပေးပါ့မလားဆိုတာတွေကအစ တွေးလိမ့်မယ်'

'ဟုတ်ပါတယ် မောင် တို့လည်း တွေးပါတယ် တို့ အချိန်ပေးမှာပါ တို့ မောင့်ကိုသိပ်ချစ်တယ် တို့ရဲ့အလုပ်ကို တစ်ဝက်လျှော့ပြီး မောင့်အတွက် မောင်နဲ့တို့မိသားစုအတွက် အချိန်ပေးဖို့ ဆုံးဖြတ်ပြီးသားပါ ဒါ မောင့်ကိုရယူလိုမှုနဲ့ တို့ ဘက်က လိုက်လျောပြီး လျှော့ပြောနေတာ မဟုတ်ဘူးနော်





တို့ရင်ထဲက စကားအစစ်အမှန်ပါ မောင်'

သွန်းနုံ့သာခင် ဘာပြောပြော ယုံကြည်နေသည်က အံ့ဖွယ်အောင်မြင်၏အချစ်ပင်ဖြစ်လေသည်။

'ယုံပါတယ် သာသာ မောင်လည်း သာသာနဲ့ အတူ နေချင်ပါပြီ ဖေဖေ့ကို မောင်ပြောပြပါ့မယ် ရှင်းလည်း ရှင်းပြ မယ် မောင့်ကြောင့် သာသာရဲ့ဘဝမှာအမည်းစက်မစွန်းထေး စေရပါဘူး'

သွန်းနုံ့သာခင် အံ့ဖွယ်အောင်မြင်ကို ယုံကြည်လေ သည်။ ယုံ၍လည်း ပုံအပ်ကာချစ်မိသည်။ ရယူပိုင်ဆိုင်ခြင်း ထက် ပေးဆပ်ခြင်းကပိုလေသည်။ သူတို့နှစ်ဦး၏အနာဂတ် သည် ဦးအောင်နိုင်၏အဆုံးအဖြတ်ပေါ်၌ တည်လေသည် ဟု သွန်းနုံ့သာခင်တွေးမိကာ ပင့်သက်ရှိုက်လိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၇)

အိမ်အိုအိမ်ဟောင်းကြီးတစ်ခုအတွင်းသို့ ရိုက်ကွင်းပြင်ဆင်ထားသည်။သစ်ဟောင်းတိုင်အဆွေးအမြေ့တို့ထောင်ထားသည်။ လှေကားပျက် တံခါးပျက်တို့က ရှိဆဲဖြစ်ရာ. . သွန်းနုံ့သာခင်က နှာခေါင်းရှုံ့လိုက်သည်။အံ့ဖွယ်အောင်မြင်ကကားကို သူ့အတွက်ပေါ်တီကိုအောက်၌ရပ်ပေးပြီးနောက် ရိုက်ကွင်းနှင့်လည်းလွတ်မည့် သစ်ပင်အရိပ်အောက်သွားထိုးရပ်ပြီး ဆင်းလျှောက်လာသည်။

'မင်းသမီး လာလေ'

သွန်းနုံ့သာခင်က မိတ်ကပ်မာမီစော ခေါ်သံကို ဥပေက္ခာပြုထားပြီး အံ့ဖွယ်အောင်မြင်အားလှမ်းစောင့်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



'ဟင်' သွန်းနှံ့သာခင် စဉ်းစားချိန်မရလိုက် လှုပ်ရှားမှုတို့ကို ဦးနှောက်ကပင် မဆုံးဖြတ်လိုက်ရ. .

'မောင်'

သတိပေးအော်ဟစ်ပြီး ချစ်သူထံ တရှိန်ထိုးပြေးကာ တွန်းထုတ်လိုက်စဉ် 'အုံးကနဲ'မြည်ဟည်းသံနှင့်အတူ လေဟာနယ်ထဲသို့ လွင့်စင်ထွက်သွားလေတော့သည်။

'သာသာ'

အံ့ဖွယ်အောင်မြင်လဲနေရာမှ သစ်ပုံအောက်မှ သွန်းနှံ့သာခင်ကိုလှမ်းကြည့်ကာ မိုက်ကနဲဖြစ်သွားပြီး ပြန်လဲကျသွားလေသည်။ ရုပ်ရှင်ဝိုင်းတော်သားတို့ပြေးထွက်လာပြီး တံခါးပျက်သစ်လုံးဟောင်းများကိုဝိုင်းဝန်းဖယ်ရှားလိုက်သည်။ အံ့ဖွယ်အောင်မြင် ခေါင်းက တိုက်နံရံနှင့်ဆောင့်မိကာ ဒဏ်ရာရပြီးသွေးထွက်ကာမေ့လဲနေသည်။သွန်းနှံ့သာခင်ကတော့ ဒဏ်ရာကိုမမှုန်းဆနိုင်။ ဆေးရုံသို့ နှစ်ဦးစလုံး အမြန်ဆုံးတင်ပို့လိုက်ရလေတော့သည်။

■





## အခန်း(၂၈)

ဦးအောင်နိုင် အပြေးအလွှား အထူးကုဆေးခန်းသို့ ရောက်လာသည်။ သူ့သားနှင့် ထင်ရှားက အထူးကြပ်မတ်ဆောင်ရွေ့၍ ရပ်နေကြသည်။

'သား ဖိုးသား'

သား၏ခေါင်း၌ ပတ်တီးဖွေးဖွေးကိုမြင်လိုက်ရသည်နှင့် သူ့ရင်တွေတုန်ခါသွားသည်။ သားကို ငယ်စဉ်ကတည်းက မလဲမပြိုအောင် ခေါင်းမထိခိုက်စေရန် ကလေးထိန်းများကို ကြပ်ကြပ်မတ်မတ် ဂရုစိုက်ခိုင်းခဲ့သည်။ ယခုတော့ သူ့သား ခေါင်းမှာပတ်တီးအဖွေးသားနှင့် အကြောင်းရင်းအစစ်အမှန်ကို မသိရသေး ရင်ခုန်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ ထိုင်ပါဦး'

သားက သူ့နံဘေး၌ဝင်ထိုင်နိုင်စေရန် နေရာရွှေ့ပေးလိုက်သည်။

သားနေရာ၌ သူ ထိုင်လိုက်သောအခါ ထင်ရှားနှင့်သားကြားသို့ သူရောက်သွားသည်။

ထင်ရှားက. .

'လေးလေးသားအသက်ကို မင်းသမီးက ကယ်လိုက်တာ'

သူ့ရင်ထဲ ဘုရား တ,မိလေသည်။ သူ့'အိပ်မက်နန်းတော်'ကား၌ မင်းသား၏အသက်ကို မင်းသမီးက ကယ်ဖူးသည်ကို အမှတ်ရလိုက်မိသည်။ သားက အကျိုးအကြောင်းရှင်းပြသည့်အခါ သူ့ရင်ထဲ၌ ကျင်ကနဲဖြစ်မိလေသည်။

မင်းသမီးအချစ်ကို သူ ပေါ့သေးသေးထင်မှတ်၍မရတော့ပါလား။

'သူ့အခြေအနေကကော'

'အကောင်းထက် အဆိုးများနေတယ်ဖေဖေ သာသာဘယ်အခြေအနေပဲဖြစ်ဖြစ် သား သူ့ကိုလက်ထပ်ပါရစေတော့ဖေဖေ'





သားက ယတိပြတ်ဆုံးဖြတ်ချက်ကို ပြောလေသည်။

'အခြေအနေမှန်ကို မသိရသေးဘဲ အဆုံးစွန်အထိ မပြောပါနဲ့ဦးလား သား အိမ်ထောင်ပြုတယ်ဆိုတာ လွယ်လွယ်ကူကူနဲ့ ပြန်ပြင်လို့ရတဲ့ကိစ္စမဟုတ်ဘူး'

'သားဆုံးဖြတ်ပြီးပြီ ဒီတစ်ခါ ဖေဖေ့ဆုံးဖြတ်ချက်ကို သား မယူတော့ဘူး သားဆုံးဖြတ်ချက်အတိုင်း လုပ်ပါရစေ'

ထင်ရှားက သားအဖနှစ်ယောက်ကြား ဝင်မပြောချေ။ ဦးအောင်နိုင်က သားအကြောင်း သိနေသည်။ သူ လုပ်ချင်ရာကို ဇွတ်လုပ်တတ်သည်။ နောက်မဆုတ်တတ်။

'ရုပ်ပျက်ဆင်းပျက်ဖြစ်နေရင်ကောကွာ'

အလှအပကြိုက်သောသားကို စိတ်ပျက်စေရန်သွေးဆောင်ကြည့်သည်။

'ရုပ်အလှက ဒီလောက်တိုးတက်ခေတ်မီနေတဲ့ နည်းပညာတွေ ထွန်းကားနေတာပဲ အကြောင်းမဟုတ်ပါဘူး။ မူလမျက်နှာအတိုင်းပြန်လုပ်လို့ရပါတယ်။ ပြီးတော့ မျက်နှာမထိခိုက်ပါဘူး'

ထိုစဉ်. . ဒါရိုက်တာဦးတိုက်နှင့် ဒါရိုက်တာဦးမိုးယံ ရောက်လာသည့်အတွက် သူတို့ စကားမဆက်ဖြစ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာဦးမိုးယံရောက်လာခြင်းအတွက် သားဖြစ်သူ၏မျက်နှာ မသိမသာပျက်သွားလေသည်။ ဒါရိုက်တာဦးမိုးယံနှင့်မင်းသမီးသည် ဘာလိုလို သတင်းထွက်ခဲ့ဖူးသည်ကို ဦးအောင်နိုင် သတိရလိုက်မိသည်။

ဒီအတွက် သားသည် သဝန်တိုခြင်းဖြစ်ပေမည်။

သား ထောင့်ငါးရာအချစ်ကို အလေးအနက်ထားကာ ချစ်တတ်နေပြီကော။ သား လူကြီးဆန်လာပြီ။ အလုပ်ကိုလည်း ကြိုးစားတတ်လာပြီ။

သူ သားအတွက် သားချစ်သူ အခြေအနေမဆိုးရွားဖို့ကိုသာ ဆုတောင်းပေးနိုင်ရုံမှအပ ဘာမှမပြောလိုတော့ပေ။

'ဘယ်နှယ့်လဲ ဦးအောင်နိုင် ခင်ဗျားသားနောင်ရေးအတွက် စိတ်အေးရပြီလား'

'သူ တာဝန်ကို နားလည်သွားပြီဆိုရင်တော့ စိတ်အေးရပြီပေါ့ဗျာ'

'အေးဗျာ ခင်ဗျားနဲ့ကျွန်တော် လောင်းကြေး မလုပ်မိတာ မှားတာပဲ။ ခင်ဗျားသား မင်းသားဖြစ် မဖြစ် ဆိုတာ လောင်းကြေးလုပ်ခဲ့ဖို့ကောင်းတာဗျ'

'ဖြစ်မှာ မဟုတ်ဘူး ကျုပ်သားက ဘာလုပ်လုပ် ဖြစ်အောင်လုပ်တယ်ဆိုတာ ကျုပ်သိတော့ တစ်ဖက်တည်းရှိတဲ့ပွဲဖြစ်မှာမို့လို့ ကျုပ်က စိန်မခေါ်တာပါဗျာ။ သူက အဖေတူသားပေပဲ'

ဦးအောင်နိုင်က ရယ်သွမ်းသွေးကာပြောလိုက်လေသည်။ ဦးတိုက်နှင့် ဦးအောင်နိုင် စကားဝိုင်းသို့ ကျန်လူများက မငြိမ်သက်ချေ။ ဒါရိုက်တာဦးမိုးယံငြိမ်သက်ကာ သူ့မျက်နှာတွင် စိုးရိမ်ရိပ်များသန်းနေခြင်းကို ဦးအောင်နိုင် ကြည့်မရဖြစ်သွားသကဲ့သို့ သားကလည်း ဖြစ်နေဟန်တူသည်။ ဦးမိုးယံကို ကျောခိုင်းထားသည်။

ဦးအောင်နိုင်စဉ်းစားလိုက်သည်။ သားကအဖေထက်လက်စောင်းထက်ရမည်မှန်သော်လည်း အဖေက အဖေပဲဖြစ်ရမည်။ သားသမီးအတွက်ဆိုလျှင် အမြဲတမ်းပေးဆပ်ချင်သူ၊ ရှေ့က ရပ်တည်ချင်သူဖြစ်သည်။

'ဦးတိုက် ခင်ဗျားအတွက် ကျုပ် သတင်းကောင်းပေးချင်တယ်။ ဒါကလည်း ခင်ဗျားဟာ ကျုပ်သားရဲ့လက်ဦးဆရာဖြစ်နေလို့ပဲ။ ဒါကြောင့် သတင်းဦးသတင်းဖျားကို ခင်ဗျားကို အရင်ဆုံးပေးမယ်'

ဦးတိုက်မျက်ဝန်းက ဝိုင်းစက်လာသည်။







www.burmeseclassic.com

www.burmeseclassic.com



'ဘာသတင်းများပါလိမ့် ဘော့စ်ရာ'

'အဲဒါကတော့ ကျုပ်သားအတွက်ဆို အသက်ပေးချစ်ရဲတဲ့ မင်းသမီးသွန်းနှင့်သာခင်ရဲ့လက်ထဲ ကျုပ်သားဘဝကို'ဝ' ကွက်အပ်လွှဲပြောင်းပေးဖို့ ကျုပ်သဘောတူလိုက်ပြီဆိုတာပဲ'

'ဗျာ'

'ဟာ ဖေဖေ'

သားကထကာ သူ့ကိုဖက်လိုက်သောအခါ ဦးအောင်နိုင် သားဖြစ်သူကို တုန့်ပြန်ဖက်ထားလိုက်သည်။

ဦးအောင်နိုင်၏မျက်ဝန်းဝယ် မျက်ရည်များရစ်ဝဲလာသည်ကိုတော့ သားဖြစ်သူ မတွေ့နိုင်ပါချေ။

မိဘတိုင်းသည် သားသမီးများကို မည်သည့်အရွယ်ဖြစ်ပါစေ ကလေးဟုသာမြင်ပြီး သူတို့ရင်ခွင်၌ ထားချင်ကြသည်မှာ နူးညံ့သောနှလုံးသား၏ထောင့်တစ်နေရာမှလိုလားချက်တစ်ခု ဖြစ်လေသည်။ သို့သော် ဖြစ်သင့်တာ လုပ်သင့်တာကိုတော့ လုပ်ပေးရပေမည်။

ဒါ သားအ၏ရွှေ့ရေးပင် . . . . .





## အခန်း(၂၉)

သွန်းနှင့်သာခင် ခြောက်လှန့်ခြင်းခံနေရသောအိပ်မက်ဆိုးကြီးအတွင်းမှ လွတ်မြောက်လာလေပြီ။

အသားအချို့ အတွင်းကြေခြင်း၊ ညာလက်ဖျံရိုးနှင့်ဘယ်ဘက်ပေါင်ရိုးအက်သွားခြင်း၊ ဒူးဆစ်လွဲခြင်း၊ နံရိုးအက်ခြင်းမှလွဲ၍ အခြားစိုးရိမ်ရသောဒဏ်ရာ မရှိတော့ချေ။

ထိုဒဏ်ရာများသည် ကျောက်ပတ်တီးစီးကာ အနားယူ အချိန်ပေး ကုသလိုက်ပါက လုံးဝ ပျောက်ကင်းသွားနိုင်သည်။

သွန်းနှင့်သာခင်၏ အလုပ်ကို အနည်းဆုံး တစ်လခန့်တော့ အနားပေးရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါသေးရဲ့မောင်ရယ် ကျွန်မက ကျွန်မအလုပ်တို့ စွန့်ရတဲ့အထိ ဒဏ်ရာများ ရသွားမလားလို့'

အိပ်ယာထဲက လူက ပြုံးပြုံးရွှင်ရွှင်နှင့် အားပေးကာ ပြောလိုက်တော့မှ အုံ့ဖွယ်အောင်မြင် ပြုံးလာနိုင်သည်။

'မောင်သိပ်စိုးရိမ်နေတာ မောင့်ကြောင့် သာသာဘာမှ မဖြစ်ပါစေနဲ့လို့ တစ်ခုခု ဖြစ်သွားခဲ့ရင် မောင့်ကိုယ်မောင် ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး'

အုံ့ဖွယ်အောင်မြင်က သွန်းနုံ့သာခင်၏ လက်ဖျားလေးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ တစ်ဆက်တည်း

'အဆိုးထဲက အမြတ်တစ်ခုတော့ရလိုက်ပြီ သာသာ'

'ဘာလဲဟင် မောင်'

'ဖေဖေက သာသာနဲ့ မောင့်ကို သဘောတူလိုက်ပြီ သာသာနေကောင်းသွားတာနဲ့ အခမ်းနားဆုံးစေ့စပ်ပွဲနဲ့လက်ထပ်ပွဲကို အမြန်ဆုံးကျင်းပပေးမယ်တဲ့'

သွန်းနုံ့သာခင်သည် ဝမ်းသာလွန်းသဖြင့် ပြုံးကာ မျက်ရည်များလည်လာသည်။

'မောင်ရယ် တို့ရဲ့ဆုတောင်းပြည့်ဝသွားပြီပေါ့နော်'





'သာသာက မောင်နဲ့ အမြန်ဆုံးလက်ထပ်ရပါစေလို့ ဆုတောင်းခဲ့တာလား'

'မဟုတ်ဘူး ဒီထက်လေးနက်တယ်။ တို့က သစ္စာဆိုခဲ့တာ။ တို့ရင်ထဲ တို့ဘဝမှာ ယခင် ရည်းစားများဟာ စိတ်ကစားခြင်း အတတ်ဆန်းခြင်းကြောင့် ထားခဲ့မိခြင်းပါ။ မောင့်ကိုတော့ တို့နှလုံးသားက နက်ရှိုင်းသောအချစ် အသက်ပေးဖို့ ဝန်မလေးတဲ့ချစ်ခြင်းနဲ့ချစ်မိတာပါ။ ဤမှန်ကန်တဲ့ သစ္စာစကားကြောင့် မောင်နဲ့တို့ကို နှစ်ဘက်မိဘ သဘောတူညီပြီး အမြန်ဆုံးလက်ထပ်ပေးပါစေလို့လေ'

အုံ့ဖွယ်အောင်မြင်က ချစ်သူလက်ဖျားလေးကို ယူကာ သူ့ပါးပြင်နှင့် ပွတ်သပ်ရင်း

'သာသာ့အချစ်ကို. . . မောင် ကြက်သီးထလောက်အောင် အံ့ဩယုံကြည်ပါတယ်။ မောင် သာသာ အလုပ်ကိုလည်း နားလည်နိုင်ပါတယ်။ အနုပညာလောကမှာ မောင်တို့နှစ်ယောက် တက်ညီလက်ညီကြိုးစားကြမယ်။ ဒါပေမယ့် သားသမီး ရလာရင် သားသမီးအတွက် ဖခင်ကောင်းမိခင်ကောင်းတွေဖြစ်ဖို့ ကြိုးစားရလိမ့်မယ် သာသာ'

'အဲဒီအခါ. . တို့ဘဝက ဦးစားပေးဟာ လင်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



သားသမီးဆိုတာ အတွက်လည်း ဖြစ်လာရမှာပါ'

တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်မြတ်နိုးမှုနှင့်ကြည့်နေစဉ် ပူစူးက ရှေ့တော်ပြေးဝင်လာပြီး သတင်းပို့သည်။

'ဧည့်သည်တွေလာတယ် မမကြီး'

အုံ့ဖွယ်အောင်မြင်က သွန်းနုံ့သာခင်လက်ကလေးကို မလွှတ်ချင်လွှတ်ချင် လွှတ်လိုက်သည်။

နောက် တံခါးဝဆီသို့ လှမ်းကြည့်လိုက်သည်။

'ဟင်'

သွန်းနုံ့သာခင်ရင်ထဲ အံ့အားသင့်ကာ ဝမ်းသာသွားလေသည်။

သူ့ဖခင် ဦးအောင်နိုင်နှင့် ဤ အထူးကုဆေးခန်း၌ပင် ဆေးရုံတက်လျက် ရှိသော သွန်းနုံ့သာခင်၏ ဖခင်ဖြစ်သည့် ဦးမျိုးဝဏ္ဏတို့ ရှေ့ဆင့်နောက်ဆင့်ဝင်ရောက်လာသောကြောင့် ဖြစ်သည်။

နောက်ဆုံးမှ ဒေါ်နန်းညိုဝင်လာသည်။

အခြေအနေအရပ်ရပ်ကို သိထားသော သွန်းနုံ့သာခင်နှင့်အုံ့ဖွယ်အောင်မြင်တို့က လူကြီးများ၏မျက်နှာပြင်ပေါ်မှအရေးအကြောင်းများကိုအကဲခတ်လိုက်ပြီးနောက် ရင်ထဲ၌ အပျော်နတ်သားတို့ ကခုန်မြူးတူးနေလေတော့သည်။





'အဘ'

အားလုံးထက် ပိုပြီး ဝမ်းသာဝမ်းနည်း ဖြစ်ရသည်မှာ သွန်းနုံ့သာခင် ဖြစ်သည်။

သူ့ကို အဘက စကားမပြောဘဲ နေခဲ့သည်မှာ. . နှစ်ပေါင်း ဆယ်နှစ်နီးပါး ရှိခဲ့ပြီ။

ယခုလို. . သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်ဆိုတော့ မင်္ဂလာရှိသောနေ့တစ်နေ့အဖြစ် သူပျော်လွန်းသဖြင့် မျက်ရည်များပင်လည်လာသည်။

အိပ်ယာပေါ် ပက်လက်အနေအထားက စိတ်တိုင်းကျလှုပ်ရှားခွင့် မရသေးသဖြင့် ဖခင်ဖြစ်သူကို သူ လက်အုပ်ချီကာ တောင်းပန်လိုက်သည်။

'ကျွန်မကို ခွင့်လွှတ်ပြီနော် အဘ'

ဖခင်ဦးမျိုးဝဏ္ဏက ပြုံးကာ

'အေး နေကောင်းလာအောင်သာ ဂရုစိုက်နေ'

'ဟုတ် ဟုတ်ကဲ့ အဘ'

အုံ့ဖွယ်အောင်မြင်အတွက် မင်းသမီးသွန်းနုံ့သာခင်သည် အမြဲတစေ စိတ်ဝင်စားစရာကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးယူသောအမှုအယာများမဟုတ် ပင်ကိုယ်ဟန်ပန်များဟုသာ မြင်နေသည်။

'ကျွန်တော့်သားနဲ့ ခင်ဗျားသမီးဟာ သာမန်လူတွေ မဟုတ်ကြဘူး။ သူတို့မင်္ဂလာပွဲကို အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးရမယ်။ ဒါ ကျွန်တော့်တာဝန်သာ ထားပါ'

'ဘယ်ဟုတ်မလဲ ဦးအောင်နိုင် ကျွန်တော်တို့သမီးအတွက် ကျွန်တော်တို့မှာလည်း မိဘတို့တာဝန် ရှိပါတယ်။ ခင်ဗျားတစ်ယောက်တည်း တာဝန်ယူချင်လို့ မရဘူးလေ'

'ထားပါတော့ဗျာ။ ခင်ဗျားတို့ရဲ့ဆန္ဒကို ယူပြီး တိုင်တိုင်ပင်ပင်ပေါ့ဗျာ'

လူကြီးမိဘများစကားဝိုင်းကို သွန်းနံ့သာခင်တို့နှစ်ယောက်ဝင်မပါ။

တစ်ယောက်မျက်နှာ တစ်ယောက် ခိုးကြည့်ကာ အကြည့်ချင်းဆုံသွားချိန်၌ ကျေနပ်သော ပီတိအပြုံးလေး ကိုယ်စီပြုံးပြလိုက်သည်။

မကြာခင် မီဒီယာများက ကလောင်အစွမ်းမျိုးစုံဖြင့် ရွှေမင်းသမီးတို့ပိုင်လိုက်ပုံက လူချမ်းသာဒိတ်ဒိတ်ကျဲစာရင်းဝင် 'အောင်'ကုမ္ပဏီပိုင်ရှင်၏တစ်ဦးတည်းသောအမွေဆက်





ခံသား တက်သစ်စမင်းသားလေးအား ညှို့ငင် ဖမ်းစားလိုက်နိုင်ခြင်းဟုသာ ကာလိလိုက်ပါလျှင်. . .

သွန်းနံ့သာခင်တွေးရင်း ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

မောင်သည် ပတ်ဝန်းကျင်စကားများကို ပန်းစကားအဖြစ်သဘောထားကာ ခံယူနိုင်လောက်အောင် ရင့်ကျက်ပါ့မလား။

မည်သို့ဆိုစေကာမူ. . သွန်းနံ့သာခင် မောင့်ကို ချစ်သောချစ်ခြင်း၏သစ္စာကြောင့် မောင့်ကို အမြဲထာဝရပိုင်ဆိုင်ခွင့်ရနေမည်ဟုသာ ယုံကြည်ရင်း. .

ဆေးအရှိန်နှင့် ဒဏ်ရာဒဏ်ချက်တို့၏နာကျင်လာမှုဝေဒနာကြောင့် မျက်တောင်လေး စင်းကျသွားလေတော့သည်။

ဤကဲ့သို့ သွန်းနံ့သာခင် မျက်ခွံတံခါးလေးပိတ်ကာသွားခြင်းကိုပင် စိုးထိတ်သွားသူက အံ့ဖွယ်အောင်မြင် ဖြစ်သည်။ အိပ်ပျော်သွားတာမှဟုတ်ရဲ့လား။ ပြန်လည်နိုးလာပါ့မလားဟူသောသံသယလေးဖြင့် စိုးရိမ်မကင်းကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင်က သားဖြစ်သူကိုကြည့်ကာ ကြိတ်ပြုံး ပြုံးမိလေသည်။

ထို့အတူ ဦးမျိုးဝဏ္ဏနှင့်ဒေါ်နန်းညိုတို့ရင်ထဲ၌လည်း သူတို့သမီးက အသက်ပေးလောက်အောင်ချစ်သော ချစ်သူကလည်း သူ့သမီးအပေါ်ပြန်လည်တုန့်ပြန်နိုင်စေရန်သာ ဆုတောင်းမိလိုက်လေတော့သည်။

ချစ်ခြင်း၏ ကြမ္မာသည် ဖန်တီး ယူလို့ ရသည့်တိုင်အောင် နှလုံးသားကိုတော့ လိမ်ညာ၍ မရနိုင်ပါ။ အံ့ဖွယ်အောင်မြင် သွန်းနဲ့သာခင်၏အချစ်ကို အကြွင်းမဲ့ ယုံကြည်သွားသည်နှင့်အမျှ သူ့ဘက်ကလည်း . . .

မြပုလဲခင်



www.burmeseclassic.com